www.burmeseclassic.com

# ကြည်နူခေတ်

ပင်လယ်ကြီးကို သက်သေတည်



BURMESE CLASSIC .com

( အချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com

ကြည်နုခေတ်

BURMESE CLASSIC .com

# ပင်လယ်ကြီးကို သက်သေတည်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

BURMESE CLASSIC .com

"ကဲ . . . ကဲ . . . ကန်တော့ပြီးရင်လည်း သွားရအောင်။ အထုပ်တွေတင်ပြီးပြီလား မသင်းကြိုင်။ ကျွန်မတို့သွားမယ်။ လာ . . . မမစိုး"

ဒေါ်ပုက သူ့ရဲ့ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်နှင့် မလိုက်ဖွာ ဖျတ်လတ်ပေါ့ပါးလျက် မြို့က သူဌေးကတော် အမျိုးသမီးကြီးလက်ကိုဆွဲကာ ရှေ့မှထွက်၏။

မိနိုင်ကတော့ ဒေါ်လေးကို ဦးသုံးကြိမ်ချပြီး ခေါင်းအမော့မှာ ခေါင်းရင်းထရံက ပလက်စတစ်တွေ ကွာစပြုနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဓာတ်ပုံလေးဆီ မျက်လုံးရောက်သွားတာမို့ ဒူးထောက်လျက်ကပဲ လှမ်းပြီး ဖြုတ်ယူလိုက်သည်။ ထို့နောက် ရေဖန်ခွက်ဗန်း ကြမ်းအိုးပေါ်ခေါက်တင်ထားသည့် လက်သုတ်ပဝါကလေးနှင့် ဖုန်တွေ၊ အမှုန်တွေကို ပွတ်ခါလိုက်ပြီး ဖစ်ပျက်ပြီး ပိတ်မရတော့သည့် သားရေအိတ်ထဲ ထိုးထည့်လိုက်၏။

ပြီးတော့ ဘာကျန်စရာရှိသေးပါလိမ့်ဆိုပြီး အိမ်ထဲတစ်ချက်ဝှေ့ကြည့်မိသည်။ အပေါက်များများ အကွက်ကျဲကျဲ ထရံပေါ်က မင်းသား၊ မင်းသမီး ပြက္ခဒိန်စုတ်တွေသာ ရှိတော့၏။

ထားတော့။ ဒါတွေက မက်လောက်စရာမရှိ။ အိမ်ခန်းထဲက သံသေတ္တာစုတ်ထဲမှာလည်း ယူစရာ ဘာမှမကျန်။ ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးတွေ ယူဖို့လုပ်တော့ ဒေါ်ပုက "ဟိုမှာရှိတယ် ထားခဲ့" တဲ့။ အဝတ်အစားရယ်၊ ခုနထည့်လိုက်တဲ့ ကိုလတ် ဓာတ်ပုံရယ်၊ အဖေ့မှတ်ပုံတင်ကလေးရယ်၊ သည်မှာတွင် မိနိုင် မက်မောရမည့် ပစ္စည်းပစ္စယက စုံသလောက်ရှိပြီ။

ရွှေပေသော



ပေဟာ . . . တစ်ခုကျန်နေပါပကော။

မိနိုင်က ကပျာကယာကုန်းထပြီး ဘုရားစင်ပေါ်မှာ တင်ထားတဲ့ စက္ကူဘူးကလေးကို သွားယူလိုက်သည်။

ကိုလတ်ကိုယ်တိုင် သီပေးထားသည့် ခရုပုတီးကလေး။ ပြီးတော့ ကမာခွံပေါ်မှာ ထောက်စူးချွန်နဲ့ ခြစ်ရေးထားတဲ့ အမှတ်တရစာတန်းကလေး။

"ဘယ်တော့မှ မမေ့ဘူး" တဲ့။

ဒါ မိနိုင်ရဲ့အသည်းအသက်မို့ ချန်ခဲ့လို့မဖြစ်။

"မိနိုင်အရ မြန်မြန်လုပ်တော့။ ကားက နှစ်နာရီသုံးနာရီ မောင်းရမှာဟဲ့။ တော်ရုံဟာတွေ ထားခဲ့။ ညည်းယူစရာ အစုတ်ပဲရှိတဲ့ဟာ။ ဒီမှာ မမစိုး အားနာစရာ"

ဒေါ်ပုက ကားပြတင်းကနေ ခေါင်းပြူပြီးလှမ်းအော်တာမို့ မိနိုင် မက်မောစွဲလမ်းသမျှလေးတွေ သားရေအိတ်စုတ်ထဲ စုပြုံထည့်ပြီး အိမ်လေးထဲက ခေါင်းငုံ့ထွက်လိုက်သည်။

တံစက်မြိတ် အပြင်ရောက်မှ ခါးကိုင်းရင်း . . .

ရွှေပေသော

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး . . . သမီး သွားပြီနော်"

လို့ နှုတ်ဆက်တော့ ဒေါ်လေးက ဒေါ်ပုပေးခဲ့သည့် ငွေစက္ကူတွေကိုရေရင်း အေး ဟု တစ်ခွန်းသာ ပြောသည်။

ဒေါ်လေးနှယ် အေးအေးဆေးဆေးမှ ရေလည်း ရတဲ့ဟာကို။ အကြာကြီးခွဲရမယ့် တူမကို ခေါင်းလေးတစ်ချက် မော်ကြည့်ဖော်မရ၊ လိမ်လိမ်မာမာနေနော်၊ ဘာညာ ဆိုတာတွေ ပြောဖို့ဝေလာဝေး။

ဒါပေမဲ့ မိနိုင် ဘာမှအထွန့်တက် အရစ်ရှည်ခွင့်မရ။ မြို့က တကူးတက လာခေါ်သည့် သူဌေးကားပေါ်ကိုပဲ ခပ်သုတ်သုတ်တက်ခဲ့ရသည်။

ကားလည်း စက်နှိုးရော ဘေးနား တဲအိမ်ကလေးတွေက ကလေး၊ လူကြီးတွေ လမ်းဘေးမှာ အတင်းတိုးဝှေ့စုပြုံလို့။ မိနိုင်ကို နှုတ်ဆက်ကြမလို့ပေါ့လေ။

ဘာမှတောင် အော်ဟစ်နှုတ်ဆက်ချိန်မရပါဘူး။

ကားကလည်း မြန်လိုက်သည့်ဖြစ်ခြင်း။ အိမ်နီးနားချင်းတွေကို ရိပ်ခနဲပဲမြင်လိုက်ရလို့ လက်ပြဖို့ ပြင်တုန်း သူဌေးမ





ကြီးက . . .

"ဖုန်တွေ အားကြီးပဲ။ မပု မှန်တင်ထား" ဆိုတာကြောင့် မိနိုင် အသာငြိမ်နေလိုက်ရသည်။

နောက်ကိုလှည့်ကြည့်တော့ မိနိုင်တို့ တဲစုလေးကို တထောင်းထောင်း ထကျန်ခဲ့တဲ့ ဖုန်လုံးကြီးကြားမှာ ခပ်ဝါးဝါးသာ မြင်ရတော့သည်။ အပြင်မှာ နေပူပေမယ့် မိနိုင် လိုက်ပါနေရတဲ့ ကားထဲမှာတော့ ချမ်းစိမ့်စိမ့်နဲ့ ငြိမ့်လို့ရယ်။

ငါးခြောက်တွေလှမ်းထားတဲ့ ဝါးတန်းတွေဘေးက ဖြတ်မောင်းပေမယ့် ကားထဲမှာတော့ မွှေးပျံ့ပျံ့ကလေး သင်းထုံနေသည်။

အင်း . . . ဒီလိုဆိုတော့လည်း ဒေါ်ပုကြီး စကား မှန်သားပဲလို့ မိနိုင် တွေးရင်း ပြုံးလိုက်မိသည်။ မိနိုင်ရဲ့ အပြုံးမျက်နှာက ကားရဲ့နောက်ကြည့်မှန်မှာတောင် သွားပေါ်နေသေးရဲ့။

ကြည့်စမ်း မျက်ခုံးပေါ်က သနပ်ခါးတွေ မခြစ်ခဲ့မိပါလား။



www.burmeseclassic.com

www.burmeseclassic.com



ပါးကွက်နှစ်ဖက်က ထူများနေသလား။

အပြာနုနုဝမ်းဆက် အပွင့်နုပ်ကလေးက ပြည့်တင်းဖောင်းအိနေတဲ့ မိနိုင် ခန္ဓာကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ် ကွက်တိကလေး လှပါပေရဲ့။ ဒါပေမဲ့ ကားရှေ့ခန်းမှာထိုင်နေတဲ့သူဌေးမကြီးရဲ့ ခရမ်းပုပ်ရောင် ပါတိတ်ဝမ်းဆက်လောက်တော့ မသားနားနိုင်ပေ။

အင်းလေ . . . သူ့ကိုယ်မှာက စိန်တွေ၊ ရွှေတွေ ညွတ်အိနေတာကိုး။ မိနိုင်မှာ အရောင်ထွက်တာဆိုလို့ ကျစ်ဆံမြီးနှစ်ဖက်ခွဲကျစ်ပြီး အဖျားမှာ ဖဲပွင့်ပေါ်အောင် ချည်လာတဲ့ ငွေရောင်ကြိုးကလေးသာပါသည်။

ကုသိုလ်ချင်းက ကွာပါ့နော်။

ဘာပဲဖြစ်ဖြစ် မိနိုင်လည်း ရွှေပင်နားပြီး ရွှေကျေးမလေးဖြစ်ရချည်ရဲ့။

ခုတော့ သူဌေးတွေစီးတဲ့ ဇိမ်ခံကားကို မိနိုင် စီးဖူးပြီးသွားပြီ။

"ဘာမှ မပူစမ်းပါနဲ့အေ . . . အိမ်အကူဆိုတာ ဘာမှ ပင်ပန်းတာ မဟုတ်ဘူး။ ဒီမှာလို ငါးခြောက်ခွဲ၊ ငါးပိသိပ်နံနံစော်စော် လုပ်ရတာလည်း မဟုတ်။ တိုက်ပေါ်မှာ ကျော့ကျော့လေးနေပြီး ထမင်းချက်၊ အဝတ်လျှော်ရုံပဲ။ တစ်နေ့ကုန် နေတစ်ပြောက်မထိုးဘူးဟဲ့။ ညည်းသာ လိမ္မာပစေ အဝတ်အစားလည်း ကောင်းကောင်းဆင်မှာ။ လိုက်ချင်တဲ့လူတွေပုံလို့။ ညည်းက အကျင့်စရိုက်လည်း ကောင်း၊ အတန်းပညာကလေးကလည်း ကိုးတန်း၊ ဆယ်တန်းအထိသင်ဖူးဆိုတော့ ပိုအဆင်ပြေလို့ခေါ်တာ။ လစာကလည်း လိုတာနဲ့ ကြိုထုတ်ပေးခဲ့ဦးမှာ။ လိုသလောက်တောင်း"





ဒေါ်ပုကြီးရဲ့စကားက ဒေါ်လေးနှင့် မိနိုင်ကို တောင်တောင်အီအီတွေ စဉ်းစားချိန်မရလောက်အောင် အားရကျေနပ်စေသည်။ ယခင်က ရေကျော်ရွာဟောင်းသူ တံငါမယား ဒေါ်ပုဟာ ခုတော့ ရွှေတွဲလွဲငွေတွဲလွဲနှင့် သူဌေးတွေလက်စွဲ အိမ်ဖော်ပွဲစား ဒေါ်ပု ဖြစ်နေပြီ။

မိနိုင်လည်း ဒေါ်ပုလို အရှင်မွေးတော့ နေချင်းကြီးဘဝရောက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝပေး ကုသိုလ်မကောင်းလို့ ပညာတတ်ကြီး မဖြစ်ခဲ့ရပေမယ့် ဝမ်းထဲက အသိလေးကြောင့် ဘဝရဲ့တိုးတက်ရာ တိုးတက်ကြောင်းကို လိုချင်သည့် မိနိုင်မှာ စိတ်ကူးယဉ်အိပ်မက်တော့ရှိသည်။

တံငါသည်၊ ငါးစိမ်းသည်ဘဝနဲ့ ဒီရွာ ဒီမြေမှာ အရိုးမထုတ်၊ ဇာတ်မမြှုပ်ချင်။ ကောက်ရိတ်၊ ပေါင်းသင်၊ မြက်နုတ်တောင်သူ အလုပ်ဇာရော ဘာများ ဟုတ်ဟုတ်ပြားပြား ရှိလို့တုန်း။

သည်တော့ လိုတရမီးခွက်စောင့်သရဲ တစ်ဖြစ်လဲသလို ဘွားခန်ရောက်လာသည့် ဒေါ်ပု စကားတွေကို ကျေနပ် ရင်ခုန်ပြီး မွေးရပ်မြေကို မိနိုင်ခြေစုံကန်တော့မည်။

ဘယ်တတ်နိုင်မလဲ။ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့။ မြို့မှာ အလုပ်လုပ်ရတော့မည်ဆိုတဲ့အသိက မိနိုင်ကို ညပေါင်းများစွာ အိပ်မပျော်အောင် ဖမ်းစားထားသည်။

စားရမဲ့၊ သောက်ရမဲ့၊ နိုကိုးရာမဲ့လို့ မဟုတ်ဘဲ နှောင်တွယ်စရာ သံယောဇဉ် မရှိတော့ကတည်းက မိနိုင်





ဒီရေ ဒီမြေကို စိတ်ကုန်ခဲ့သည်။

ပျော်အောင်နေလည်း ကိုလတ်မရှိတော့ကတည်းက နေလို့မပျော်တာမို့ ဘဝရဲ့တိုးတက်ရာလမ်းတစ်ခုကိုသာ ရှာရတော့မည်မှန်း အလိုလို နားလည်ခဲ့ရသည်။

တကယ်တော့ ဘာမှမက်မောတွယ်တာစရာ မရှိတဲ့ မိနိုင် ဘဝမှာ တစ်ချိန် အပေါ်များဆုံးက ချစ်ခြင်းမေတ္တာတွေ၊ ကြင်နာယုယ ဖေးမမှုတွေရယ်သာ။

ခုတော့ဖြင့် . . .

ဇာတိရပ်ရွာနဲ့ မိနိုင်တို့ မှီခိုရှာဖွေ စားသောက်ရတဲ့ ကျေးဇူးရှင်ပင်လယ်ကြီးသာ တိတ်ဆိတ် အထီးကျန်စွာရှိတော့၏။ သည်တော့ မွေးရပ်မြေကို မစွန့်ချင်သော်ငြား အချိန်ကာလတစ်ခုအနေနှင့်တော့ ခွာရပေဦးမည်။

ဒဏ္ဍာရီထဲက ရွှေမင်းသမီးလို နေ့ချင်းညချင်း ပြောင်းလဲသွားမှာ မဟုတ်ပေမယ့် ရွာမှာထက်စာရင်တော့ မျှော်လင့်ချက် အလင်းစကလေးကို မြင်ရနိုင်သေးသည်။

ကိုလတ်လည်း တစ်ချိန်က မြို့ပြကို အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ခုံမင်စွာ သွားရောက်ခဲ့ဖူးသည်။ ဒါပေမဲ့ ကံကြမ္မာက ကိုလတ်ကို မျက်နှာသာမပေးခဲ့။ ပြီးတော့ ဘယ်သောအခါမှ မွေးရပ်မြေကို ပြန်မလာနိုင်တော့သည့်လမ်းကို ပို့လိုက်သည်အထိ ရက်စက်ခဲ့လေသည်။

သည်လို မြို့ကိုပဲ မိနိုင် သွားရောက်ဖို့ ထွက်ခဲ့ပါပြီ။ တရိပ်ရိပ်ပြေးနေတဲ့ ကားလေးက ရေကျော်ကွက်သစ်ကို ကျောနိုင်းပြီး ဆက်သွယ်ရေးလမ်းမကြီးအတိုင်း မြို့သို့ ဦးတည်နေသည်။

ဟူးဟူးရားရား တိုက်ခတ်နေတဲ့ ပင်လယ်တွေနဲ့ ဆားငန်ရေရဲ့အနံ့၊ အငွေ့အသက်တို့ တဖြည်းဖြည်းလျော့နည်းပါးလျားကုန်ပြီ။

နေရစ်တော့ ပင်လယ်ရေ . . . လို့ မိနိုင် တိုးတိတ်စွာ နှုတ်ဆက်လိုက်မိသည်။

"ဟဲ့ . . . ဟဲ့ . . . ရှေ့မှာ ဘာကြီးလဲ"

ဒေါ်စိုးစိုးငွေးရဲ့ အထိတ်တလန့်အော်သံကြောင့် မိနိုင်ရော ဒေါ်ပုပါ ရှေ့သို့ကို လှမ်းကြည့်လိုက်မိပါသည်။





"ကျွဲ"

"အံမယ်လေး"

"ဘုရား . . . ဘုရား . . . သေတော့မှာပဲ"

ဒေါ်စိုးစိုးငွေးက ရင်ဘတ်ဖိ ဘုရားတပြီးမှ ဒေါ်သာထွက်ဟန်နှင့် မညှာမတာရေရွတ်သည်။ ကားဘရိတ်သံက ဆူညံသွားတာမို့ လမ်းဘေး ကုက္ကိုပင်က ဆတ်ရက်တွေ ဝေါခနဲ ပျံကြ၏။

"ကြီးကြီးညို"

မိနိုင် နှုတ်က လွှတ်ခနဲ ခေါ်မိသွားစဉ် ဒေါ်ပုက မျက်မှောင်ကြုတ်လျက် လှည့်ကြည့်သည်။

ကားအနီး တရွေ့ရွေ့တိုးလာသည့် ကြီးကြီးညိုက အကြောက်အလန့်မရှိပေမယ့် ဒေါ်စိုးစိုးငွေးမျက်နှာက ရှုံ့မဲ့နေသည်။

"မပု . . . မပု . . . လုပ်ဦးလေ။ ဒီအဘွားကြီးက အရူးမကြီး မဟုတ်လား"

ဒေါ်စိုးစိုးငွေး စကားကြောင့် မိနိုင်ရင်ထဲ ဆွတ်ကနဲ



www.burmeseclassic.com

www.burmeseclassic.com



သွားရ၏။

အရှုံးမကြီးတဲ့လား။

ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။

ကြီးကြီးညိုက စိတ်ဖောက်သွားတာ သုံးနှစ်ကျော် လေးနှစ်နီးပါးတောင်ရှိပြီပဲ။

တစ်ချိန်က ရေကျော်ရွာမှာ ရွှေမျက်နှာဖုံး၊ ငါးဖမ်းလှေပိုင်ရှင် ဒေါ်စိမ်းညိုဟာ ခုတော့ အရှုံးမကြီး စိမ်းညိုဆိုပြီး လူမလေး ခွေးမခန့် ကလေးတွေ ဝိုင်းစ,စရာ အသွားကြီးဖြစ်ခဲ့ပြီ။ ကံကြမ္မာရဲ့ရက်စက်တဲ့ ပဥ္စလက်ပြကွက်တွေထဲမှာ အသုံးတော်ခံလိုက်ရတဲ့ ကြီးကြီးညိုတို့ မိသားစုဘဝက ယူတတ်ရင် သင်ခန်းစာ၊ ရှုတတ်ရင်တော့ သင်္ခါရတရားတွေပါပဲ။

သားဖြစ်တဲ့ ကိုလတ် မရှိတော့ကတည်းက စီးပွားရေးတွေပျက်၊ လူပါသွက်သွက်ခါရှုံးသွားတဲ့အထိ အတိဒုက္ခရောက်ခဲ့ရသည့် ကြီးကြီးညိုကို ဘယ်သူတွေ ဘယ်လို သဘောထားထား မိနိုင်တော့ သနားကရုဏာသက်မိသည်။



"အို . . . လုပ်ပါဦးဟဲ့။ ဒုက္ခပဲ။ ကားရှေ့မှာ ကုန်းကုန်းကွကွကြီး လာပိတ်ရပ်နေတယ်။ မပု ပြောပါဦး။ ရှင်တို့ရွာက မဟုတ်လား"

"ဟုတ် . . . ဟုတ်တယ်။ မမစိုး ကျွန်မပြောမယ်။ ဟဲ့ . . . အသွားကြီး သေချင်လို့လား။ ရှေ့ကဖယ်။ ဘာမှတ်နေလဲ"

ဒေါ်ပုက ကားအပြင်ဘက်ခေါင်းထုတ်ပြီး ကြီးကြီးညိုကို အော်ထုတ်သည်။

အထက်ဖား အောက်ဖိလုပ်နေသည့် ဒေါ်ပုကို မိနိုင် ရွံ့သွားမိသည်။ ကြီးကြီးညို ကောင်းစားစဉ်က ကြီးကြီးညိုအိမ်မှာ အဝတ်လျှော်၊ ထမင်းချက်၊ ရေခပ်နှင့် မျက်နှာလိုမျက်နှာရလုပ်ပြီး ငါးဒိုင်က ငါးတွေကို အကြွေးယူခဲ့ဖူးတဲ့ ဘဝကို မေ့ပြီထင့်။

ကြီးကြီးညိုက ဒေါ်ပုကို မျက်မှောင်ကြုတ်လျက် နေရောင်ကိုလက်နှင့်ကာ,ကာ စိုက်ကြည့်ပြီး လက်ညှိုးထိုးကာ ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟီးဟီး . . . ဟား . . . ဟား . . ဟား . . . ကောင်မ . . . ငါးစိမ်းသည်မ မိပုကများ လူပါးဝလို့ဟဲ့ မနေ့တစ်နေ့ကမှ ထမင်းဝတဲ့ ကောင်မကများ ငါ့ကို"

ကြည့်စမ်း။

ကြီးကြီးညိုက ဒေါ်ပုကို မှတ်မိနေတာ အံ့ဩစရာ။

ဒေါ်စိမ်းညိုက ရှုံးပေမယ့် တစ်ရွာတည်းသားချင်းတွေ အပြင်ရွာနီးချုပ်စပ်က လေ့သမားတွေ (တစ်ချိန်က သူ့အလုပ်သမား) ကို ကောင်းကောင်းမှတ်မိလေသည်။ ခုလည်း ဒေါ်ပုကို ပြန်တွယ်လိုက်ပြီ။

ဒေါ်ပု မျက်နှာက ရှက်ခြင်း၊ ကြောက်ခြင်းကြောင့် နီရဲညိုမည်းသွားတော့၏။

"အံမာ . . . အရှုံးက တစ်မူးသာလို့၊ တော့်လို အရပ်တကာလှည့် တောင်းစားနေရတာ မဟုတ်ဘူး တော်ရေ"

"ဟား . . . ဟား . . . တန်မိုးနုတ်တဲ့လူတွေ အဆင်းလှပြီး၊ အမျိုးယုတ်တဲ့လူတွေ ထမင်းဝလို့ တယ်လည်း အသံမာနေကြပါလားဟဲ့။ ဟား . . . ဟား . . . ဟား . . . ဟား . . .





မိပု . . . မိပု ကပ်ဆိုးနဲ့တွေ့မယ့် ကောင်မ။ ကျေးဇူးကန်းမကြီး ကျန်းမာချမ်းသာပါစေ"

"တော် . . . ပါးစပ်ပိတ်ထားနော်။ အရှုံးမို့သည်းခံနေတာ"

ဒေါ်ပုတစ်ယောက် အနာပေါ်တုတ်ကျသလို ဆွေ့ဆွေ့ခုန်သွားသည်။

"တော်စမ်းပါ မပုရယ်။ လမ်းပိတ်နေလို့ ဖယ်ခိုင်းတာကို အရှုံးနဲ့ဖက်ပြီး ရန်ဖြစ်နေတယ်။ စိတ်ညစ်လိုက်တာ။ ဟဲ့ . . . မောင်ဦး ဆင်းစမ်း။ ကားရှေ့က အဘွားကြီးကို သွားဆွဲဖယ်လိုက်"

ဒေါ်စိုးစိုးငွေးက ဒရိုင်ဘာကို လှည့်ပြီး အမိန့်ပေးတာကြားတော့ မိခိုင် မနေနိုင်တော့။

"ဟို . . . မိခိုင် ဆင်းပြောပါ့မယ်ရှင်။ အတင်းတော့ ဆွဲမဖယ်ပါနဲ့။ ကြီးကြီးညိုက စိတ်မထင်ရင် ပေါက်ကရတွေ ပြောတတ် ဆဲတတ်လို့ပါ"

"သွား . . . သွား . . . ညည်းနဲ့ အလွမ်းသင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာမကြီး။ ညည်းပဲဆင်းပြော"

ဒေါ်ပုက မိနိုင် မဖွင့်တတ်သည့် ကားတံခါးကို ဖွင့်ပေးသည်။ မိနိုင် ကားပေါ်မှ ဆင်းလာခဲ့ရတော့၏။

"ကြီးကြီး . . . ကြီးကြီးညို"

ဖုန်တွေ၊ သဲတွေနှင့် ညစ်ပတ်ပေရေနေသည့် ကြီးကြီးညိုက မိနိုင်ကို မျက်လုံးများ မှေးစင်းကြည့်လိုက်ပြီး . . .

"ညည်း . . . မိနိုင် မဟုတ်လား။ ဘယ်လိုက်သွားမလို့လဲ" ဟု မေးလေသည်။

"မိနိုင် ရန်ကုန်သွားမလို့ ကြီးကြီးညိုရဲ့၊ အလုပ်သွားလုပ်မလို့လေ။ ကားပေါ်က မိနိုင်ရဲ့ အလုပ်ရှင် သူဌေးပါ။ ကြီးကြီးညို လမ်းဖယ်ပေးလိုက်နော်"

ကြီးကြီးညိုက ခေါင်းပေါ်တင်ထားသည့် တဘက်ညိုညိုညစ်ညစ်ကြီးကိုဖယ်ချပြီး မိနိုင်ကို စိမ်းစိမ်းစိုက်ကြည့်နေသည်။

"ရန်ကုန် . . . ညည်းက ရန်ကုန်သွားမယ် ဟုတ်စ"

"ဟုတ်တယ် ကြီးကြီးညို။ မိနိုင် ရန်ကုန်သွားမလို့"

ရွှေဥဒေါင်း



ကြီးကြီးညို မျက်နှာက ရှုတ်ခြည်းတည်ငြိမ် ညှိုးလျော်သွားသည်။

ယောက်ယက်ခတ်နေသည့် မျက်လုံးအကြည့်တွေထဲမှာ လွမ်းဆွတ်နာကျင်ရိပ်တွေ ထင်ဟပ်လာတော့၏။

"ညည်း . . . ညည်းလေး ရန်ကုန်ရောက်ရင် ကျုပ်သားကို ရှာစမ်းပါ မိနိုင်ရယ်။ ကျေးဇူးမမေ့ပါဘူး။ ကျုပ်သားကိုလတ်ကိုတွေ့ရင် ခေါ်ခဲ့ပါအေ။ ကျုပ်သားလေးက ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်ထားတဲ့ လူလိမ္မာလေးပါကွယ်။ အမေက မှာလိုက်တယ်လို့၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်မယ်ဆိုပြီး သွားလိုက်တာ ခုထိပြန်မလာဘူး။ အမေစိတ်ပူလှပြီ ပြန်ခဲ့ပါလို့ ပြောလိုက်ပါ အေရယ်နော်"

မိနိုင် မငိုဘူးလို့ တင်းထားခဲ့သမျှ မျက်ရည်ပုလဲတွေ မိုးသို့ဖွေရပြန်ပြီ။

မိနိုင် ငိုမိပြန်ပြီ ကိုလတ်ရယ်။

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ဝိုတာမကြိုက်ဘူးဆိုလို့ ကိုယ့်စိတ်ကိုယ် တင်းထားခဲ့တာပါ။

ခုတော့ . . .

"အဟင့် . . . ဟင့် . . . မိနိုင် ရှာခဲ့ပါ့မယ် ကြီးကြီးညိုရယ်။ တွေ့အောင်ရှာပြီး ခေါ်လာမှာပါ။ ကြီးကြီးညို အိမ်ကို ပြန်ပြီးစောင့်နေနော်။ နေတွေ အရမ်းပူတယ်။ ပြန်တော့နော်"

"အေး . . . အေး . . . တွေ့အောင်ရှာပေးနော်"

ကြီးကြီးညိုက သူမကို ကတိတွေ အထပ်ထပ်ပေးပြီး ယိုင်နဲ့နဲ့ခြေလှမ်းများကို အနိုင်နိုင်အားယူကာ ကားရှေ့မှထွက်သွားသည်။ နှုတ်ကလည်း တတွတ်တွတ်နှင့် ဘာတွေ ရေရွတ်သွားမှန်းမသိ။ တစ်ချိန်က ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ ဒေါ်စိမ်းညို တစ်ဖြစ်လဲ အရူးမကြီး မစိမ်းညိုရဲ့ ကျောပြင်ကိုငေးရင်း မိနိုင် သတိသံဝေဂရသလိုပင် ဖြစ်ရလေသည်။

ပင်လယ်ရေကျတိုင်း ရေကျော်ရွာဟောင်းနေရာမှာရှိတဲ့ စေတီပျက်ကြီးပေါ်လာတိုင်း သူ့ရဲ့အလှူ့ဒါနတွေကို အမှတ်ရတတ်တဲ့ ဒေါ်စိမ်းညို။

ဒီအနီးအနားရွာတွေက ဘုန်းကြီးကျောင်း၊ စေတီပုထိုးမှန်သမျှမှာ ဦးချစ်ဖေ၊ ဒေါ်စိမ်းညိုဆိုတဲ့ အလှူ့မှတ်တမ်း ကမ္ပည်းတွေက နည်းတာမှတ်လို့။

ခုတော့ ဒေါ်စိမ်းညိုဘဝက ကံနိမ့်လို့ ရေခန်းခဲ့ရပါပြီ။ ရေမမြင့်တော့ ကြာမတင့်နိုင်တဲ့ ဘဝမျိုးနဲ့ တစ်ဦးတည်းသော သားကို မျှော်နေဆဲတဲ့လေ။

မိနိုင်ရော ဘာထူးလဲ။

ကိုလတ်ကို မျှော်မိတာပါပဲ။

ဘယ်နေ့ ပြန်လာမှာလဲ ကိုလတ်ရယ်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

ရွှေအကြောင်း ဖယောင်းသိဆိုသလို မိနိုင်လည်း လူတွေအကြောင်း ပေါင်းကြည့်မှ သိခဲ့ရပါပြီ။

သူဌေးဆိုတာ ဒီလို လူတန်းစားတွေပါလားလို့ သိမ်းကျုံးစွပ်စွဲပစ်လိုက်ချင်လောက်အောင် မိနိုင်ရဲ့ အိမ်ကြီးရှင် သူဌေးတွေ နေထိုင်ပြောဆို ဆက်ဆံပုံတွေက မောက်မာ ရင့်သီးလှသည်။

နုပဲကြည့် . . .





တစ်နေ့ကုန် ဇယ်ဆက်သလိုလုပ်ထားရတဲ့ အိမ်မှုကိစ္စတွေပြီးလို့ ပေးထားတဲ့ အခန်းလေးထဲဝင်ပြီး အညောင်းဖြေရမလား မှတ်သည်။ သူဌေးသမီး အငယ်မ ကြည်ပြာစိုးက ခဏလာဦးဟု လှမ်းခေါ်တာမို့ မိနိုင် ကပျာကယာ ထွက်ခဲ့ရသည်။

ခေါ်လို့ ချက်ချင်းမရောက် ရှေ့တော်မှောက် အခစားမဝင်ပါက အပြောခံလိုက်ရမည့်ဖြစ်ခြင်းက မတွေးဝံ့စရာ။

ရုပ်ကလေး လှပနုနယ်သလောက် အပြောအဆို ကြမ်းတမ်းသော ကြည်ပြာစိုးအကြောင်း စရောက်ပြီး နောက်နေ့မှာပင် သိခဲ့ရသည်။

အကြီးကောင် ဇာနည်စိုး ကျတော့လည်း တစ်မျိုးတစ်ဘာသာ မိနိုင်ကို စိတ်ဒုက္ခပေးတတ်သေးသည်။ သူက အပြောအဆို ရိုင်းသည်မဟုတ်ဘဲ အပြုအမူက ရိုင်းနေတာဖြစ်သည်။ ညဦးနက်အချိန်မတော် အပြင်က ပြန်လာပြီး ထမင်းရှူးကျွေးခိုင်းတာလောက်က ဘာမှမဟုတ်ဘူး ထင်ရ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့်၊ တကယ့်တမ်း ပင်ပန်းအိပ်ရေးပျက်တာ ဘယ်လိုမှ အစားထိုးပြန်ယူလို့မရတဲ့ အခွင့်အရေးဆုံးရှုံးမှုဖြစ်နေတာ။ သူ့အမေကို တင်ပြရလျှင် အိမ်ဖော်လုပ်နေပြီး ကြီးကျယ်တယ် ဖြစ်ဦးမည်။

ဒါတွေက တစ်ခါတလေမဟုတ်။

ပြီးတော့ အပြင်ကနေ အပေါင်းအသင်းနဲ့ သောက်စားလာခဲ့ပြီးမှ မိနိုင်ကို တမင်စောင့်နိုင်းပြီး ဟိုဟာစားချင်တယ်၊ ဒီဟာစားချင်တယ် ပူဆာတာက တမင် သက်သက်ရစ်တာမှန်း သိသာလွန်းသည်။

နိုင်းတာက အလုပ်သမားမို့ နိုင်းပါ။

မျက်လုံးကျွတ်ကျမတတ် အကြည့်သရမ်းပြီး ထိကပါး ရိကပါး ပြောတာကျတော့ တစ်ဆိတ်လွန်လွန်း၏။

ဘယ်သူကိုမှလည်း ဖွင့်ဟမတိုင်ရဲဘဲ ကြိတ်မှိတ်သည်းခံ ရှောင်ရှားရလွန်းလို့ မလုံခြုံသည့်ကိုယ့်ဘဝကိုယ် စိတ်ကုန်လှပြီ။

ဒေါ်စိုးစိုးမွှေးက ကျောက်မျက်ရတနာ ပွဲစားအလုပ်





နှင့် တစ်နေကုန်အပြင်ထွက်နေတာများသည်။ သူ့ယောက်ျားက စက်ဘ်ပူမှာဆိုလား၊ ဘာလား ပြောသံကြားရသည်။ သားနဲ့သမီး ဖြစ်သူကလည်း သူမ အပြင်ထွက်တာနှင့် ရှေ့ဆင့်နောက်ဆင့်ထွက်ကြတော့တာ အချိန်မတော်မှ အလျှိုလျှို ပြန်ရောက်ကြသည်။

ဘယ်တွေသွားပြီ ဘာလုပ်သလဲတော့ မိနိုင်လည်း မသိနိုင်ပေ။

"ဟဲ့ . . . လာဦး။ ဒီမှာ ငါ့ကို ဒါလေးပိုင်းကူပေးစမ်းပါ"

အခန်းဝမှာ ရပ်မိတယ်ဆိုရင်ပဲ ကြည်ပြာစိုး အော်သံက စီခနဲ ထွက်လာသည်။

မိနိုင် အခန်းထဲဝင်သွားတော့ သူမက ခုတင်ပေါ်မှာ ခြေဆင်းထိုင်ရင်း ကျောနောက်မှာ ခေါင်းအုံးနှစ်လုံးဆင့်မှီကာ စာအုပ်တစ်အုပ်ကို ကြည့်နေသည်။

သူမ မဂ္ဂဇင်းစာအုပ် ဖတ်နေတာက ဘာအကူအညီလိုသည်မသိ။ မိနိုင် ယောင်နန‌လေးဝင်ထိုင်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . မိနိုင် ဘာလုပ်ပေးရမလဲ မကြည်ပြာ"

"မှန်တင်ခုံ အံဆွဲထဲက ဘူးအဝိုင်းလေးယူလာခဲ့။ ဟိုမှာ စက္ကူဘူးအပြာတွေလား။ အဲဒါပါ ယူခဲ့ပေး"

သူမ ယူခိုင်းတာတွေ ယူပေးအပြီးမှာတော့ သူမက စာအုပ်ကို မိနိုင်ရှေ့ ဖျတ်ခနဲပစ်ချပြီး . . .

"ဒီမှာကြည့် စာအုပ်ထဲမှာ ပြထားတဲ့ ပုံတွေလား။ အဲဒီထဲက လက်သည်းဒီဇိုင်းမျိုး ငါ့ကို ဖော်ပေးစမ်းပါ။ ဒီအချိန်ကြီး ဆိုင်သွားလို့ရမှာ မဟုတ်တော့ဘူး။ ဒီဘူးထဲမှာ ဖန်စီကျောက်တွေ၊ ကပ်ပန်းတွေ အစုံရှိတယ်"

မိနိုင် မျက်လုံးလေးဝိုင်းသွားရသည်။ အပြင်သွားခါနီး ဆံပင်စက်ဆွဲခိုင်းတာ ဘာညာလောက်က တစ်ခါပြဖူးရုံနဲ့ လုပ်တတ်ပေမယ့် ဒါမျိုးကျတော့ သူများကို ပုံဖော်ပေးဖို့ ဝေးစွ၊ သေသေချာချာတောင် မမြင်ဖူးသည့် မိနိုင်မှာ သူမ ချပေးသည့် စာအုပ်နှင့် ဆိုဆေးပုလင်းတွေ ညှစ်ဆေးဘူးတွေ၊ စုတ်တံတွေ၊ အလှကပ် ကျောက်ရောင်စုံတွေကို ကြည့်ကာ ဘယ်က ဘာကို စကိုင်ရမှန်းပင်မသိတော့ချေ။



"ဟဲ့ . . . ဒါလေးတောင် မလုပ်တတ်ဘူးလား။ ကဲ . ကဲ . . . ဟိုထဲက အပြာရောင်ပုလင်းကိုယူလိုက်။ အဲဒါ အရင်ဆိုးပေး။ ပြီးမှ ငါပြောသလိုလုပ် ဟုတ်ပြီလား"

မိနိုင် တစ်ခါမှမလုပ်ဖူးတာမို့ သူမ ခြေထောက်တွေကို ဆေးဆိုးပေးတာတောင် လက်တွေက တဆတ်ဆတ်တုန်ကာ အချိုးမပြေဖြစ်နေရသည်။

ဘေးကိုပေတာတွေပေ၊ ဆေးနည်းပြီး ဆွဲရတာ မညီမညာဖြစ်တာတွေဖြစ်နှင့် ကပေါက်ကချာ ဖြစ်နေတော့၏။ ဒါကို သူမ မြင်တော့ ရှုပ်မှုန်ကုပ်သွားကာ . . .

"ဟင်း . . . ဘယ်လိုတွေဖြစ်နေတာလဲ။ အကုန်ပေးကျုံကုန်ပြီ။ ရွံစရာကောင်းလိုက်တာ။ ဘယ်လိုလုပ်လိုက်တာလဲ"

မှန်တာပြော သစ္စာပါ။

အစကတည်းက ဒီလို အဒေါ်ခံရမယ်မှန်းသိသိနဲ့ မိနိုင် မလွန်ဆန်ဝံ့ မငြင်းပယ်ဝံ့တာကြောင့် လုပ်ခဲ့ရတာ။

ခုတော့ ထင်တဲ့အတိုင်း တစ်စက်မှ မလွဲအောင်

www.burmeseclassic.com

www.burmeseclassic.com



လာဖြစ်နေပြီ ဘာတတ်နိုင်မလဲ။

ဆူသမျှ ငေါက်သမျှ ခေါင်းငုံ့ခံပေဦးတော့ မိနိုင်။

"ကြည့်စမ်း ပြောလိုက်ရင် မထုံတတ်တေးနဲ့။ နင့်ကို အဲဒါတွေကြည့်မရတာ။ ဒါလေးတောင် စေတနာပါပါ မလုပ်ပေးနိုင်ဘူး။ စိတ်ပျက်ဖို့ကောင်းလိုက်တာ ဟယ်"

"မိနိုင် တစ်ခါမှ မလုပ်ဘူးလို့ပါ"

"မလုပ်ဘူးတာနဲ့၊ မမြင်ဘူးတာနဲ့ နင်တတ်တာ ဘာရှိလဲ။ အားအားရှိ အခန်းထဲ ဝင်ကုပ်ပြီး ဘာလုပ်နေမှန်း မသိဘူး။ ဘာမှ သွက်သွက်လက်လက်မရှိဘူး။ မေမေက လည်း ဘယ်လို အနတ်အစုတ် အ. အ. မကို ခေါ်လာသလဲ မသိဘူး။ သွား . . . သွား . . . နင့်မျက်နှာကို ဒီပုလင်းတွေနဲ့ ကောက်မပေါက်မိခင် ငါ့အခန်းထဲက မြန်မြန်ထွက်သွားစမ်း"

တော်ရုံနဲ့ မျက်ရည်မကျတတ်သည့် မိနိုင်ဟာ ကြည်ပြာစိုးရဲ့ တမင်နှိမ်ချ အော်ငေါက်နေသည့် စကားလုံးတွေကြောင့် အင်မတန်ပင် ရင်နာလှကာ မျက်ရည်စို့ချင်





လာရသည်။

"ဟဲ့ . . . သမီး ဆူညံနေတာပဲ။ ဘာတွေ ဖြစ်နေတာလဲ"

မြွေပွေ့ရာ ကင်းမှောင့်တာလား၊ ပူးလေးရာ ဖရုံဆင့်တာလားတော့မသိ။

အခန်းထဲက ခပ်ကုပ်ကုပ်လေး လှည့်ထွက်ဖို့ပြင်နေတဲ့ မိနိုင်မှာ ရုတ်တရက်ရောက်လာသော ဒေါ်စိုးစိုးမွှေးကြောင့် ထိုနေရာမှာ ဆက်ရပ်နေရတော့မလို အပြေးကလေးထွက်သွားရတော့မလို ဖြစ်သွားရလေသည်။

ဒေါ်စိုးစိုးမွှေးကို မြင်သည်နှင့် ကြည်ပြာစိုး မျက်နှာက ချက်ချင်းပဲ ငိုချလိုက်တော့မတတ် ရှုံ့မဲ့သွားကာ ကရုဏာသက်ချင်စဖွယ်လေသံနှင့် . . .

"ဘာဖြစ်ရမလဲ မေမေရယ်။ မိနိုင်ပေါ့။ မနက်ဖြန် စုသီတို့အိမ်မှာ အလှူရှိလို့ သွားမလို့ဟာ လက်သည်း၊ ခြေသည်းလေး ဆေးဆိုးခိုင်းပါတယ် စိတ်မပါ လက်မပါလုပ်ပစ်လိုက်တာ ရုပ်ပျက်ဆင်းပျက်ကြီး။ ဒီမှာကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးစိုးငွေးက သမီးဖြစ်သူကိုတောင် စေ့စေ့ကြည့်မနေတော့ဘဲ မိနိုင်ဘက်ကို ဆတ်ခနဲ လှည့်လာကာ

"ဖြစ်ရမယ် မိနိုင်ရယ်။ ညည်းကတော့ လုပ်လိုက်ရင် ဒီအတိုင်းပဲ။ မနေ့ကလည်း တင်ဇာဖုန်းဆက်တာ ငါ့ကို ပြန်မပြောဘူး။ ဒီမနက် ပွဲကြီးပွဲကောင်းနဲ့လွဲသွားပြီ။ အဲဒါ ညည်းကြောင့် သိလား။ ဘာမှကို စိတ်မချရဘူး"

သူမရဲ့ တိုးတိုးတိတ်တိတ်ကစားပွဲနဲ့ လွဲသွားရတာလည်း မိနိုင်အပြစ်တဲ့။

ဘာတတ်နိုင်မှာလဲ။

မိနိုင်ကိုက ညံ့တာပါလေ။

"ကဲ . . . မြန်မြန်သွားပါတော့။ ဘာလုပ်မလို့ ငိုင်ပြီး ရပ်နေရတာလဲ"

ထပ်ဆင့်အော်ပစ်လိုက်သည့် ကြည်ပြာစိုး အသံကြောင့် မိနိုင် ထိုနေရာမှ အပြေးတစ်ပိုင်းထွက်ခဲ့ရလေတော့၏။

အခန်းထဲရောက်မှ အိပ်ရာပေါ်လှဲချပြီး မျက်ရည်





ပုလဲတွေကို လုံ့မသိသူမသိ သွန်ချ ငိုကြွေးပစ်လိုက်သည်။ ခေါင်းရင်းမှာ အမြဲချထားသည့် ကိုလတ် ဓာတ်ပုံကို ရင်မှာ အပ်မိတော့ လွမ်းဆွတ်နာကျင်ခြင်းက ထပ်ဆင့်ပိုကဲ လာတော့၏။

ဒီလိုတွေ သူများ အနိမ်အပြောခံရတာ မိနိုင် စာမတတ်လို့ဆိုပြီး အပြစ်တင်မယ့် ကိုလတ်က အနားမှာမရှိတော့ပြီ။

စာမတတ်တာ မိနိုင် ညံ့လို့မှမဟုတ်ဘဲဆိုပြီး မျက်ရည်လေးတလည်လည်နှင့် ပြန်လည်ချေပလျှင် သူမ ခေါင်းလေးကို အုပ်မိုးလှုပ်ခါပြီး နှစ်သိမ့်တတ်သည့် ပန်းသွေးရောင်လက် သွယ်သွယ်လေးတွေပိုင်ရှင်မရှိတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။

အို . . . မစဉ်းစားချင်ပါဘူးကွယ်။

ဒီအကြောင်းတွေ စဉ်းစားမိရင် ဟောဒီ တစ်ညလုံး မိနိုင် ငိုကြွေးလို့ ဆုံးနိုင်တော့မယ်မထင်။

မနက် ငါးနာရီခွဲတာနဲ့ အိမ်မှုကိစ္စတွေလုပ်ဖို့ မိနိုင်



www.burmeseclassic.com

www.burmeseclassic.com



အခု အိပ်သင့်ပါပြီလေ။

အလွမ်းဆိုတာ သေရာပါ ဝဋ်ကြွေးဖြစ်ဖို့ မိနိုင်ဆုတောင်းမှားခဲ့တာ ဘယ်အချိန် အဆုံးသတ်မလဲ။

မတွေးဝံ့အောင်ပါပဲ။





## အခန်း ( ၃ )

"သမီးရေ သက်လျှာ . . . မမရီတို့ရော"

"ဟော . . . အန်တီသွင် . . . လာ . . . လာ မေမေ ရှိတယ်"

ဒေါ်သွင်ခက်ဝေက စလင်းဘက်အိတ်ကို ပခုံးဆီမှ လက်သို့ပြောင်းချိတ်ကာ ဟန်းဖုန်းလေးကိုကိုင်ရင်း မိန်းမငယ်လေးနှယ် လှပကျော့ရှင်းစွာ လျှောက်ဝင်လာဟန်ကို ကြည့်ပြီး သက်လျှာ ပြုံးလိုက်မိပါသည်။ လေးဆယ့်ရှစ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတယ် သုံးဆယ့်ခြောက်လောက်သာ ထင်ရလွန်းလို့ မေမေက မကြာခဏပြောတတ်သည်။

တမင်မြှောက်ပင့်ပြောတာ မဟုတ်ဘဲ ဒေါ်သွင်ခက်ဝေကိုယ်တိုင်က တကယ် လှပနုနယ်နေခြင်းကြောင့် သက်လျာပင် ဒေးမော အားကျလို့ မဆုံးနိုင်။

ကိုယ်သာ အဲဒီအသက်အရွယ်ရောက်ရင် ဒီလောက်အရွယ်တင်နုပျိုနေနိုင်ပါ့မလားလို့တောင် သံသယဝင်ရဖူးသည်။

"ဘာတွေ ငေးနေတာတုန်း သမီးရဲ့၊ အန်တီသွင် ပိုလှလာလို့လား"

မေးဖျားကို လက်ညှိုးလေးနဲ့ထောက်ရင်း မျက်စုံးတစ်ဖက်ချီကာ ပြောလိုက်ပုံက တော်ရုံယောကျ်ားတွေ ပါးစပ်အဟောင်းသား ဖြစ်သွားလောက်သည်။

"တကယ်ပဲ ပိုလှလာလို့ ငေးမိတာ အန်တီသွင်ရေ၊ သက်လျာတော့ သိပ်အားကျတာပဲ"

"မဟုတ်တာ . . . ဒီကောင်မလေး အသက်လေး

•———ရှုမဆော———•



ငါးဆယ် အဘွားကြီးကိုများ အားကျရတယ်လို့"

"ဒါကတော့ သွင်ရယ် မအိုးသေးတဲ့ သူ အပျိုလေးနဲ့တူဆိုတော့ သမီးအားကျမယ်ဆိုလည်း ကျချင်စရာပေါ့"

ခည့်ခန်းထဲသို့ ဝင်ဝင်လာချင်း ပြောလိုက်သည့် မေမေ့စကားကြောင့် အန်တီသွင်က ပါးချိုင့်ခွက်လေး ထင်းခနဲ ပေါ်အောင်ပြုံးသည်။

ဒီအပြုံးက မြီးကောင်ပေါက်မလေးတွေ ပြုံးသလို ရှက်စနိုးအပြုံးမဟုတ်ဘဲ ကျွန္ခြေသိက္ခာ ရင့်ကျက်မှုတွေ ပေါင်းစပ်ပါဝင်နေသည့် နှစ်သက်ကျေနပ်မှု အပြည့်ရှိသော အပြုံးမျိုးဖြစ်၏။

"မဟုတ်တာ မမရီရယ်။ ဘယ့်နယ် မအိုးသေးတဲ့ သူ ဖြစ်ရမှာလဲ၊ သွင်က အိုပြီးသား၊ ကလေးတစ်ယောက် အမေပဲဟာ"

"ဒါကို ဆိုလိုတာ မဟုတ်ဘူး သွင်ရဲ့၊ မမရီ ပြောတာ သွင်က အရွယ်မအိုသေးဘူး။ ဇရာလက္ခဏာတွေ မပေါ်သေးဘူးလို့ပြောတာ"

•———ရှုမဆော———•

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒီလိုလား။ ဟင်း . . . ဟင်း . . . သွင်က မသိပါဘူး"

"ဒါနဲ့ အန်တီခင် မပါဘူးလားဟင်"

"ဟုတ်ပါရဲ့။ ခင့်ကိုမေးမလို့ မေ့နေတယ်။ သွင်ရေ ခင်တစ်ယောက်ရော မပါလာဘူးလား"

သက်လျာ စကားအဆုံး မေမေကပါ ထပ်ဆင့်မေး လိုက်တော့ အန်တီသွင်က လက်ကလေး တကာကာနှင့်။

"မမေးနဲ့တော့ မမရီရေ။ မမလေ မနေ့က သွင် အတန်တန် သတိပေးရက်နဲ့ အုန်းနို့ခေါက်ဆွဲတွေစားတာ။ ခုတော့ သွေးတိုးနေလေရဲ့။ တော်သေးတယ် သား ပြန် ရောက်လာလို့" ဟူသောစကားကြောင့် သက်လျာ မျက်ခုံး လေးပင့်လိုက်မိသည်။

"နေ ပြန်ရောက်လာပြီ ဟုတ်လား အန်တီသွင်"

"ဟုတ်ပ့ါ သမီးရယ်။ သမီး အံ့ဩမယ်ဆိုလည်း အံ့ဩချင်စရာ။ သားက သူပြန်လာမယ်ဆိုတာ အန်တီတို့ နှစ်ယောက်စလုံးကို ဖုန်းတောင် ကြိုမဆက်ထားဘူး။



အလုပ်မအားတဲ့ကြားက လာကြိုမှာ ပြုမှာ မလုပ်စေချင်လို့ တဲ့လေ။ သမီးကိုရော ဖုန်းမဆက်ဘူးမှတ်လား"

သက်လျာ မျက်မှောင်ကြုတ်ရင်း ခေါင်းယမ်းပြ လိုက်၏။ စိတ်ထဲမှာတော့ စုတ်တစ်ချက် ကျယ်ကျယ် သပ် ပစ်ရင်း အဲဒီ နေကတော့လေလို့ စိတ်ပျက်လက်ပျက်ကြီး ကို ညည်းညူနေမိ၏။

နားလည်ရခက်လှတဲ့ သူ့အကြောင်းကို စဉ်းစားမိ တိုင်း စိတ်လည်းပျက်ရ ဒေါသတွေထွက်ရနှင့် ကရုဏာ လည်း သက်ရပါသည်။

တကယ်တော့ နေဟာ သက်လျာနဲ့ ငယ်ငယ် လေးကတည်းက ခြံချင်းကပ်လျက်နေခဲ့ကြတဲ့ ငယ်ကျွမ်း ဆွေတွေ။ လူချင်း မိဘချင်း ရင်းနှီးသလို သူမတို့နှစ်ယောက် ကလည်း ကစားအတူ စားအတူ ဘယ်တော့မှ မခွဲ တတွဲတွဲ ရှိခဲ့ကြတာ ရှစ်တန်းလောက်အထိ။

အရွယ်ရောက်ခါစ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စား တိမ်းညွှတ်ယိမ်းယိုင်ခဲ့တာလည်း နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လုံးအသိပင်။ တစ်ယောက်နဲ့တစ်ယောက် တွယ်ငြိလှဆဲဆဲ အခြေအနေမှာ သက်လျာ ဖေဖေက အသစ်ဝယ်ထားသည့် အိမ်သို့ ပြောင်းဖို့ စီစဉ်တာမို့ ကိုးတန်း၊ ဆယ်တန်း နှစ်နှစ်လုံး နေနှင့် သိပ်မတွေ့ရတော့။

ဖုန်းတော့ မကြာခဏ ပြောဖြစ်ပါရဲ့။

မတွေ့ရတာကြာတော့ သူမအပေါ် နေ အတော်လေး စိမ်းသက်ပြောင်းလဲသွားသည်။

သူမကတော့ မတွေ့လေလေ မမေ့နိုင်ဘဲ ပိုလို့သာ စွဲမြဲလွမ်းဆွတ်နေမိ၏။

ကယ်လောက်ပဲ အခြေအနေချင်း ခြားနားဝေးကွာပစေ။

တစ်နေ့မှာ နေလကျာ်ဆိုတာ သက်လျာရဲ့ လက်တွဲဖော်တစ်ယောက် ဖြစ်လာရမည်ဟု တစ်ထစ်ချယုံကြည်ထားခဲ့သည်။

အသက်အရွယ်၊ ပညာအရည်အချင်းတွေ ငယ်ရွယ်နနယ်သေးတာကလွဲရင် ကျန်တာ ဘာတစ်ခုမှ မလိုအပ်။

•———ရွှေအသာ———•



နေက တစ်ဦးတည်းသော သား၊ သက်လျာက တစ်ဦးတည်းသော သမီး၊ အခြေအနေ အဆင့်အတန်းချင်း တူညီသည့်အပြင် မိဘချင်း သဘောတူပြီးသား။

အခက်အခဲဆိုတာ မြူတစ်မှုန်စာတောင် မရှိတော့ချေ။ ဒါပေမဲ့ အဲဒီလို ပြီးပြည့်စုံနေတဲ့ အချိန်ကာလ တစ်ခုအထိသာ ရှည်ကြာခဲ့သည်။

သက်လျာရော နေပါ ဆယ်တန်းအောင်ပြီး တက္ကသိုလ်အတူတူတတ်ခါနီးမှာ မထင်မှတ်သည့် ကံကြမ္မာဆိုးက ကြားဖြတ်ဝင်ရောက်လာသည်။

အဲဒါကတော့ နေနှင့် သူ့အဖေ ကားအက်ဆီးဒင့်ဖြစ်ပြီး သူ့အဖေ ဦးကျော်ဇက နေရာမှာတင် ပွဲချင်းပြီးဆုံးကာ၊ နေက ဆေးရုံမှာ အတွင်းလူနာအဖြစ် လအတော်ကြာနေလိုက်ရခြင်းပဲဖြစ်၏။

ဆေးရုံက ဆင်းလာရပေမယ့် နေက အတိတ်မေ့ရောဂါသည် လုံးလုံးဖြစ်သွားတာ ယခုထိ ဘာကိုမှ မှတ်မိနိုင်စွမ်းမရှိတော့ပေ။

•———ရွှေအသာ———•

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကစပြီး ဒီပတ်ဝန်းကျင် အသိုင်းအဝိုင်းကြားမှာ နေ့ပုံစံက စက်ရုပ်တစ်ရုပ်လို ဖြစ်သွားတော့တာပင်။ ဘယ်နေရာမှာ ဘယ်သူကိုတွေ့တွေ့ ခေါင်းကို သွင်သွင်ယမ်းကာ "ကျွန်တော် မသိဘူး" ဟု တစ်ခွန်းတည်းသော စကားကိုသာဆိုတတ်သည့် နေဟာ ခုတော့ နှစ်တွေကြာခဲ့ပြီမို့ သက်လျာကိုဖြင့် တရင်းတနှီး ဆက်ဆံရာပါသည်။

ဒါပေမဲ့ ဟိုတုန်းကလို ရင်ခုန်တိမ်းမူးဖွယ် အကြည့်နက်နက်တွေ၊ အပြုံးလှလှတွေတော့ မရှိတော့ချေ။ တွေးမိတိုင်း သက်လျာ ရင်နင့်လို့ မဆုံးနိုင်၊ နမြောတသလို့ မဆုံးနိုင်တော့။

တစ်ချိန်က ဒီအခြေအနေတွေ ဒီလိုရှိခဲ့တယ်ဆိုတာ သူမှတ်မိပြီး နားလည်လက်ခံလာအောင် ဘယ်လိုပြောထွက်ပါ့မလဲ။

ချစ်ခင်ရင်းနှီးခဲ့ဖူးစာတွေကို ဘယ်လိုပဲ အရိပ်အယောင်ပြကာ လိုက်လျောပြီး ဖေးမယုယပေမယ့် သူ့ဆီက ပြန်ရတာက ငူငိုင်ရီဝေနေသည့် အကြည့်စိမ်းစိမ်းတွေ

•———ဪဩဪ———•



နှင့် နွမ်းဖျော့ဖျော့ သက်ပြင်းရှိုက်သံတွေသာ ဖြစ်လေတော့၏။

သည်တော့ သက်လျာ ဘာလုပ်ရမလဲ။

ဦးနောက်က မေ့နေတယ်ပဲ ထားဦး။

နှလုံးသားကတော့ အချစ်ဦးလို့ သတ်မှတ်လို့ရသည့် သက်လျာကို သတိရသင့်သည်။

အဦးဆုံး ဖူးပွင့်နိုးထခဲ့တဲ့ ရင်ခုန်သံတွေကို ပြန်လည် အမှတ်ရသင့်သည်ဆိုလျှင် သက်လျာ လောဘတကြီး စိတ်ကူးယဉ်လွန်းရာကျဦးမည်။

ခုတော့ သူက ကျောက်ဆစ်ရုပ်နှလုံးသားနှင့် လူတစ်ယောက်ကို အေးစက်စိမ်းရလှသည်။

"သမီး . . . ဘာတွေစဉ်းစားပြီး ငိုင်သွားတာလဲ။ သားကိုတော့ နားလည်ပေးလိုက်ပါ သမီးရယ်"

သက်လျာရဲ့အတွေးတွေကို အန်တီသွင်က ရိပ်မိသွားသလို ဝင်ရောက်လှုပ်နှိုးပစ်လိုက်၏။

နားလည်ပေးပါတယ်။

•———ဪဩဪ———•

www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးရလွန်းလို့ သက်လျာ နှလုံးသားမှာ အမာရွတ်တွေတောင် အထပ်ထပ် ထင်နေလောက်ပြီလို့ စိတ်ထဲမှာပဲ ရေရွတ်နေမိသည်။

“ကဲ . . . လာရတာ သိပ်နီးတာ မဟုတ်ဘူး။ သွင် လည်း ထမင်းစားပြီးမှာပြန်၊ ကားသံမကြားဘူးနော်။ သွင် ဘာနဲ့လာတာလဲ”

“ကားက သားနဲ့မမ ယူသွားတယ် မမရီရဲ့၊ သွင်က တက္ကစီနဲ့လာတာ”

“ဩော် . . . နေက ကားတောင် ပြန်မောင်းနေပြီ လား”

“မန္တလေး သွားနေတုန်းကတည်းက ပြန်မောင်းနေ တာတဲ့”

“ဩော်”

သက်လျာ ဘာမှ ထပ်မပြောမိတော့။

မေမေက သက်လျာ စိတ်မကောင်းဖြစ်နေတာကို နားလည်ဟန်နှင့် . . .



“သမီးရေ ဟင်းတွေ သွားနွေးလိုက်ပါကွယ်။ သွင် ထမင်းစားသွားရအောင်”

“အို . . . သမီး အေးဆေးနေပါစေ မမရီရဲ့။ သွင် လည်း မဆာသေးပါဘူး။ ဆာလည်း ညွှသည်မှ မဟုတ် တာ”

“မဟုတ်တာကွယ်။ သမီး သွားနွေးချေတော့၊ ပြီး ရင် သမီး ဖေဖေကိုလည်း သွားပို့ရဦးမှာ”

“ဟင်း . . . ကိုတိုးဝေက အပြင်မှာ မစားတော့ဘူး လား”

“စားတဲ့အခါ စားပါတယ် သွင်ရယ်။ ဒီနေ့တော့ သူ ကြိုက်တဲ့ ဆိတ်သားနှပ်နဲ့ သီးစုံချဉ်ရည်ဟင်းမို့ မောင်ထွန်း ကို သွားပို့ခိုင်းမလားလို့။ ဒါနဲ့ သွင်ပြန်ရင် သမီးလိုက်ပို့လိမ့် မယ်။ အေးဆေးမှ ပြန်နော်”

“သိပ်တော့အေးဆေးလို့မရဘူး မမရီရဲ့။ ဟိုတူဝရီး နှစ်ယောက် ဆေးခန်းက ပြန်လာရင် သွင်က မမ မွေးနေ့ အတွက် ဆွမ်းကပ်ဖို့တွေ ဘာတွေ စီစဉ်ရဦးမှာ သိတယ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်လား။ မမက မွေးနေ့ရှင်သာဆိုတယ် ဘာမှဝင်စီစဉ်တာ မဟုတ်ဘူး။ နှစ်တိုင်း သွင်က အကုန်လိုက်လုပ်ရတာ။ ဒီနှစ်တော့ ခြံထဲမှာပါ ဂါးဒင်းပါတီလေး ထပ်လုပ်မလားလို့"

"အင်း . . . ဟုတ်ပါရဲ့။ တစ်အိမ်လုံးကိစ္စရော၊ အလုပ်ကိစ္စတွေရော သွင် တစ်ယောက်တည်း ပတ်ချာလည်နေရတာ ပင်ပန်းရှာမှာပဲ"

"ဒီလိုပဲပေါ့ မမရီရယ်။ သားကလည်း ဘာမှမဖြစ်ဘူးဆိုပေမယ့် ကျန်းမာရေးက သိပ်အကောင်းကြီးမဟုတ်တော့"

"ဒါပေါ့ သွင်ရယ်။ မမရီနားလည်ပါတယ်"

ဒေါ်ရီရီချို၏ နှစ်သိမ့်စကားကြောင့် ဒေါ်သွင်ခက်ဝေမှာ အင်မတန် စိတ်သက်သာရာရသွားပုံနှင့် ပြုံးလိုက်ကာ

"မမရီကို သွင် ခွင့်တောင်းစရာရှိသေးတယ် သိလား"

"အံမယ် . . . အထူးအဆန်း။ ဘာတွေများ တကူးတက ခွင့်တောင်းမလို့လဲ သွင်ရဲ့"

●———ရှုမဝ———●



"တခြားမဟုတ်ပါဘူး။ မမ မွေးနေ့ရက်ကျရင် သမီးလေးကို အိမ်မှာနှစ်ရက်လောက် ခေါ်ထားချင်လို့။ သွင် တစ်ယောက်တည်းဆိုတော့လေ"

"ဩော် . . . ဒါများ သွင်ရယ်။ ပြောရမယ့် လူတွေ ကျနေတာပဲ"

ဒေါ်ရီရီချိုက မျက်စောင်းဝင့်ရင်း ဆိုလိုက်သည့် အခါ ဒေါ်သွင်ခက်ဝေမှာ ပို၍ပင် အားနာသွားမိတော့၏။

"မမရီကတော့ ဟုတ်တာပေါ့။ ကိုတိုးဝေကိုကျတော့ သွင် ကြောက်လည်း ကြောက်တယ်။ မျက်နှာလည်း ပူတယ်။ တော်ကြာ သူ့သမီးပျိုလေးကို သားယောကျာ်းလေး ရှိတဲ့အိမ်က ညအိပ်ညနေ ခေါ်ရပ့ါမလားဆိုပြီ"

"အို . . . မပြောစေရပါဘူး။ ဘာမှစိတ်မပူပါနဲ့ သွင်ရယ်။ အကြောင်းမသိတဲ့ လူတွေမှမဟုတ်တာ။ ဟင်း . . . ဟင်း"

သူမတို့နှစ်ယောက်လုံး ရင်ထဲမှာ အဓိပ္ပာယ်ကိုယ်စီနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်

●———ရှုမဝ———●

www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။

နှစ်ဦးစလုံးကတော့ ဒီသားနဲ့သမီးကို အမြန်ဆုံး နီးစပ်စေချင်ပြီ။

ခက်နေတာက သူမရဲ့သား နေလကျော်။

သူက ဘာဆိုဘာမှမမှတ်မိသည့်အပြင် ချောမွန် နညက်နေသည့် သက်လျာကိုလည်း ရေးရေးမှ စိတ်မဝင် စား။

ဒေါ်သွင်ခက်ဝေ မျက်နှာပူ အားနာနေရတာ ဒီ အကြောင်းတွေလည်း ပါသည်။

ဒီအတိုင်းဆို ရှေ့ဆက် ခက်ဦးတော့မည်။





## အခန်း ( ၄ )

ထမင်းစားခန်းထဲမှာ အလုပ်များနေသည့် မိနိုင်မှာ အိမ်ရှေ့ခန်းဆီမှ အသံလိုလို ကြားလိုက်မိတာကြောင့် ရေသုတ်လက်စ ပန်းကန်တွေကို ထားပစ်ခဲ့ကာ ရှေ့သို့ ထွက်လာလိုက်သည်။

“ဪ . . . ဖုန်းလာနေတာကိုး”

အပေါ်ထပ် လှေကားအဆင်း ထောင့်ချိုးမှာ ခုံပု ကလေးနှင့်တင်ထားသော တယ်လီဖုန်းမှ စူးကျယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



သောမြည်သံကြောင့် မိနိုင် အိမ်ထဲသို့ တစ်ချက်ငဲ့ကြည့်တော့ ဘယ်သူမှမရှိ။

အပေါ်ထပ်မှာရှိသော ဇာနည်စိုးနှင့် ကြည်ပြာစိုးတို့ မောင်နှမ နှစ်ယောက်လည်း ဖုန်းသံကို မကြားရ၍ပဲလား မသိ။ တစ်ယောက်မှ ဆင်းမလာတာမို့ မိနိုင်ပဲ ဖုန်းကိုင်လိုက်ရတော့သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်"

"ကြည်ပြာလား"

"မ . . . မဟုတ်ဘူးရှင့်"

တစ်ဖက်က ယောကျာ်းလေး တစ်ယောက်အသံမို့ မိနိုင်နည်းနည်းတော့ လန့်ဖျပ်ကာ အသံပင်တုန်ယင် ထစ်ငေါ့သွားရ၏။

"ဒါဆို မင်းက ဘယ်သူလဲ။ အသံလေးက ချိုလှချည်လား"

"ရှင်"

လူချင်းလည်း မမြင်ရဘဲ မိနိုင် ရှက်သွားမိတာ





မျက်နှာတစ်ပြင်လုံး ရှိန်းခနဲ နွေးသွားရသည်အထိပင်။

ဘယ်လိုလူစားပါလိမ့်။ မိနိုင် ဘာပြန်ပြောရမှန်းမသိ။ အတန်ကြာ တိတ်ဆိတ်သွားမိစဉ် အပေါ်ထပ်မှ ဆင်းလာသော တစ်စုံတစ်ယောက်၏ခြေသံကြောင့် မော့ကြည့်ရင်း . . .

"မကြည်ပြာ လာပြီ ထင်တယ်။ ခဏကိုင်ထားနော်"

"ဟိတ် . . . ခဏနေဦးလေ"

မိနိုင် ဖုန်းကို ခုံပေါ်မှာအသာ ပြန်ချထားလိုက်သည်။

ကိုယ်နဲ့မဆိုင်တာဆို ဘာမှရှုပ်ယှက်စပ်စုဖို့ မိနိုင်ဝါသနာမပါ။

ဘယ်သူနှင့်မှလည်း မသိကျွမ်းလိုပေ။

"မကြည်ပြာ ဖုန်းလာနေတယ်"

"ဘယ်သူလဲ"

"အဲဒါတော့ မမေးလိုက်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်! . . . မေးလိုက်တာ မဟုတ်ဘူး"

သူမက မကျေမနပ်ရေရွတ်ရင်း ဖုန်းသွားကိုင်သည်။ တစ်ခွန်းနှစ်ခွန်း ပြောပြီးသည့်အခါမှာတော့ သူမ မျက်နှာက ပုရွက်ဆိတ်တက်တော့မတတ် ပြုံးရွှင်ချိုအီသွားကာ လေသံတအစ မှန့်ပျော့ပျောင်းသွားတော့၏။

ထိုအခါမှပင် မိနိုင်လည်း ရင်ဘတ်လေးဖိကာ သက်ပြင်းရှိုက်နိုင်တော့၏။

ကိုယ့်အလုပ် ဘာမှမရှိတော့ပြီမို့ ထမင်းစားခန်းထဲ ပြန်ဝင်ပြီး လုပ်လက်စအလုပ်တွေ ဆက်လုပ်ရင်း ရောက်တတ်ရာရာ လျှောက်တွေးနေမိစဉ် ကြည်ပြာစိုး ရောက်လာသည်။

"ဟဲ့ . . . ငါ အခုအပြင်သွားမှာ။ ကိုကို ဆင်းလာလို့ ငါ့ကိုမေးရင် သူငယ်ချင်းတစ်ယောက် ဖုန်းဆက်လို့ သွားတယ်ပြောလိုက်။ ဘယ်က သူငယ်ချင်းလဲ ဘာညာရစ်ရင် စုသီလို့ပဲပြော . . . ကြားလား"

"ဟုတ်ကဲ့"

———ရွှေယသော———



"ငါ နောက်ကျချင်ကျမှာ။ မေမေပြန်လာရင်လည်း အဲဒီအတိုင်းပဲပြော . . . ကြားလား"

"ဟုတ်ကဲ့"

သူမ ဘာပြောပြော ခေါင်းညိတ် ဟုတ်ကဲ့ လုပ်နေသော မိနိုင်ကို ကြည့်ကာ . . .

"ဟဲ့ . . . ဟုတ်ကဲ့ လုပ်တာကြည့်လုပ်နော်။ ငါမှာတဲ့အတိုင်းမပြောဘဲ တလွဲတွေသွားပြောမိမယ်။ ရှော့(ခ်) ရှိတယ်။ နားလည်လား"

"ဟုတ်ကဲ့"

ဘာကို နားလည်ရမှန်းမသိဘဲ မိနိုင် ဟုတ်ကဲ့မိ ပြန်သည်။

ရှော့(ခ်)ရှိတယ်ဆိုတာ သူတို့ သားအမိသုံးယောက် ရေလဲသုံးနေသော စကားတစ်ခွန်းမို့ မိနိုင် ကြားရဖန်များ၍ နားယဉ်နေပြီဖြစ်သည်။

အဲဒါဟာ ပြဿနာတတ်နိုင်တယ် ဟူသော အဓိပ္ပာယ်မှန်း ရိပ်မိသလိုရှိနေပေမယ့် သူတို့တွေ ဘာတွေ

———ရွှေယသော———

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ဘာကို စိတ်ပူနေမှန်းတော့မသိပါ။

မနက် စောစောတုန်းကလည်း ဒေါ်စိုးစိုးငွေ့က အပြင်သွားခါနီး ဖုန်းဆက်သည်။ သူမ ပြောသောစကားတွေထဲမှာ မိနိုင် မှတ်မိနေတာတွေရှိသည်။

"ဝိုင်းကောင်းတဲ့ ဟုတ်တယ် နွဲ့ရဲ့၊ ဒါပေမဲ့ သိပ်ပြီး ခြေလှမ်းစိတ်လို့ မရဘူး။ ယောက်မတွေက အကဲခတ်နေကြတာ သိတယ်မဟုတ်လား။ နိုင်ငံခြားက သူတို့မောင်ကို လှမ်းတိုင်ရင် ရှော့(ခ်) ရှိတယ်တယ်လေ။ ဒါကြောင့် အဲဒီကို သိပ်မရောက်တာ။ အရောင်းအဝယ်ကလည်း အေးတယ် နွဲ့ရဲ့၊ ဘဏ်စာအုပ်ထဲက ခဏခဏယူလို့မကောင်းဘူး။ ကိုမောင် သိသွားရင် ရှော့(ခ်)ပဲ"

သူတို့ ခဏခဏပြောတော့ အဲဒီ ရှော့(ခ်) ဆိုတာကို လျှောက်စဉ်းစားရင် မိနိုင် ရယ်ချင်လာသည်။ ဘာရယ်မဟုတ် လှစ်ခနဲပြုံးမိတော့ ကိုယ့်ကိုယ်ကိုပင် အံ့သြသွားရသည်။ မိနိုင် ဒီလိုမပြုံးမိတာ ဘယ်လောက်တောင် ကြာပြီလဲမသိ။ မကောင်းတတ်လို့ ပြုံးပြရတာတွေရှိလည်း

www.burmeseclassic.com



တကယ့် အပြုံးစစ်စစ်မဟုတ်ဘဲ ငိုမဲ့မဲ့ မချိပြုံးကလေးသာ ဖြစ်နေတတ်တာ ကိုယ်တိုင်သတိထားမိတော့ ပျော်ရွှင်ခြင်းက မိနိုင်နဲ့ ဘယ်လောက်အကွာအဝေးမှာ ရောက်နေမှန်းတောင် မသိနိုင်တော့သည်အထိ။

"မိနိုင် ငါ သွားတော့မယ် တံခါးလာပိတ်"

ကြည်ပြာစိုးရဲ့ အော်သံစူးစူးကြောင့် မိနိုင် ကပျာကယာလေး ပြေးထွက်ခဲ့ရပြန်သည်။

သူမက လက်မှ ရွှေရောင်နာရီလေးကို ငုံ့ကြည့်ရင်း ဆင်ဆွယ်ရောင်ကြိုးရှည်အိတ်ကို လွယ်ကာ ခြေဖမိုးနင့်ဖနောင့်တွေမှာ ရှုပ်ယှက်ခက်နေသည့် ဖိနပ်ကြိုးတွေကို နေရာချနေသည်။

အားလုံးပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ပုတ်ခါလိုက်ကာ နီညိုရောင်ဆံပင်တွေကို ဆတ်ခနဲပင့်တင်ပြီး မိနိုင်ကို မော့ကြည့်၏။

"ငါ စိတ်ချမယ်နော်။ ဒီညနေ မေမေ အရင်ပြန်ရောက်ရင် ငါပြောခိုင်းသလို ပြောထား။ ဟုတ်ပြီလား"

www.burmeseclassic.com



မိနိုင် ခေါင်းညိတ်ပြတော့ သူမက စိတ်ကျေနပ်သွားသလို လှစ်ခနဲပြုံးပြီး လှည့်ထွက်သွားသည်။ သူမ ထွက်သွားပြီးမှ မိနိုင် ခြံတံခါးနှင့် အိမ်တံခါးကို သေသေချာချာ ပိတ်ပြီး ပြန်ဝင်လာခဲ့၏။

ထမင်းစားခန်းထဲ ဝင်လိုက်တော့ စားပွဲထိပ်မှာ ထိုင်ပြီးကော်ဖီသောက်နေသည့် ဇာနည်စိုးကို တွေ့လိုက်ရတာကြောင့် မိနိုင် ခြေလှမ်းတွေ တုန့်သွားမိသည်။

အလုပ်ရှိနေပေမယ့် တစ်အိမ်လုံးမှာ သူနဲ့ မိနိုင် နှစ်ယောက်တည်းဆိုသည့်အသိက မသင့်တော်ကြောင်း သတိပေးလို့နေ၏။

ထို့ကြောင့် ထမင်းစားခန်းအဝကနေ လှည့်ထွက်ရန် ပြင်လိုက်စဉ် . . .

"ဘယ်သွားမလို့လဲ မိနိုင်။ ကိုယ့်ကို ကော်ဖီနဲ့မုန့် လာနွှေးပေးဦး။ အေးစက်နေပြီ"

ဟူသောစကားကြောင့် ခြေလှမ်းက ရှေ့ကို မရောက်တော့။ ပေါင်မုန့်ကြက်ဥကြော်က မနက်စောစောကတည်း





က ကြော်ထားတာမို့ အေးစက်နေတာအမှန်ပင်။

ကော်ဖီကတော့ ဘူးထဲမှာ ထည့်နှပ်ထားတာမို့ အေးစက်မနေပါ။ မိုက်ခရိုဝေ့(ဗ်) ထဲထည့်ပြီး အပူပေး နွှေးရတာ ဘာမှမပင်ပန်း မခက်ခဲလှပေမယ့် အနားမှာ သူစိမ်းယောက်ျားတစ်ယောက်ရှိနေသည့်အဖြစ်က မိနိုင်ကို စိတ်ကျဉ်းကျပ် အနေခက်စေသည်။

"မိနိုင် ဒီကိုရောက်တာ တစ်လနီးပါး ရှိနေပြီနော်။ ကိုယ့်ကို မခင်ဘူးလား။ မိနိုင်ပုံစံက သိပ်စိမ်းတာပဲ။ ကိုယ်ကတော့ မိနိုင်ကို မြင်ကတည်း စိတ်ဝင်စားမိတာ"

အော်ဂလီဆန်ချင်စရာ ပျစ်ချွဲချွဲအသံကြောင့် မိနိုင်ရင်ထဲပျို့ချင်သလိုပင် ဖြစ်သွားရ၏။

အမြဲလို အဆီပြန်ပြီး နီရင့်နေတဲ့ မျက်နှာပေါ်က အစိုးအငွေ့တွေက တစ်ဖက်သားအပေါ် လေးစားညှာတာမှု ကင်းမဲ့သည့်ပုံမျိုးမို့ ဇာနည်စိုးကို မိနိုင်ဘယ်လိုမှ ယုံကြည်လို့မရချေ။

ဘယ်အခါမဆို ရှောင်ဖယ်ဖယ်နေခဲ့တာလည်း သူ



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ ဒါတောင် အရက်တရားကင်းမဲ့စွာ ချဉ်းကပ်လာ ချင်သေးသည်။ ဒီအကြောင်းတွေက အလုပ်ပင်ပန်းတာ အဆူအငေါက်. အနှိမ်အချခံရတာတွေထက် သူမကို များစွာ စိတ်ဆင်းရဲစေတာမို့။

ဟိုနေ့က ဈေးသွားရင်း လမ်းမှာဒေါ်ပုနဲ့တွေ့တော့

"အဒေါ်မပုရယ် မိနိုင် ဟိုအိမ်မှာ ဘယ်လိုမှ နေ မပျော်ဘူး။ ရွာတောင် ပြန်ချင်တယ်"

ဟု စကားစမိသေးသည်။ ဒေါ်ပု ပြန်ပြောပုံက လည်း အားရှိစရာပါ။

"ဟဲ့ . . . ညည်းအဒေါ် မသင်းကြိုင်က သုံးလစာ ငွေကြိုယူပြီးသွားပြီ မိနိုင်ရဲ့၊ ပြန်လို့မပါဖြစ်မလား။ သုံးလ ပြည့်အောင်တော့ လုပ်ရမှာပဲ၊ ပြီးမှ တခြားအိမ်ကောင်း ကောင်း ငါ ရှာပေးမယ်" တဲ့။

အတင်းပြောတာတော့မဟုတ်။

ဒီအိမ် ဒီမိသားစုရဲ့ အခြေအနေကို ဒေါ်ပုကို ပြောပြ မိတော့ . . .



"သူဌေးသားက မျက်စိကျနေတာများအေ ရေး ကြီးခွင်ကျယ်ဖြင်းလို့။ ညည်း ရှူးနေသလား။ သူ့အမေကြီး မသိအောင် ညာချွဲစားလို့ရရင် အဆင်ပြေတာပဲဟာ"

"အို . . . မိနိုင် အဲလိုအစားထဲက မဟုတ်ဘူး။ သူကရော မိနိုင်လိုအိမ်ဖော်ကို အတည်ကြံပါ့မလား။ အဒေါ် သမီးတွေကို ဒီလိုလာလုပ်ရင်ရော လက်ပိုက်ကြည့်နေ မလား။ အဲဒီအခါကျမှသာ ညာစားတော့"

မိနိုင်က နဂိုဒေါသအခံနှင့် စိတ်မကောင်း ဖြစ်လှ စွာ ခံပက်တော့ ဒေါ်ပုမှာ ဆွေ့ဆွေ့ခုန်မတတ် ဖြစ်သွားကာ

"ဒီလိုဆိုလည်း ကိုယ့်ဘေးကိုယ် ကြည့်ရှောင်ပေါ့ အေ။ ဘာဘာညာညာတော့ ဖြစ်မလာစေနဲ့နော်။ ရွာမှာ ကျုပ်နာမည်အပျက်မခံနိုင်ဘူး"

ဟု မျက်နှာလွှဲခဲပစ် စကားမျိုးဆိုလေသည်။ တကယ်တမ်း သူမက မိနိုင်ကို ဘာများ အကာအကွယ်ပေး နိုင်လို့လဲ။ သူမလည်း သူဌေးတွေအိမ်မှာ အဝင်အထွက် အဆက်အဆံရှိတာကလွဲရင် အရေးပါ အရာရောက်လှသူမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ဒီတော့ ဒေါ်ပု ပြောသလို မိနိုင် ကိုယ့်ဘေးကိုယ် ကြည့်ရှောင်ရုံသာ ရှိတော့တာပေါ့။

"ဘာတွေ ဒီလောက်ငိုင်ပြီး စဉ်းစားနေတာလဲ မိနိုင်ရယ်။ စိတ်ညစ်စရာတွေရှိရင် ကိုယ့်ကိုပြော။ ဒီအိမ်မှာ အားလုံး ကိုယ့်စိတ်တိုင်းကျ ကိုယ့်သဘောပဲ"

"အို . . . အဲဒီမှာ ထိုင်နေပါ။ မိနိုင် ယူလာခဲ့မယ်"

ဇာနည်စိုးက မိနိုင် နောက်ကျောနားမှာ လာရပ်ရင်း မိနိုင် ပခုံးသားလေးကို သူ့မေးဖျားနှင့် ထိမိတော့မတတ် အုပ်မိုးငုံ့ကိုင်းပြီး ပြောလာတာမို့ ခပ်ဆတ်ဆတ်ပဲ ပြန်ပြောလိုက်မိ၏။

မိနိုင် ဘာပဲပြောပြော သူကတော့ အရှက်မရှိ မျက်နှာရှူးဆန်လှစွာ တဟဲဟဲရယ်ရင်း . . .

"မိနိုင်ကလည်းကွာ အဲလောက် အဖြစ်သည်းမနေစမ်းပါနဲ့။ ကိုယ်က မိနိုင်ကို စိတ်ဝင်စားနေတာ ဂုဏ်တောင် ယူရဦးမှာ။ ရှင်းရှင်းပြောရရင် မိနိုင်ကို ကိုယ်ချစ်တယ်"

သူ့ရဲ့ ထွက်သက်လေငွေ့နွေးနွေးက မိနိုင်ရဲ့





လည်တိုင်ရှင်းရှင်းလေးဆီမှာ ရိုင်းပျစွာ ကလူကျီစယ်သွားတာမို့ မျက်စိတွေပြာသွားတော့မတတ် ရှက်ဒေါသဖြစ်မိကာ . . .

"ရှင် ဘယ်လိုလူလဲ။ ငါ့အိမ်မှာ လာကပ်နေရတဲ့ အိမ်ဖော်ပဲ၊ အလုပ်သမားပဲ ဆိုပြီးတော့ အနိုင်ကျင့်မယ် မကြံနဲ့နော်"

"ဟာ . . . ကွာ။ နိုင်လေးကလည်း ကိုယ်က နိုင်လေးကို မြင်မြင်ချင်းချစ်မိသွားလို့ ချစ်မိတယ်ပြောတာ အနိုင်ကျင့်တာမှ မဟုတ်တာ။ အခု အိမ်မှာ နှစ်ယောက်တည်းရှိတုန်း ကိုယ်က"

"ရှင် . . . ရှင် ပါးစပ်ပိတ်ထားနော်"

မိနိုင် သူ့ဘက်ကို လှည့်ပြီး ရက်လန့်ကြောက်ရွံ့စွာ အော်ပစ်လိုက်မိသည်။

စိတ်လှုပ်ရှားခြင်းကြောင့် မိနိုင် နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်နေရသည်။

ခပ်ပြင်းပြင်း အသက်ရှူနှုန်းကြောင့် သူမ ရင်အုံ



www.burmeseclassic.com

www.burmeseclassic.com



က လှိုင်းထန်နေသည်။ ပြည့်ဖောင်းတင်းရစ်နေသော သူမ ကိုယ်လေးကို စုန်ဆန်ဝေ့ဝဲသွားတဲ့ မျက်လုံးတွေက ရွှံ့ရှာ စက်ဆုပ်ဖွယ် ကောင်းလွန်းနေ၏။

"ကြည့်ရတာ သိပ်စိတ်လှုပ်ရှားနေတယ် ထင် တယ်။ နိုင်လေးက သိပ်ချစ်ဖို့ကောင်းတာပဲ။ ကြည့်ရင်းနဲ့ ကိုယ့်ရင်ထဲမှာ မင်းကို ချစ်တဲ့စိတ်တွေ ပြည့်သိပ်တင်းကျပ် လာပြီ။ ကြာရင် ဟောဒီ ရင်ဘတ်ကြီး တစ်ခုလုံး ပွင့်ထွက် သွားတော့မယ်ထင်တယ်။ ကိုယ့်ရင်ခုန်သံကို နားမထောင် ချင်ဘူးလား နိုင်လေးရယ်"

ပြောပြောဆိုဆို သူ့လက်အစုံက မိနိုင်ရဲ့ ကိုယ်လုံး အိအိလေးကို သိမ်းကျုံးပွေ့ဖက်ရန် ပြင်လာတာမို့ မိနိုင် သူ့ရင်ဘတ်ကို ဆတ်ခနဲ တွန်းဖယ်ပစ်လိုက်ကာ ထိုနေရာမှ ပြေးထွက်ရန် ပြင်လိုက်ပေမယ့် . . .

"ဟင်း . . . ဟင်း . . . ကိုယ့်ကို ဒီလို ဟပ်(ဖ်)ဗီလင် ကြီးနဲ့ ထားခဲ့ပြီး ထွက်ပြေးသွားတော့မလို့လား နိုင်လေးရဲ့ ဟင်၊ ကိုယ့်ကို နည်းနည်းမှ မကြည်ဖြူဘူးလား"



"ဟင့် . . . ရှင် . . . ရှင်နော်"

ထမင်းစားခန်းတံခါးကို ကျောမှီရင်း အရှက်မရှိ ပြောနေပုံက အမြင်ကပ်ချင်စရာ။

နေမြင့်လို့ အရှုးရင့်လာသလို ပိုပြီး သဲမဲပြင်းထန် လာသည့် သူ့ရဲ့စိတ်ရိုင်းစိတ်မိုက်ကို မိနိုင် ပိုမိုထိတ်လန့်လာ မိကာ အခန်းထဲ မျက်စိကစားရင်း ထွက်ပြေးလွတ်မြောက်ဖို့ ကိုသာ အလောတကြီး ရှာဖွေနေမိလေသည်။

"ရှင် . . . ရှေ့တိုးမလာနဲ့နော်။ ကျွန်မ အော်လိုက် မှာ"

"ဘာလို့ သက်သက်မဲ့ အပင်ပန်းခံချင်ရတာလဲ နိုင်လေးရယ်။ မင်းအော်တာ ဘယ်သူက ကြားမှာလဲ။ ဒီအိမ် ကြီးတစ်လုံးမှာ မင်းနဲ့ကိုယ် နှစ်ယောက်တည်း။ ကိုယ့်အချစ် ကို ကြည်ဖြူလက်ခံလိုက်ဖို့ ဘယ်လောက် ဝန်လေးခက်ခဲ နေလို့လဲ"

"တော်စမ်း . . . ရှင် . . . ယုတ်မာမယ်မကြံနဲ့နော်။ ဒီမှာတွေ့လား မလုပ်ရဲဘူး မထင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်တွေထားသည့် စင်နားတရွေ့ရွေ့ရောက်သွားမိသော မိနိုင်မှာ လက်နောက်ပြန် စမ်းမိရင်း မာမာချွန်ချွန်အရာတစ်ခုကို တွေ့ရတာမို့ ကောက်ကိုင်လိုက်တော့ လက်ထဲပါလာတာက ထမင်းစား ခက်ရင်းတစ်ချောင်းဖြစ်နေသည်။

အဲဒါကိုပဲ လက်ထဲ ကျစ်ကျစ်ဆုပ်ကာ အခန်းထောင့် ဘေစင်နားမှာ တောင့်မတ်စွာရပ်နေလိုက်၏။

ဇာနည်စိုးက အပြုံးမပျက် လက်ပိုက်ရင်း သူမခန္ဓာကိုယ်ကိုသာ တပ်မက်ယစ်မူးစွာ စိုက်ကြည့်ရင်း ရှေ့ကို တစ်လှမ်းချင်း တိုးကပ်လာသည်။

သူ့နှုတ်က ရေရွတ်နေတဲ့ ပလီစိချောက်ချက် အလေနတော စကားတွေကို မိနိုင် မကြားရတော့ဘဲ သူ့မျက်နှာရဲရဲကိုကြည့်ပြီး ကိုယ့်နှလုံးခုန်သံကိုသာ တဒိန်းဒိန်း ပြန်ကြားနေရသည်။

ကျားငစဉ်းလဲလိုပဲ ရက်စက်သူဖြစ်ပါစေ၊

မြေခွေးလိုပဲ ကောက်ကျစ်ယုတ်မာသူဖြစ်ပါစေ။

•——ပွှေသော——•



မိနိုင် အရှက်ကို အသက်နဲ့လဲပြီး ကာကွယ်ဖို့ ကျားသစ်မလေးလို ရဲရင့်စွာ စောင့်စားနေလိုက်၏။

"လက်ထဲက ခက်ရင်းကြီးကို ချထားစမ်းပါ နိုင်လေးရယ်။ အချစ်ရဲ့ ချိုမြိန်တဲ့အရသာကို ခံစားဖို့ ဒါတွေမလိုပါဘူး"

"ရှင့် ပါးစပ်ကိုပိတ်ထား။ ရှေ့ကို ထပ်မတိုးနဲ့တော့နော်။ တကယ် ထိုးချလိုက်မှာ"

ဒေါသဖြစ်ခြင်းတစ်ဝက် ကြောက်ရွံ့ထိတ်လန့်ခြင်းတစ်ဝက်နှင့် သူမ အသံလေးက တိုးရိုက်တုန်ယင်နေရှာသည်။

ဇာနည်စိုးက ဘာကိုမျှ ဂရုမစိုက်လေဟန်နှင့် မိနိုင်ရဲ့အလှအပတွေကိုသာ တရှိုက်မက်မက် ခံစားရင်း ရှေ့သို့ တရွေ့ရွေ့ တိုးကပ်လာသည်။

"ရှင် . . . ရှင် . . . အနားကပ်မလာနဲ့နော်"

မိနိုင်ရဲ့ ပြာအက်အက် အော်သံအဆုံး သူက ဟွန်းခနဲ တစ်ချက်မဲ့လိုက်ကာ . . .

•——ပွှေသော——•

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လို မိန်းကလေးမျိုးတွေက အစပိုင်းတော့ ဒီလိုပါပဲ။ အသက်အသေခံမယ် ဘာမယ်နဲ့ စကားကြီး စကားကျယ်တွေပြောပြီး နောက်ကျတော့လည်း ဟင်း . . . ဟင်း"

"ရှင် . . . မိုက်ရိုင်းလှချည်လား။ ရှင့်မှာ နမရှိပြီး ကိုယ်ချင်းမစာတတ်ဘူးလား"

"ကိုယ်ချင်းစာရအောင် ကိုယ့်ညီမနဲ့ မင်းနဲ့က တူလို့လား"

မြတ်စွာဘုရား။

မိနိုင် မျက်လုံးတွေ ပြာဝေမှောင်မိုက်သွားရသည်။

ကယ်ပါဦး။

ကိုလတ်ရေ မိနိုင်ကို မကယ်နိုင်တော့ဘူးလား။

လှစိတ်ကင်းမဲ့နေတဲ့ ဒီအယုတ်တမာလက်ထဲမှာ မိနိုင်ဘဝက ချက်ချင်းဖောက်ထိုးမိုးမျှော် ပြောင်းပြန်တွေ ဖြစ်သွားရတော့မှာလား။

"ကယ်ကြပါဦးရှင် . . . ဟောဒီမှာ ကျွန်မကို"





"ဟိတ် . . . ဟေ့ . . . မင်းပါးစပ်ပိတ်ထားစမ်း"

မျက်စိစုံမှိတ်ပြီး အော်ချပစ်လိုက်သော မိနိုင် အသံစူးစူးကြောင့် ဇာနည်စိုး မျက်လုံးကြီး ပြူးသွားကာ . . .

အတင်းတိုးကပ်လာပြီး မိနိုင်ပါးစပ်ကိုပိတ်ဖို့ ကြိုးစားလေတော့။

မိနိုင် သူ့လက်တွေကို ဆွဲဖယ်ရှုရင်း နှုတ်မှလည်း အားရှိသရွေ့ဝူးဝူးဝါးဝါးနှင့် အော်ဟစ်ကာ မြင်မြင်သမျှကို အတင်းကုတ်ဆွဲနေမိသည်။

"မင်းက ရှော့မော့ပြောနေလို့ ရောင့်တက်နေတယ်ပေါ့ . . . ဟုတ်လား"

ကြိတ်မနိုင် ခဲမရ ကြိမ်းမောင်းသံအဆုံး သူက မိနိုင်ကို မရမက ကြံစည်ဖို့ကြိုးစားတော့၏။

မိနိုင် အင်္ကျီပါးပါးလေးက သူ့လက်ထဲသို့ ဗြိခနဲ စုတ်ပြဲကာ တချို့တစ်ဝက်ပါသွားသည်။

မျက်လုံးထဲ မီးပွင့်မီးပွားတွေ လွင့်စင်သွားသလို ခံစားလိုက်ရတာမို့ မိနိုင် ဘေးမှာကျနေသည့် ခက်ရင်းကို



www.burmeseclassic.com

www.burmeseclassic.com



ယူကာ ဘယ်နေရာမှန်းမသိ အားကုန်ထိုးစိုက်ချလိုက်၏။

"အား"

သရဲ၊ သဘက် ပူးကပ်နေသလို ရမ္မက်မီးတောက်လောင်နေသော ဇာနည်စိုးမှာ လက်မောင်းမှာ စိုက်ဝင်နေသော ခက်ရင်းနှင့် တစက်စက်စီးကျလာသော သွေးများကြောင့် လန့်ဖျပ်သွားသလို နောက်ကို ဆုတ်သွားတော့၏။

ဒဏ်ရာမှ ဝေဒနာကြောင့် ကြောက်လန့်အံ့သြနေသည့် ဇာနည်စိုးမှာ ဘာလုပ်ရမှန်းမသိ မှင်တက်မိနေခိုက် မိနိုင် ထမင်းစားခန်းတံခါးကို ပြေးဖွင့်လိုက်စဉ် . . .

"ဟဲ့ . . . ခေါ်မကြား အော်မကြား တစ်ယောက်မှ မရှိဘူးလား။ ဟင် . . . ဒါက ဘယ်လိုဖြစ်"

ရုတ်တရက် အပြင်မှပြန်လာသော ဒေါ်စိုးစိုးငွေကို မြင်လိုက်ရတာမို့ မိနိုင်မှာ အားကိုးရပြီမို့ ဝမ်းသာသွားမိကာ၊

"မိနိုင်ကို ကယ်ပါဦး အန်တီရယ်။ သူ . . . သူ မိနိုင်ကို ဖျက်ဆီးဖို့ကြံနေတာ"

ဒေါ်စိုးစိုးငွေရဲ့ တအံ့တသြအကြည့်က ဖရိုဖရဲ ဖြစ်





နေသော မိနိုင် ကိုယ်ပေါ်မှခွာကာ ထမင်းစားခန်းထဲမှ ထွက်လာသော ဇာနည်စိုးဆီ ရောက်သွားတော့၏။

လက်မောင်းမှ ဒဏ်ရာကသွေးတွေ တအားထွက်နေတာမို့ တီရှပ်ဖြူဖြူတစ်ခုလုံး မြင်မကောင်းအောင် နီရဲစွန်းပေနေတာ မြင်ရပြန်တော့ ဒေါ်စိုးစိုးငွေမှာ သားဖြစ်သူကိုပဲ စိတ်ပူသွားမိတော့၏။

"မဟုတ်ဘူး မေမေ။ သူ သားကို ခက်ရင်းနဲ့ထိုးတာ။ အိမ်က ပစ္စည်းတွေခိုးထုတ်ဖို့ ကြိုးစားနေတာ သားတွေ့သွားလို့ သားကို ခက်ရင်းနဲ့ထိုးပြီးထွက်ပြေးတာ"

"အို . . . မဟုတ်ဘူး။ သူ မိနိုင်ကို စော်ကားဖို့ ကြိုးစားလို့ ထိုးလိုက်မိတာ။ မိနိုင်ကို ယုံပါ အန်တီရယ်။ မိနိုင် သူခိုး မဟုတ်ပါဘူး"

ဒေါ်စိုးစိုးငွေ မျက်မှောင်ကြုတ်ရင်း သူမကို ငဲ့ကြည့်လိုက်သည်။

ပုံစံကြည့်လိုက်တာနဲ့ ဘယ်လို ရှန်းရင်းဆန်ခတ်တွေ ဖြစ်ထားတယ်ဆိုတာ သိလိုက်ပြီးသား။ ဒါပေမဲ့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သား ဒုက္ခရောက်မှာတွေ၊ ကိုယ့်မိသားစု သိက္ခာကျ အရှက်ရမှာတွေ အရှည်သဖြင့် စဉ်းစားလိုက်ပြီးပြီမို့။

"ဟဲ့ . . . ဘယ်သူခိုးက ခိုးတယ် ဝန်ခံမှာလဲ။ ငါ့သားက ညည်းလိုအိမ်ဖော်မကို ကြံစရာလား။ ညည်းက အရှက်မရှိ မြူဆွယ်ရင်တောင် ဂရုစိုက်မှာ မဟုတ်ဘူး"

မိနိုင်၏အန္တရာယ် အခက်အခဲတွေကြားမှာတုန်းက တောင် မျက်ရည်မကျဘဲ ခုမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာရတော့သည်။

သူမ ဒေါ်စိုးစိုးငွေ့ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်ရင်း . . .

"မိနိုင် အမှန်တွေပြောနေတာပါ အန်တီရယ်။ ဒီက ပစ္စည်းတွေခိုးပြီး မိနိုင် ထွက်သွားမယ်ဆိုရင်တောင် ဘယ်မှ မသွားတတ်ပါဘူး။ အဲလို ခိုးဖို့ကြံမိတယ်ဆိုရင် မိနိုင် သံသရာအဆက်ဆက် ဆင်းရဲဒုက္ခနဲ့တွေ့ပါစေရဲ့၊ တကယ် မခိုးမိပါဘူး အန်တီရယ်"

မျက်ရည်တွေအရွှဲသားနှင့် ဒေါ်စိုးစိုးငွေ ရှေ့မှာ

---



လက်အုပ်ကလေးချီလျက် တောင်းပန်နေသော မိနိုင်ကို ကြည့်ကာ ဇာနည်စိုး အံ့ကြိတ် တောက်ခေါက်လိုက်မိသည်။

"ဟေ့ . . . နင် အပိုတွေ ပြောမနေနဲ့။ သူခိုးမက လူ မိမှလာပြီး အာသနားခံနေတယ်။ ငါ . . . တယ်လုပ်လိုက်ရ"

"ဟဲ့ . . . သား"

ဇာနည်စိုးက မိနိုင်ကို ရိုက်မယ်ပုတ်မယ် တကဲကဲ လုပ်နေတာမို့ ဒေါ်စိုးစိုးငွေက ဝင်ရောက်ဟန့်တားပေမယ့် မျက်နှာရိပ်မျက်နှာကဲကတော့ မိနိုင်ကို နှိပ်စက်ချင်နေတာ အသိသာကြီးပင်။

မိနိုင် ဇာနည်စိုးမျက်နှာကို နာကြည်းရှုံ့မုန်းစွာ မော့ ကြည့်လိုက်မိ၏။

"ရိုက်လေ . . . ရိုက်စမ်းပါ။ မိနိုင်သာ ပစ္စည်းတွေ တကယ်ခိုးရင် ခုနကတည်းက ရိုက်သတ်လိုက်ပါလား။ ယောက်ျားနဲ့မိန်းမ ရှင်သတ်လည်း ခံရမှာပဲ။ အိမ်မှာ ဘယ် သူမှမရှိဘူးဆိုပြီး စော်ကားဖို့ကြံစည်တာ မအောင်မြင်လို့ ရှင် တနုံ့နုံ့ ဒေါသထွက်နေတာ မသိဘူးမှတ်နေလား"

---

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒီကောင်မ ကဲ . . . ဟာ"

"ဖြန်း"

"အား"

မိနိုင်ပါးပေါ်ကို အရှိန်ပြင်းပြင်း ကျရောက်လာသော ရိုက်ချက်ကြောင့် ကြမ်းပြင်ပေါ် ပုံခနဲ လဲသွားရ၏။

"သား . . . တော်တော့။ သူ့အလွန်က ကိုယ့်အလွန် အဖြစ်မခံနဲ့။ ဒီကောင်မကို ထောင်ထဲရောက်အောင် မေမေ ပို့မယ်"

"ဖြစ်ပါ့မလား မေမေ။ သူက မှုယာမာယာက ခပ်များများ။ ခုပဲကြည့် . . . သူ့အကျီတွေကို ကိုယ်တိုင် ဆုတ်ဖြဲပြီး သားကပဲ သူ့ကို မတော်မတရားကြံစည်သလိုလို ပုံစံဖမ်းထားတာ"

မိနိုင် အံတစ်ချက် ကြိတ်လိုက်မိသည်။

သားက ယုတ်မာသောကိစ္စကို အမေဖြစ်သူကပါ ရက်စက်ဖို့ကြိုးစားနေတာ မိနိုင် ခေါင်းငုံ့မခံတော့ . . .

ရုတ်တရက် လဲကျနေရာမှ ကုန်းထကာ အိမ်





အပြင်သို့ ပြေးထွက်လာခိုက် . . .

"လာကြပါဦးရှင် . . . ဒီမှာ အိမ်ဖော်မက ကျွန်မသားကို သတ်ပြီး ထွက်ပြေးသွားလို့"

ဟူသော ဒေါ်စိုးစိုးဌေးရဲ့အော်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အသံက မြို့ထဲမှသာကြားနိုင်ပြီး တောအိမ်တွေ ရုတ်တရက် မကြားနိုင်။

ရေတိမ်နစ်မလိုအဖြစ်က ကံကောင်းထောက်မပြီး လွတ်လာကာမှ မိနိုင် ဒုက္ခမရောက်လို။ ဖြစ်ချင်ရာဖြစ် ဒီအိမ်ရိပ်မှဝေးရာသို့သာ မိနိုင် အသက်လုကာ ပြေးထွက်လာဆဲ။

ဝင့်ကြွေးရှိရင် ဒီဘဝ ဒီမျှနဲ့ ကျေပါရစေတော့။

ဘယ်အထိ ပြေးရမယ်မှန်း မသိပေမယ့် ခြေလှမ်းတွေက ရပ်မသွား။

အန္တရာယ်အရိပ်ဆိုးက မိနိုင် နောက်မှာပါလာလား၊ မပါလာလား မသိနိုင်။

ဒါပေမဲ့ လှည့်မကြည့်စတမ်း သူမ ပြေးနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

သူ့ကို သက်လျာ မကျေမနပ်ဖြစ်နေတယ်ဆိုတာ သိပေမယ့် ဘယ်လိုနစ်သိမ့် ဖျောင်းဖျရမှန်းမသိသလို ချော့မော့ တောင်းပန်ဖို့လည်း စိတ်မပါလှချေ။

နစ်နဲ့ချိပြီး ကြာခဲ့ပြီဆိုပေမယ့် ဇဝေဇဝါ စမ်းတဝါးဝါးဖြစ်နေတဲ့ကိစ္စက ခုထိ နေသားမကျနိုင်တာ သူ့ကိုယ်သူလည်း နားမလည်နိုင်တော့။

အရာရာဟာ လွန်ခဲ့တဲ့ လေးနစ်နီးပါးကအတိုင်း





သူနဲ့စိမ်းသက်နေဆဲပင်။

ဘယ်လောက်အထိ စိမ်းနေသလဲဆိုလျှင် နေလက်ကျဆိုတဲ့ အမည်တစ်ခုကတောင် ကိုယ်နဲ့ ဘာမှမသက်ဆိုင်သလို ခံစားနေရဆဲမို့ သက်လျာကို အရင်းနီးဆုံး မိန်းကလေးမိတ်ဆွေဆိုတာထက်ပိုပြီး ခံစားလို့မရ။

သူ မေ့လျော့နေမိတဲ့အချိန်တွေမှာ ဘယ်လိုအနေအထားနှင့် ဘယ်သူတွေကို ပတ်သက်ထားမိသလဲဆိုတဲ့ စိတ်က သူ့ကို ဒွိဟ ဖြစ်စေသည်။ ဒါကြောင့် သူ သက်လျာကို လိပ်ပြာသန့်သန့်နှင့် ဆက်ဆံဖို့ မဝံ့ရဲခဲ့ချေ။

သက်လျာရဲ့မျက်လုံးတွေမှာတော့ သူ့ကို ရင်းနှီးစွာ တွယ်တာလိုတဲ့ အရိပ်အငွေ့တွေ တွေ့နေရသား။

ဒါပေမဲ့ သူ့ရင်ထဲမှာ သက်လျာကို ဘယ်လိုမှ စုံမက်နစ်သက်သည့် စိတ်မျိုးဝင်လို့မရ။

သူ့ဘဝက ဘာမဆို မေသွင်တို့ မေခင်တို့ ပြောပြမှ သိခွင့်ရ‌ရတဲ့အဖြစ်မျိုး။ ဒီလို ရှေ့နောက် မသေချာမရေရာတဲ့ဘဝမှာ အိမ်ထောင်ပြုတာတွေ၊ လက်ထပ်တာတွေကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဖို့ဝေးစွ ဘဝကို ဘယ်ကပြန်စရမှန်းတောင် မသိနိုင်တော့ချေ။

စိတ်ကူးယဉ်တယ်ပဲဆိုဆို။

ဖြစ်နိုင်လျှင် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို အမှတ်ရစရာ အဖြစ်အပျက်ကလေးတစ်ခုနှင့်တိုက်ဆိုင် ဆုံဆည်းကာ အတိတ်ကို ပြန်သတိရချင်ပြီ။ နံရံကိုပဲ ခေါင်းနှင့် ပြေးဆောင့်ရ, ဆောင့်ရ။ တိုက်ခေါင်မိုးပေါ်ကပဲ ခုန်ချရ, ချရ။

ခုချိန်မှာ သူဘယ်သူလဲဆိုတာသာ အသိချင်ဆုံးပါပေ။

"နေ"

"ဟင် . . . ပြောလေ သက်လျှာ"

"နေ ဘာတွေ စဉ်းစားနေတာလဲ"

သူ သက်ပြင်းရှိုက်မိပြန်သည်။

အကြိမ်ရာထောင်ချီ ဖြေခဲ့ဖူးသောစကားကို ထပ်မဖြေလိုတော့ပါ။

သက်လျှာက သက်ပြင်းဖွဖွရှိုက်ရင်း သူ့ပခုံးကို





ပုတ်ကာ နှစ်သိမ့်ပေးလေသည်။

"နေမဖြေပေမယ့် သက်လျှာ သိပါတယ်။ အတိတ်ကို မှတ်မိလိုမှတ်မိငြား စဉ်းစားနေတာ မဟုတ်လား။ အင်းလေ . . . နေ့နေရာမှာ သက်လျှာဆိုလည်း ဒီလို ခံစားရမှာပဲ။ သက်လျှာက နေ့ထက်တောင် ပိုပြီး မှတ်မိစေချင်သေးတယ်။ နေ့စိတ်ထဲမှာ အားလုံးက နေ့ကို ဝိုင်းညာနေတယ်လို့များ ခံစားနေရလားဟင်"

"မဟုတ်တာ။ ကျွန်တော် အဲလိုမထင်ပါဘူး"

သက်လျှာက အားတုံ့အားနာပုံစံနှင့် သူ့စိမ်းဆန်စွာ ငြင်းဆန်ရင်း တောင်းပန်စကားဆိုနေသော သူ့ကိုကြည့်ကာ ခပ်ယဲ့ယဲ့ ပြုံးလေသည်။

ထို့နောက် တရိပ်ရိပ်ပြေးနေသော ကားပေါ်မှ အပြင်ရှုခင်းတွေကို ငေးကာ . . .

"အားလုံးက တကယ် လိမ်ညာနေတယ်ဆိုရင်တောင် အဲဒီထဲမှာ သက်လျှာ ဘယ်တော့မှ မပါစေရပါဘူး။ နေ အဲဒါယုံပါ။ နေ ဆေးရုံကဆင်းကတည်းက သက်လျှာ



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာရှိတဲ့ ဓာတ်ပုံ အယ်(လ်)ဘန်တွေ ပြခဲ့ဖူးသားပဲ။ နေ ကိုယ်တိုင် ကိုယ့်မျက်နှာကိုယ် မြင်နေရတာတောင် မဖြစ်နိုင်ဘူးထင်နေသေးလားဟင်။ အန်တီသွင်တို့ အိမ်မှာဆို နေနဲ့ ပတ်သက်တဲ့ သက်သေအထောက်အထားတွေ ပိုလို့တောင် ပြည့်စုံပါသေးတယ်။ ကားအက်ဆီးဒင့် မဖြစ်ခင်က နေထားခဲ့တဲ့ အရိပ်အငွေ့တွေ ခြေရာလက်ရာ မပျက်ရှိနေတုန်းပဲဆိုတာ မခံစားမိဘူးလား။ ပြီးတော့ နေ မမှတ်မိပေမယ့် သူငယ်ချင်းတွေ အားလုံးက နေ့ကို မှတ်မိနေတာပဲလေ"

သူ ကားကို ဂရုတစိုက်မောင်းရင်း နှုတ်ဆိတ်နေမိသည်။

သက်လျာ ပြောတာတွေက အားလုံး အမှန်တွေမှန်း နားလည်သည်။

ဒါပေမဲ့ သူကိုယ်တိုင် တစ်ခုခု လွဲမှားချို့ယွင်းနေခြင်းကို နားမလည်နိုင်။ လမ်းမှာ အပေါင်းအသင်း သူငယ်ချင်းတွေက တွေ့တိုင်း နှုတ်ဆက်လည်း သူ ဘာမှမသိနိုင်ပြီ





မို့ ဇဝေဇဝါ ပြုံးပြရုံမှလွဲပြီး တခြား မတတ်နိုင်တော့သည့် ဘဝမျိုးပင်။"

"ကဲ . . . သိပ်လည်း ခေါင်းရှုပ်ခံမတွေးပါနဲ့တော့ နေရယ်။ ဆရာဝန်ပြောထားသလိုပဲ တစ်နေ့ နေ သတိရလာမယ့်အချိန်ကို စိတ်ရှည်ရှည်စောင့်ကြတာပေါ့။ ဟိုရှေ့ဆို ကွေ့ရတော့မှာနော်"

သက်လျာစကားကြောင့် သူ ရှားရှားပါးပါး ပြုံးဖြစ်သွားသည်။

"ကျွန်တော် သိပါတယ်"

သက်လျာကို မကြာခဏလာခေါ်နေကျ လိုက်ပို့နေကျဖြစ်သည့်အပြင် မေသွင်တို့နှင့်လာနေကျမို့ ဒီလမ်း ဒီခရီးကိုတော့ သူသိပါသည်။

"တီ"

လမ်းသွယ်ထဲ ချိုးကွေ့ဝင်ရမှာမို့ သူ ကားဟွန်းတီးလိုက်သည်။

"နေ ရှေ့မှာ လူ"



www.burmeseclassic.com

www.burmeseclassic.com



သက်လျာရဲ့ အော်သံနဲ့အတူ ရိပ်ခနဲ မြင်လိုက်ရသည့် ပုံသဏ္ဍာန်တစ်ခုကြောင့် သူ အချိန်မီ ဘရိတ်အုပ်လိုက်နိုင်သည်။

ဒါပေမဲ့ ပြေးလာသော လူရိပ်က ဘာရယ်ကြောင့်မသိ ကားနားအရောက် ပုံခနဲ ခွေလဲကျသွားတော့၏။ သူ အရမ်းစိတ်လှုပ်ရှားမိတာကြောင့် ငြိမ်သက်ဆွံ့အနေဆဲမှာ သက်လျာက စတီယာရင်ပေါ်မှ သူ့လက်ကို တစ်ချက်အုပ်မိုးဆုပ်ကိုင်ကာ အားပေးရင်း . . .

"ဘာမှမဖြစ်ဘူး နေ။ စိတ်အေးအေးထား။ သက်လျာ သွားကြည့်ပေးမယ်"

ဟု ဆိုကာ ကားပေါ်မှ ဆင်းသွားလေတော့၏။

"ညီမလေး . . . ညီမလေး"

ခြေထောက်မှာ ဖိနပ်မပါ၊ အင်္ကျီက မြင်မကောင်းအောင် စုတ်ပြဲနေပြီး တစ်ကိုယ်လုံး ချွေးစေးတွေရွှဲနစ်ကာ လဲကျနေသော မိန်းကလေးကို သက်လျာ ဆွဲထူပေးလိုက်သည်။





တင်ပါးလောက်ထိ ရှည်သော ဆံနွယ်တစ်ထွေးကြီးက ဖရိုဖရဲ ပြေလျော့ကျသည့်ကြားထဲမှ အားယူ မော့ကြည့်လာသော မျက်နှာလေးက သနားစဖွယ်။

ရှည်လျားကော့ပျံနေသော မျက်တောင်ရှည်တို့မှာ ချွေးလား၊ မျက်ရည်လား၊ မကွဲပြားသည့် အရည်ကြည်တချို့ နိုတွယ်လျက်။

အို . . . သူမ ပါးပေါ်မှာ လက်ဝါးရာ အနီစင်းကြီးက ထင်းလို့ပါလား။

နဂိုမို့ဖောင်းနေသော ပါးပြင်ကလေးက ပိုလို့ပင် ယောင်အမ်းနေရှာလေသည်။ သန္တာရောင် နီစွေးနေသော နှုတ်ခမ်းဖူးဖူးလေးသည်လည်း ကြောက်ရွံ့ အားငယ်ခြင်းကြောင့် တဆတ်ဆတ်တုန်နေရှာလေသည်။

သူမလေးကိုကြည့်ပြီး သက်လျာရင်ထဲ နင့်အောင် ကရုဏာသက်သွားမိလေတော့၏။

ရုပ်ကလေး လှပချောမွေ့သလောက် နွမ်းပါး စုတ်ချာသော အဝတ်အစားနှင့် ချွေးသံတရွှဲရွှဲ ပြေးလာသော



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ နောက်ကြောင်းရာဇဝင်ကိုလည်း စိတ်ဝင်စားသွားမိ၏။

"ညီမ ဘာမှမဖြစ်ဘူးနော်"

တသိမ့်သိမ့်ရှိုက်ရင်းမှ ခေါင်းလေးကို သွက်သွက်ခါအောင် ယမ်းလိုက်ပုံက ပကတိ ရိုးသားဖြူစင်စွာ။ ထို့နောက် သက်လျာကို မော့ကြည့်ပြီး . . .

"မိနိုင် . . . မိနိုင်ကို ကယ်ပါဦး မမရယ်။ မိနိုင်နောက်မှာ သူတို့တွေ လိုက်လာကြသလားမသိဘူး"

ဟု ဗလုံးဗထွေးပြောလာသောကြောင့် သက်လျာ သူမ ပြေးလာရာ လမ်းကို မျှော်ကြည့်လိုက်သည်။ ဆိတ်ငြိမ်ရပ်ကွက်ကြီးရဲ့ လမ်းမကျယ်ဘက်မှာ လူသွားလူလာ ရှင်းလင်းလျက်။

ဒီရပ်ကွက်မှာ သက်လျာ နေလာတာ နှစ်အတော်ကြာခဲ့ပါပြီ။ သူမလေးကိုတော့ တစ်ခါမှ မမြင်ဘူးချေ။

"သူတို့ . . . သူတို့ဆိုတာက"

"မိနိုင်ရဲ့ အိမ်ရှင်တွေပါ။ သူတို့က မိနိုင်ကိုတွေ့ရင်





ထောင်ထဲပို့မယ်တဲ့။ မိနိုင် သူခိုးမဟုတ်ဘူး။ လူသတ်သမားလည်း မဟုတ်ပါဘူး။ မိနိုင်ကို ကယ်ပါ မမရယ်။ မိနိုင်ကို သူက စော်ကားဖို့ ကြိုးစားလို့ ကာကွယ်မိတာပါ။ မိနိုင် ပြောတာကို ယုံပါရှင်"

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်လည်း အားကိုးရာမို့ မိနိုင် အတင်းစွတ်ပြီး အကူအညီတောင်းနေမိသည်။

လုပန္နးညှိုးသော သူမမျက်ဝန်းတွေမှာ သနားကရုဏာရိပ်တွေ တွေ့လိုက်ရတော့ မိနိုင် အားတက်လိုက်သည့် ဖြစ်ခြင်း။

ဘယ်လိုပြောရမှန်းပင် မသိတော့ချေ။

ဒီလောက်ဆို သက်လျာ သဘောပေါက်သွားပြီ။

သူမလေးဟာ ဒီရပ်ကွက်ထဲက အိမ်တစ်အိမ်မှ အိမ်ဖော်တစ်ယောက်သာဖြစ်ရမည်။ အိမ်ရှင်ထဲက တစ်စုံတစ်ယောက်က ယုတ်မာဖို့ကြံစည်တာကို ခုခံရင်း ခြေဦးတည့်ရာပြေးလာခဲ့ပုံရသော မိန်းကလေးရဲ့အဖြစ်ကို စဉ်းစားမိန



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပီပီ နားလည်သွားမိကာ . . .

"ကဲ . . . အဲဒါတွေ နောက်မှပြော အခု မမအိမ်ကို လိုက်ခဲ့ ဟုတ်ပြီလား။ ဘာမှမကြောက်နဲ့။ အမှန်တရား အတိုင်းဖြစ်စေရမယ်။ တရားဥပဒေဆိုတာရှိတယ်"

တရားဥပဒေဆိုသောစကားကြောင့် မိနိုင် ကတ္တရာ လမ်းမထက် လဲနေရာမှ မထနိုင်တော့ဘဲ မျက်လုံးလေး ဝိုင်းဝိုင်းလည် သွားရသည်။

"မိနိုင် . . . မိနိုင် သူ့ကို ခက်ရင်းနဲ့ ထိုးခဲ့မိတာ ထောင်ကျမှာလားဟင်"

သက်လျှာ မျက်ခုံးပင့်သွားရ၏။

"သူ သေသွားပြီလား"

မိနိုင် ခေါင်းကို ခါးယမ်းပြရင်း . . .

"ဟင့်အင်း . . . လက်မောင်းကို ထိသွားတာပါ။ မသေပါဘူး"

"တော်သေးတာပေါ့။ အဲဒါဆို ဘာမှမဖြစ်ပါဘူး။ လာ . . . ကားပေါ်တက်။ မမအိမ်က ဒီရပ်ကွက်ထဲမှာပဲ"



မိနိုင် ရှေ့ဆက်ပြေးစရာ မြေမရှိတော့သလို စိတ် လျှော့လိုက်ပြီမို့ သူမ ခေါ်ရာနောက်သို့သာ လိုက်ဖို့ဆုံးဖြတ် လိုက်သည်။ သူမ ပုံစံက သနားကြင်နာပြီး အရာရာကို သမာသမတ်ကျကျ တွေးခေါ်ဆုံးဖြတ်ပေးမည့် ပုံမျိုးပင်။

"လာ . . . ထ မမလက်ကို တွဲလိုက်"

ဖြူဝင်းနုဖတ်နေသော သူမ လက်ဖဝါးလေးကို ဆွဲ ကိုင်မိတယ်ဆိုရင်ပဲ မိနိုင်ရင်ထဲ နွေးမြသော လုံခြုံမှုတစ်ရပ် စီးဝင်ကူးစက်သွားသလိုပင် ခံစားလိုက်ရလေသည်။

သူမ ခေါ်ဆောင်ရာ ကားပေါ်သို့ တက်မည်အပြု

"သူ . . . ဘာမှမဖြစ်ပါဘူးနော် သက်လျှာ"

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် မိနိုင် အံ့သြတုန်လှုပ်သွားမိသည်။

တစ်လောကလုံးမှာ တစ်မျိုးတည်းသာရှိနိုင်ပြီး မှားလောက်စရာမရှိသော ဤအသံရှင်ကား မည်သူနည်း။ ချိုမြလိုက်လှဲပြီး ဩဇာအာဏာအပြည့်အဝပါသော အသံ မျိုး . . .

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မိနိုင် ကိုးစားယုံကြည်ပြီး အလေး အနက်နာခံခဲ့ရသော အသံ . . .

ရှေ့ခန်း ကားမောင်းသူနေရာမှာ ထိုင်နေသူဆီ မိနိုင် လှမ်းကြည့်မိစဉ်မှာတော့ . . .

ရင်ထဲမှာ လျှောင်တစ်ခုဖြစ်ပေါ်သွားသလို။ မိနိုင် နင်းထားမိသော မဟာပထဝီမြေကြီး သွက်သွက်ခါ လည် ထွက်သွားသလားပင် ထင်မှတ်လိုက်ရတော့၏။

"ကို . . . ကိုလတ်"

ဆည်းလည်းခတ်သံ၏ ညင်သာခြင်းမျိုးနှင့် သံ လိုက်၏ဆွဲငင်ခြင်းမျိုး ပေါင်းစပ်ထားသော ကံရုဏာသက် ဖွယ် တိုးတိုးတုန်တုန်အသံလေးကြောင့် သူ ခေါင်းငဲ့ကြည့် လိုက်မိသည်။

မျက်ဝန်းရွှဲရွှဲလေးတွေက ဝိုင်းစက်နေပြီး ထိုမျက် ဝန်းအကြည့်တွေထဲမှာ ရင်းနှီးကျွမ်းဝင်မှုတွေ ရာထောင် မကရှိနေတာ အတိုင်းသားမြင်လိုက်ရတာကြောင့် သူအံ့သြ သွားမိ၏။



သူမကို သူ မသိတာလည်း အမှန်ပင်။

ဒါပေမဲ့ ရင်ထဲမှာတော့ လှုပ်ရှားယိမ်းထိုးသွားရ သည်။

ဘာကြောင့်များလဲ။

"ကိုလတ် . . . ကိုလတ် ဟုတ်တယ်မှတ်လားဟင်"

သူ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်တော့ သူမ မျက်နှာလေးက ရုတ်ခြည်း ညှိုးရော်နွမ်းလျသွား၏။

"ညီမလေးက နေ့ကို သိလို့လား"

"ဟုတ်ကဲ့ သိပါတယ်။ သူ ကိုလတ်မဟုတ်လား ဟင်"

သက်လျှာ နားလည်ရခက်စွာ သူမကို ကြည့်လိုက် မိ၏။ နေ့နာမည်က နေလကျော် ဆိုပေမယ့် ကိုလတ်လို့ ဘယ်သူမှမခေါ်တာလည်း အမှန်ဖြစ်သည်။

"သူက ညီမလေးက သိတဲ့သူ မဟုတ်လောက်ဘူး ထင်တယ်။ သူ့နာမည်က နေလကျော်တဲ့"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



မိနိုင် ဝမ်းနည်းရမလို၊ ဝမ်းသာရမလို ဖြစ်သွားရသည်။

ကိုလတ်မှ ကိုလတ် အစစ်ပါ။

ဒီမျက်ဝန်းတွေက ဘာကိုမှ မသိနားမလည်သလို ကြောင်စီစီဖြစ်နေတာတစ်ခုကလွဲရင် အသံတွေ၊ အကြည့်တွေက ကိုလတ်မှ ကိုလတ်ပါလို့ ဝန်ခံနေသလိုပင်။

နေလကျော်ဆိုတဲ့နာမည် အသစ်အဆန်းတစ်ခုကလွဲရင် သူဟာ ကိုလတ် ဆိုတာ မိနိုင် အသိဆုံးပါ။

"လောကမှာ လူတူမရှား၊ နာမည်တူ မရှားပါ ညီမရယ်။ ကဲ . . . ကဲ . . . ကားပေါ်တက်"

မိနိုင် သူ့မ စကားအတိုင်း ယောင်ချာချာ ကားပေါ်တက်ထိုင်ရပေမယ့် သူ့ထံမှ အကြည့်တို့ကို မလွှဲဖယ်မိသေးချေ။

လူတူမရှားဆိုတာ ကြားဖူးပါတယ်။

ဒီလောက်တောင် တူနိုင်လွန်းတာတော့၊

အို . . . မိနိုင်တို့ ရေကျော်ရွာသစ်တစ်ရွာလုံး၊





ကံကောင်းရွာသစ်တစ်ရွာလုံး ဘယ်သူတွေပဲတွေတွေ့ ကိုလတ်ဆိုတာ မှတ်မိကြမှာပါ။

ဒါပေမဲ့ ကိုလတ်က သေဆုံးခဲ့ပြီပဲ။ သူ့ကို ကိုလတ်အဖြစ် မိနိုင် ဘာလို့ရူးသွပ်မိုက်မဲစွာ စွပ်စွဲချင်ရတာလဲ။

"ညီမ . . . ဒီအင်္ကျီလေး ဝတ်ထားလိုက်နော်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် မမရယ်"

ပခုံးသားဝင်းဝင်းလေးတွေပေါ်ကာ ဖရိုဖရဲဖြစ်နေရှာသည့် ယဉ်ယဉ်ချောချော မိန်းကလေးဟာ ခုန အသက်လုပြေးခဲ့ရသည့် အဖြစ်ဆိုးကြီးကို မေ့လျော့ကာ ကြေကွဲဆို့နင့်ကာ လွမ်းမောဖွယ်ကောင်းသော အကြည့်မျိုးနှင့် နောက်ကြည့်မှန်ကနေ နေ့ကို လှမ်းကြည့်နေသည်ကို မြင်လျှင် သက်လျာရင်ထဲ သဝန်တိုသွားမိသလိုပင် ဖြစ်ရလေသည်။

မိနိုင်ကတော့ ရှုပ်ရှုပ်ယှက်ယှက် ပြဿနာတွေ တက်လာနိုင်သည့် အခြေအနေတွေကြားထဲမှ ကရုဏာကြီးစွာ ကယ်တင်ခဲ့လေသော ကျေးဇူးရှင် မမရဲ့ မျက်နှာရိပ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကဲကိုပင် ဂရုမထားမိဘဲ ကိုလတ်နှင့် တစ်ထေရာတည်းတူသည့် နေလကျ်ာကိုသာ တရှိုက်မက်မက်အကြည့်များနှင့် ငေးမောတ. သနေမိ၏။

ကားလေးက အဆင်သင့် ဖွင့်ထားသော ခြံကျယ်ကြီးတစ်ခုထဲသို့ ချိုးကွေ့ဝင်ရောက်သွားပြီး ပန်းနုရောင်နှစ်ထပ်တိုက်ကြီးရဲ့ ဆင်ဝင်အောက်မှာ ထိုးရပ်လိုက်တော့မှ မိနိုင် ပစ္စုပ္ပန်ကို သတိဝင်လာရသည်။

"ဆင်း . . . ညီမလေး။ ဒါ မမတို့အိမ်ပဲ"

မိနိုင် အရုပ်ကလေးတစ်ရုပ်လို ကားပေါ်က ဆင်းလိုက်တာကို သူက အသေအချာ ကြည့်နေသည်။ သူ့ နှုတ်ခမ်းတွေကို စူးစိုက်ငေးရင်း . . .

"မိနိုင်" ဟု ဝမ်းသားအားရ နှုတ်ဆက်လေတော့ မလားရယ်လို့ ထင်မှတ်မျှော်လင့်မိကာ မိနိုင် ပြုံးပြလိုက်မိ၏။

အမှတ်မထင် ပြုံးလိုက်သော သူမ နှုတ်ခမ်းဖူးဖူးလေးကို ကြည့်ပြီး သူ ဘာပြန်ပြောရမှန်း မသိတာကြောင့်





ပြုံးပြလိုက်သည်။

ရင်ထဲမှာ အေးသွားသလိုလို နွေးသွား သလိုလို။

"နေ အထဲဝင်ဦးလေ"

သက်လျာအသံက စိတ်ကူး အိပ်မက်တစ်ခုမှာ ရှိဝေမျောပါတော့မလို ဖြစ်သွားသည့် သူ့ကို ပြန်လည်ဆွဲယူခေါ်ငင်လိုက်သလိုပင်။

ကြည့်စမ်း . . . သူ့လက်ဖျားတွေဟာ အေးစက်လို့ ရင်တွေ တအားကို ခုန်နေတာပါလား မိန်းကလေးရယ်။

ကိုယ်က မင်းပြောတဲ့ ကိုလတ် မဟုတ်ပေမယ့် ကိုယ့်စိတ်ထဲမှာ မင်းမျက်ဝန်းတွေကို တရင်းတနှီးကြီးကို ခံစားနေရပါတယ်။

ခုမှစတွေ့ကြတဲ့ သူတို့နှစ်ယောက်ဟာ သက်လျာကိုတောင် ဂရုမစိုက်ကြဘဲ အပြန်အလှန် ဆွေးဆွေးမြည့်မြည့်ကြည့်ပြီး မျက်ဝန်းစကားတွေ ဆိုနေတာဖြင့် မဆုံးနိုင်အောင်ပါလား။

အမြဲလို ငေးရီကြောင်စီနေတတ်သည့် နေဟာ ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမလေးကို ကရုဏာသက်တာလိုလို၊ ခင်မင်နှစ်လိုတာလိုလို ဘာမှန်းမသိသည့် အရိပ်အယောင်တွေ ပြလို့ရယ်။

ကဲကြမ္မာရယ်။

ဘယ်လိုဖြစ်ရတာလဲ။

သက်လျာ သက်ပြင်းတစ်ချက် ရှိုက်ရင်း သူမကိုယ် သူမ မိနိုင် မိနိုင် ဟု ထည့်ပြောတတ်သော ကောင်မလေး၏ အေးစက်စက် လက်ဖဝါးလေးကို တင်းတင်းဆုပ်ကာ အိမ်ထဲသို့ ဦးဆောင်ဝင်ရောက်လာခဲ့သည်။

"ဟော . . . သမီး ပြန်လာပြီ။ ဘုရားသံကြားတယ်။ ဟင်းအိုးတူးမှာစိုးတာနဲ့ ထွက်မကြည့်တာ။ သားလည်း ပါတာကိုး။ ဒါနဲ့ သူ့လေးက"

မေမေက သက်လျာဘေးမှာ ကုပ်ကုပ်လေးပါလာသည့် မိနိုင်ကို ကြည့်ကာ တအံ့တသြမေးလေ၏။

"နောက်မှ ရှင်းပြမယ် မေမေ၊ ခုတော့ သူ့ကို ရေအေးအေးလေးတစ်ခွက်နဲ့ မေမေ့သည်းခြေဆေးလေး နည်း





နည်း တိုက်ရအောင်"

"အေး . . . အေး . . . ရမယ် သမီး"

ဆုပ်ညှစ်ခြေမွခံထားရသည့် ပန်းပွင့်လေးလို နွမ်းဖျော့ညှိုးရော်နေသည့် သူမ၏ပုံစံလေးကို ကြည့်ကာ ဘာမှန်းညာမှန်းမသိသေးသော မေမေကပင် စိတ်ပူပန်စိုးရိမ်ဟန်နှင့် နလုံးသည်းခြေဆေးနှင့် ရေတစ်ခွက်ကို အပြေးကလေး သွားယူပေးလေသည်။

"သောက်လိုက် သမီး။ သောက်လိုက်ရင် ရင်တုန်တာ၊ ခေါင်းမူးတာတွေ ကောင်းတယ်။ ဆေးက အဝင်မဆိုးပါဘူး။ ချိုချိုမွှေးမွှေးလေးပါ"

မိနိုင်ကို သမီးဟု ကြင်ကြင်နာနာခေါ်ပြီး ကလေးပေါက်စလေးလို တယုတယ ချော့မော့ ဆေးတိုက်သော အမျိုးသမီးကြီးရဲ့ ဖြူဖွေးဖောင်းအိနေသော မျက်နှာကို မော့ကြည့်ကာ မိနိုင် လေးစားကြည်ညိုသွားမိ၏။

သနပ်ခါး ဖွေးဖွေးမှုန်မှုန်နှင့် နက်ပြောင်နေသော ဆံပင်တွေကို သေသပ်စွာ ထုံးဖွဲ့ထားသော သူမ ပုံစံက



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ကျက်သရေရှိကာ လှပတင့်တယ်နေသည်။

သူမတို့ သားအမိနှစ်ယောက်လုံးရဲ့ ပြောဆိုဆက်ဆံပုံတွေက အလွန်အဆင့်အတန်းမြင့်လှကာ တစ်ဖက်သားအပေါ် ဂရုစိုက်ပုံကလည်း အမြတ်တနိုး အားကိုးချင်ဖွယ်တည်း။

သူမတို့ နှစ်ယောက်သာ မိနိုင်ရဲ့ အမေနှင့်အစ်မရင်းသာဆို မည်မျှကောင်းလိုက်မလဲလို့တွေးပြီး မိနိုင် ဝမ်းနည်းဝမ်းသာ မျက်ရည်လေးပင်လည်လာရ၏။

"သား . . . နေ မမခင်ရော သက်သာရဲ့လားကွယ်။ ဟိုနေ့က သွေးတွေတက်နေလို့ဆို"

"ဟုတ်ကဲ့ . . . အခုတော့ သက်သာသွားပါပြီ အန်တီ"

"သားလည်း ပေလီ သွားနေတာ အတော်ကြာသွားနော်။ အသားတွေတောင် ညိုလာသလိုပဲ"

"ဟုတ်ကဲ့ . . . ပင်လယ်လေကြောင့်ထင်တယ်"

ပင်လယ်ဆိုသော စကားကြောင့် မိနိုင် ဆတ်ခနဲ





ခေါင်းမော့ကြည့်လိုက်မိသည်။

ကိုလတ်က ပင်လယ်မှာမွေးပြီး ပင်လယ်မှာ ကြီးပြင်းခဲ့ပေမယ့် နဂိုဖြူဝင်းသော အသားက တစ်စက်ကလေးမှ ညိုမသွား။ နေပူလျှင် ရဲသွားတာကလည်း ခဏမျှသာ။

သူ့မျက်နှာကိုစိုးကြည့်ပြီး မိနိုင် ကိုလတ်အကြောင်းတွေးမိပြန်ပါသည်။

ကိုလတ် ဆယ်တန်းနှစ်ရဲ့က ဆုယူတုန်း ရိုက်ထားသည့်ဓာတ်ပုံလေးသာ သူတွေ့ရင် သိပ်အံ့ဩသွားမှာပဲ။

ဒါပေမဲ့ ဓာတ်ပုံက ဟိုအိမ်မှာ ကျန်ခဲ့ပြီ။

ဒုက္ခပါပဲ . . . အဲဒီမှာ မိနိုင်ကို ကိုလတ်ပေးထားသည့်အမှတ်တရပစ္စည်းကလေးတွေ ကျန်ရစ်ခဲ့ပြီ။

မိနိုင်တောင် ကံကောင်းလို့ ဘဝမပျက်ခဲ့ရတာဘဲလေ။

"ကဲ . . . ညီမလေး ဘာတွေ ဘယ်လိုဖြစ်ခဲ့ရတယ်ဆိုတာ မမတို့ကို ပြောပြပါဦး"

မိနိုင် ဟိုအိမ်မှာ ဖြစ်ပျက်ကြုံတွေ့ခဲ့ရတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းမကျန် ပြန်ပြောပြလိုက်တော့ အားလုံး စုတ်တသပ်သပ်နှင့် စိတ်မကောင်းတွေ ဖြစ်ကုန်ကြသည်။

"ဒါ . . . သက်သက် အနိုင်ကျင့်စော်ကားတာပဲ"

သက်လျှာ မကျေမနပ် ရေရွတ်လိုက်မိ၏။ ဒေါ်ရီရီချိုကလည်း ရင်ဘတ်ဖိ၊ ဘုရားတလျက် . . .

"နေဦး . . . သမီးရဲ့ အိမ်ရှင်ဆိုတာ ဒီရပ်ကွက်ထဲမှာပဲလား။ သမီး သက်လျှာတို့နဲ့လမ်းထိပ်မှာတွေ့ခဲ့တာဆိုတော့လေ"

"ဟုတ်ကဲ့ . . . ခြံနံပါတ် နှစ်ဆယ့်တစ်ကပါ"

"အို . . . ဒီနောက်က လမ်းသွယ်ထဲကပဲ"

ဒေါ်ရီရီချို သမီးဖြစ်သူကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။

"ဘာမှ မစိုးရိမ်ပါနဲ့ မေမေ။ ဒီကိစ္စမှာ သမီးတို့ အလွန်မဖြစ်နိုင်ပါဘူး။ ပြီးတော့ သူက အခရာပဲလေ"

"အခုလောက်ဆို သူတို့ ဒီကလေးကို ရှာချင်ရှာနေကြမှာ"

⸻ ❧ ⸻



"မိနိုင်ကို အဲဒီအိမ် ပြန်မပို့ပါနဲ့ မမရယ်။ ပြန်သွားရင် သူတို့ မိနိုင်ကို သတ်ကြမှာ"

မျက်ရည်စတွေ တလိမ့်လိမ့် ကြွေဆင်းကျလာကာ ရှိုက်ကြီးတငင် ငိုယိုတောင်းပန်နေသော သူမကို ကြည့်ကာ သူ စိတ်မကောင်းဖြစ်သွားရသည်။

သူ ဘယ်လိုဝင်ပြီး နှစ်သိမ့်ပေးရမှန်းလည်းမသိ။

သူစိမ်းမိန်းကလေးတစ်ယောက်ကို တရင်းတနှီးဆက်ဆံလိုက်လို့ သူ့အပေါ် သက်လျှာတို့ မိသားစု အမြင်စောင်းသွားမှာလည်း မလိုလားချေ။

"ဘာလို့သတ်ရမှာလဲ။ ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး။ ပြီးတော့ မမတို့ကလည်း ညီမကို အတင်းပြန်မပို့ပါဘူး။ အဲဒီအိမ်နဲ့ ပတ်သက်ပြီး ရှေ့လျှောက် အရှုပ်အရှင်းကင်းအောင်တော့ စီစဉ်ဖို့လိုတယ်"

"မိနိုင်အဒေါ်က သုံးလစာ ငွေကြိုယူထားပါတယ်။ မိနိုင် အဲဒီအိမ်ကို ရောက်တာ တစ်လတောင် မပြည့်သေးဘူး"

⸻ ❧ ⸻

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ဘာမှစိတ်မပူပါနဲ့။ ကိုယ့်ကို နှိပ်စက်တဲ့အိမ်မှာ ဘာလို့နေရမှာလဲ"

"ခု . . . ခုလောက်ဆို ပွဲစား ဒေါ်ပုကတစ်ဆင့် ရွာကို စုံစမ်းနိုင်းနေလောက်ပြီ။ မိနိုင် မပြန်ရင်လည်း ဒေါ်လေးကို ပြဿနာရှာနေမှာ ဘယ်လိုလုပ်ရမလဲဟင်"

ခေါင်းလေးငုံ့ကာ တသိမ့်သိမ့် ရှိုက်ငင်လျက်ရှိသော သူမကိုကြည့်ရင်း ဆံနွယ်ရှည်တွေ မည်းနက်ဖြာဝေနေသည့် သူမ ခေါင်းလေးကို ဖွဖွထိတွေ့ပွတ်သပ်ကာ ချော့မော့ပေးလိုစိတ်က သူ့ရင်မှာ ထူးဆန်းစွာဖြစ်တည်လာရ၏။

သူ့စိတ်ကို သူအံ့ဩသလို ဖြစ်နေစဉ် . . .

"သက်လျာ သူ့ကို ခေါ်ထားမယ်။ နေရော ဘယ်လို သဘောရလဲဟင်"

ဟူသော မေးသံကြောင့် . . .

"သက်လျာ သဘောပါ"

ဟု သူဖြေလိုက်သည်။ ထိုအချိန်မှာ သူမက သူ့ကို မျက်လုံးလေးဝိုင်းလျက် ဖျတ်ခနဲ မော့ကြည့်လာလေသည်။



ထိုမျက်ဝန်းမှ အဓိပ္ပာယ်တွေကိုတော့ သူ နားမလည်။ နားလည်ခဲ့ရင်တောင် ဘာမှမမှတ်မိတာမို့ ကိုယ့်ကို ခွင့်လွှတ်ပါလို့ ပြောချင်မိသည်။ သူမကို သိခဲ့ဖူးသလား ပြန်စဉ်းစားတော့လည်း ခေါင်းကိုက်လာသည်။

"သက်လျာ . . . အန်တီ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"အေး . . . ကောင်းပြီ သား။ ခင်နဲ့သွင့်ကိုပြောလိုက်ဦး အန်တီနောက်မှ အေးအေးဆေးဆေး လာခဲ့မယ်လို့"

"ဟုတ်ကဲ့"

သူ သက်လျာကို တစ်ချက် လှမ်းကြည့်ပြီး နေရာမှ ထလိုက်သည်။

သူမကိုတော့ အကြည့်နှင့်သာ တီးတိုးနှုတ်ဆက်လိုက်ပါသည်။

"ရပါတယ် လိုက်မပို့ပါနဲ့တော့ သက်လျာ။ မွေးနေ့မှာလည်း သက်လျာ ပင်ပန်းခဲ့တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး။ နေလည်း ဖအေးဆေးနားဦး။ သိပ်ပြီး အိပ်ရေးပျက်မခံနဲ့ ဟုတ်ပြီလား"

သက်လျာ စကားကြောင့် သူက, ကလေး တစ်ယောက်လို ခေါင်းညိတ်ပြရင်း တစ်ခုခုပြောချင်နေဟန်နှင့် ကြည့်နေတာမို့ . . .

"နေ . . . ဘာပြောချင်လို့လဲဟင်"

"ဟို . . . ဟိုတစ်ယောက်ကိစ္စ သက်လျာ ဘယ်လို စီစဉ်မလဲသိချင်လို့"

သက်လျာ လက်ပိုက်ခေါင်းငဲ့ရင်း ပြုံးလိုက်မိသည်။ ထို့နောက် ဆံပင်တွေကို ပခုံးနောက် သိမ်းပို့လိုက်ရင်း . . .

"နေက စိုးရိမ်လို့လား။ ဘာမှ မစိုးရိမ်ပါနဲ့ကွယ်။ သက်လျာက အမှန်တရားကို လေးစားကိုးကွယ်တဲ့သူပါ။ ကိုယ့်ရှေ့မှာ မတရားတာမြင်ရင် ဒီအတိုင်း ကြည့်နေတတ်တဲ့လူ မဟုတ်သလို ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး ရှောင်လွှဲသွားတတ်တဲ့လူမျိုးလည်း မဟုတ်ဘူးလေ။ ဒီတော့ နေ စိတ်ချလက်ချ ယုံထားလိုက်ပါနော်။ မိနိုင်လေး ဘာမှမဖြစ်စေရ





ဘူး"

သူ ပကတိ အရိုးခံစိတ်နှင့် ခေါင်းညိတ်ပြလိုက်မိသည်။

သက်လျာကတော့ သူ့ကို ဘယ်လို နားလည်မှုလွဲသွားသည်မသိ။

ခုချိန်မှာ သူ ဘာကိုမှ မစဉ်းစားချင်သေးပါ။

သူမ အန္တရာယ်ကင်းတယ်ဆိုရင် ပြီးတာပါပဲလေ။ ဒါဟာ ဘာအရောင်မှမပါတဲ့ အဖြူထည် စေတနာ သက်သက်သာဖြစ်ကြောင်း ဘယ်သူမှ သိဖို့လည်း မလိုတာမို့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

မမသက်လျာဟာ မိနိုင်ကို ဆင်းရဲဒုက္ခတွင်းကနေ ကယ်တင်ဖို့ လှူယောင်ဖန်ဆင်းပြီး ရောက်လာတဲ့ နတ်သမီး တစ်ပါးလို့တောင် ထင်မှတ်ချင်စရာပါ။

မိနိုင်ကို ပြန်တွေ့တာနဲ့ အစိမ်းလိုက်ဝါးစားတော့ မတတ် ကြိုတင်ကြံရွယ်ထားပုံရသော ဒေါ်စိုးစိုးငွေးတို့ မိသားစုမှာ ကားအကောင်းစားကြီးကို ကိုယ်တိုင်မောင်းပြီး ပါလာသော လုပရဲရင့်သည့် မမသက်လျာကြောင့် ဘာပြော





ရမှန်းမသိ ရှိန်ကုန်ကြတော့၏။

ကိုယ့်ထက်နိမ့်ပါးသော အားငယ်သူကိုသာ ဗိနှိပ် စော်ကားရဲသော ဒေါ်စိုးစိုးငွေးတို့ သားအမိတစ်တွေမှာ သူ တို့ထက် ပိုမိုအဆင့်အတန်းမြင့်သူနှင့် ရင်ဆိုင်လိုက်ရသည့် အခါမှာတော့ အားလုံးအဆိပ်မရှိတော့သည့် မြွေတွေလို ပင်။

ဒါပေမဲ့ မိနိုင်ကိုတော့ အမျက်ဒေါသတွေ ပြေပုံမရ။

"ဟင် . . . အိမ်က ထွက်ပြေးသွားတဲ့ ကောင်မ။ ညည်း ပြန်လာသေးတယ်ပေါ့ ဟုတ်လား။ ငါ့သားကို သွေး ထွက်သံယိုဖြစ်အောင် လုပ်သွားတာ ကျေနပ်မယ်များ ထင် နေသလား။ လာခဲ့စမ်း . . . ညည်းကို အရေခွံဆုပ်ပစ်ချင်နေ တာ ကြာပြီ"

"သူ့ကို လက်ဖျားနဲ့တောင် ထိဖို့မကြိုးစားပါနဲ့ အန်တီ။ ဒါ ငါ့အိမ်က အလုပ်သမားပဲဆိုပြီး လုပ်ချင်သလို လုပ်လို့ရတဲ့ သက်ဦးဆံပိုင်စနစ်မျိုး ကျင့်သုံးလို့မရပါဘူး။

သူ့ကိုနာကျင်ထိခိုက်အောင်လုပ်ရင် တရားဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



အရ အပြစ်ပေးအရေးယူရလိမ့်မယ်"

မိနိုင်ရှေ့ကနေ မားမားမတ်မတ် ဝင်ရပ်ရင်း ခပ်ပြတ်ပြတ်ပြောလိုက်သော သက်လျာကို ကြည့်ပြီး ဒေါ်စိုးစိုးငွေး မျက်နှာက ဆတ်ခနဲ မဲ့ကျသွားကာ . . .

"ဒီကိစ္စက ညည်းနဲ့ဘာဆိုင်လို့လဲ။ ငါက သူ့ကို သုံးလစာ ကြိုပေးပြီး ငှားထားတဲ့အိမ်ရှင်။ သူ့မှာ အပြစ်ရှိလို့ ဆုံးမ. မလို့"

"ဒီအရွယ်က ရိုက်နှက်ဆုံးမရမယ့်အရွယ် မဟုတ်ဘူး အန်တီ။ ပြီးတော့ မိနိုင်က အန်တီနဲ့ သွေးသားတော်စပ်တာလည်း မဟုတ်ဘူး"

"အို . . . ဘာတွေလာပြောနေတာလဲ။ သူ့ကို တောကနေ ငါကိုယ်တိုင်ခေါ်လာတာ။ သူ့အဒေါ်ကိုယ်တိုင် ငါ့ကို စိတ်ချလက်ချ အပ်လိုက်တာ။ ခုချိန်မှာ ငါက သူ့ရဲ့ အုပ်ထိန်းသူပဲ"

သက်လျာ နောက်ကျောမှာ ခပ်ကွယ်ကွယ်ရပ်ရင်း ကြောက်စိတ်နှင့် တုန်တုန်ယင်ယင်ဖြစ်နေသော မိနိုင်

ရွှေအသာ



ကို လှည့်ကြည့်ပြီး သက်ပြင်းရှိုက်လိုက်မိသည်။

"သူ့အဒေါ်က အန်တီ့ကို မလိမ္မာတာရှိရင် ဆုံးမပါလို့ မှာကောင်းမှာပါလိမ့်မယ်။ ဒါပေမဲ့ မတရားသဖြင့် အနိုင်ကျင့် နှိပ်စက်ကြပါ။ ကိုယ့်လက်ခုပ်ထဲရေမို့ သွန်လိုသွန်မှောက်လိုမှောက်လုပ်ကြပါလို့တော့ မှာမယ်မထင်ဘူး"

သက်လျာ စကားအဆုံး ဒေါ်စိုးစိုးငွေးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ရပ်နေသော ဇာနည်စိုးနှင့် ကြည်ပြာစိုး၏ မျက်နှာတွေက အုံ့မှိုင်းပြာနှမ်းသွားတော့သည်။

"ညည်းက ဘာဆိုင်လို့ ဝင်ပြောနေတာလဲ။ ဟဲ့ . . မိနိုင် . . . ညည်း ဘယ်တွေ လျှောက်သွားပြီး အားကိုးရှာလာတာလဲဟင်။ ရှုပ်ရှုပ်ယှက်ယှက်လာမလုပ်နဲ့နော်။ ဖုန်းတစ်ချက် ကောက်ဆက်လိုက်တာနဲ့ အားလုံးဒုက္ခရောက်သွားမယ်။ ဘာမှတ်နေလဲ"

"အဲလို ခပ်တုံးတုံးခြိမ်းခြောက်မှုမျိုးကို ပြဇာတ်ထဲမှာ သွားသုံးပါ အန်တီ။ ကျွန်မကတော့ အမှန်တရားဘက်ကရပ်တည်မယ့် ရှေ့နေတစ်ယောက်မို့ ဘာကိုမှ ဂရုမစိုက်ပါ

ရွှေအသာ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒီကိစ္စကို တရားရုံးတော်မှာ ဖြေရှင်းကြစတမ်းဆိုရင်လည်း မိနိုင်ဘက်က ရပ်တည်ကာကွယ်ဖို့ အသင့်ပါပဲ"

သက်လျာစကားကို တစ်ချိန်လုံး ငြိမ်ငြိမ်သက်သက် နားထောင်နေကြသော ဇာနည်စိုးတို့ မောင်နှမမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ . . .

"ပြီးခဲ့တာတွေ ထားလိုက်ပါတော့ မမမေရာ။ အလကား ဘာမဟုတ်တဲ့ အိမ်ဖော်တစ်ယောက်ကိစ္စနဲ့ အားလုံးသိက္ခာကျစရာတွေဖြစ်ကုန်မယ်။ သားတို့ ပစ္စည်းတွေလည်း ဘာမှပါသွားတာမှ မဟုတ်တာ"

ဇာနည်စိုးစကားကြောင့် မိနိုင် သက်လျာကို အားကိုးတကြီး မျက်ဝန်းများနှင့် မော့ကြည့်လာလေသည်။ သူမ မိနိုင်လက်ကို တင်းတင်းဆုပ်ရင်း နှစ်သိမ့်လိုက်၏။

"အို . . . ပါပါ, မပါပါ မှတ်လောက် သားလောက်အောင်တော့ ဆုံးမရမှာပဲ။ ဒီက မိန်းကလေးကိုလည်း အန်တီ ရှင်းရှင်းပဲပြောပါရစေ။ မိနိုင်က အန်တီ့အိမ်က ပစ္စည်းတွေ ခိုးဖို့ကြိုးစားတဲ့ သူပါ။ ဒီလို အကျင့်စာရိတ္တ ချို့



ယွင်းနေတဲ့သူကို ဒီအတိုင်းထားလိုက်ရင် ပိုပြီး ဆိုးလာမှာမို့"

သက်လျာ သူမစကားကို ဆုံးအောင် နားမထောင်ဘဲ လက်ကာပြလိုက်သည်။ ဟန်ကိုယ့်ဖို့လုပ်ပြီး ဣန္ဒြေဆယ်ကာ ပြောနေသော ဒေါ်စိုးစိုးငွေး မျက်နှာက နီရင့်ရှုံ့တွသွားသည်။

"ကျွန်မ ပြောတာ လက်ခံပါ။ မိနိုင်က ဒီအိမ်မှာ အလုပ်ဆက်မလုပ်ချင်တော့ဘူး"

"ဒါတော့ ဘယ်ဖြစ်မလဲ။ သူက လစာ ကြိုယူပြီးသား"

ကြည်ပြာစိုးက ခပ်ဆတ်ဆတ်ဝင်ပြောသည်။

"အဲဒီအတွက် ယူထားတဲ့ လစာကို ကျွန်မ ပြန်အမ်းပါ့မယ်"

ဒေါ်စိုးစိုးငွေး မျက်နှာက အတန်ငယ် ကျေနပ်သွားသယောင်ရှိပေမယ့် ပါးစပ်နားရောက်လုဆဲဆဲ ထမင်းလုပ်ကို ပုတ်ချခံထားရသော ဇာနည်စိုးက ရှုံ့ရှုံ့ရှားရှား ဖြစ်နေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒီလို လက်ပြောင်းယူသွားလို့ရမလားဗျ။ တော်ကြာ ရှုပ်ရှုပ်ယှက်ယှက်တွေဖြစ်လာရင် လူသိရှင်ကြား ငှားထားတဲ့အိမ်ရှင်ပဲ အမှုပတ်မှာ"

"ကျွန်မကလည်း စာချုပ်စာတမ်းနဲ့ တရားဝင် လွှဲယူမှာပါပဲ။ သူ့မိသားစုကိုရော ပွဲစားကိုရော အသိပေး အကြောင်းကြားပြီးလုပ်မှာ။ အဲဒီအတွက် ဒီက ဘာမှပူစရာ မလိုဘူး"

"ကဲပါ . . . မမေမေရယ် ရှုပ်ပါတယ်။ မြန်မြန်သာ ထည့်လိုက်ပါ။ ဒီလိုအကျင့်မကောင်းတဲ့ အိမ်ဖော်မျိုး ဘာလုပ်ဖို့ထားမှာလဲ။ ရုပ်ကလေး သနားကမားနဲ့ စိတ်ဓာတ်က အောက်တန်းကျနေတာ။ မသိတဲ့ လူတွေကတော့ သနားကြမှာပေါ့"

ကြည်ပြာစိုးက မဲ့မဲ့ရွဲ့ရွဲ့ပြောရင်း ထိုနေရာမှ ထွက်သွားသည်။

ဒေါ်စိုးစိုးငွေးက သက်ပြင်းတစ်ချက်ကို လေးတွဲစွာ ချပစ်ရင်း . . .



"ကောင်းပြီလေ။ ပိုက်ဆံအမ်းနိုင်ရင် ခေါ်သွားပေါ့"

ဟုဆို၏။

ဇာနည်စိုးကတော့ ကြိတ်မနိုင်ခဲမရ မျက်လုံးများနှင့် မိနိုင်ကို စူးစူးရဲရဲ စိုက်ကြည့်လျက် တောက်တစ်ချက် ခေါက်လေသည်။

မိနိုင် သိပ်ပြီးဂရုမစိုက်၊ ကြောက်လည်း မကြောက်တော့ပါ။

ကိစ္စအားလုံး ရှင်းလင်းသွားပြီမို့ မိမိ အခန်းလေးထဲဝင်ကာ ပစ္စည်းပစ္စလေးတွေယူပြီး မမသက်လျာနှင့် ပျော်ရွှင်စွာ ပြန်လိုက်လာခဲ့တော့၏။

တော်သေးရဲ့။

မိနိုင် တန်ဖိုးထားရသည့် အမှတ်တရပစ္စည်းကလေးတွေ ပြန်ရပေလို့။

အဲဒီအတွက် မမသက်လျာကို မိနိုင် တစ်သက်လုံး ကျေးဇူးတင်နေရတော့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

"မမ . . . မမကို မိနိုင် ကန်တော့ပါတယ်။ မမက မိနိုင်ရဲ့ ဘဝကိုကယ်တင်ခဲ့တဲ့သူပါ"

ဆိုဖာပေါ်မှ ကြမ်းပြင်သို့ဆင်းကာ ပုဆစ်လေး တုတ်လျက် ဦးချကန်တော့နေသော မိနိုင်ကို ကြည့်ကာ သူမ ဘာပြောရမှန်းပင်မသိ။

ဖေဖေနှင့်မေမေကို ကန်တော့နေတုန်းကတော့ သူမပြုံးပြီး ငေးနေခဲ့မိသေးတယ်။





ကိုယ့်အလှည့်ကျမှ တစ်ခါမှလည်း ကန်တော့မခံ ဘူးတာမို့ မနေတတ် မထိုင်တတ်အောင် ဖြစ်ရလေသည်။

"ဟယ် . . . မဟုတ်တာ။ ထပါ မိနိုင်ရယ်။ မမက မင်းကို ကူညီထိုက်လို့ ကူညီခွင့်ရခဲ့တာပဲ"

"ဟုတ်ပါတယ် သမီးရယ်။ သမီးကိုယ်တိုင်က စိတ် ကောင်းရှိတဲ့ သူတော်ကောင်းလေးဖြစ်နေလို့ ကိုယ့်ကို ကူညီစောင်မမယ့်သူနဲ့ တွေ့ရတာပဲ"

မမသက်လျာတို့ သားအမိရဲ့ ဖြူစင်အေးချမ်းလှ သော ကရုဏာမျက်ဝန်းတွေကို တစ်လှည့်စီငေးကြည့်ရင်း မိနိုင် အဖေ့ကို သတိရလာကာ မျက်ရည်ကျမိ၏။

"ဘာလို ငိုရပြန်တာလဲ။ မမ ပြောထားတယ်လေ မျက်ရည်ကျတယ်ဆိုတာ ဘာမှမတတ်နိုင်တော့တဲ့အဆုံး ထွက်ပေါက်မရှိတော့လို့ ကျရတာ။ ရှုံးနိမ့်ခြင်းတစ်မျိုးပဲ။ ခုချိန်ကစပြီး မိနိုင်စိတ်ထဲမှာ နောက်နေ့တွေ နောက်နှစ်တွေ အတွက် သတ္တိတွေ၊ ခွန်အားတွေ ထည့်ထား။ ဘယ်တော့မှ မျက်ရည်မကျတော့နဲ့။ အခု မိနိုင် စဉ်းစားရမှာက ဘယ်သူ့အ



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ဘာလုပ်ချင်လဲ။ မိနိုင် အဒေါ်ရှိတဲ့ ရွာကို ပြန်ချင်တယ်ဆိုလည်း မမလိုက်ပို့ပေးမယ်"

ပေါက်စနဲ့ ကြေွဆင်းကျလာသည့် မျက်ရည်တစ်စကို လက်ခုံနှင့် အဆုံးသတ် ပွတ်သုတ်ရင်း မိနိုင် ခေါင်းခါလိုက်၏။

"မိနိုင် ရွာတော့ မပြန်ချင်ဘူး မမ။ ဖြစ်နိုင်ရင် မိနိုင် ဒီမှာ အလုပ်လုပ်မါရစေ။ ဘာမဆို မိနိုင် လုပ်ပါ့မယ်။ မမ ကျေးဇူးက မိနိုင်အပေါ်မှာ ဆပ်လို့မကုန်အောင် များနေပါပြီ။ နော် . . . ကြီးမေ။ မိနိုင်ကို ဒီမှာ အလုပ်လုပ်ခွင့်ပေးပါ"

ဦးတိုးဝေနှင့် ဒေါ်ရီရီချိုမှာ သနားစဖွယ် ကလေးမကိုကြည့်ကာ သက်ပြင်းကိုယ်စီရှိုက်မိကြလေသည်။

"သမီး သက်လျာ ဘယ်လိုသဘောရလဲ"

ဦးတိုးဝေက သမီးဖြစ်သူကို မေးဆတ်ပြရင်း လှမ်းမေးလိုက်၏။ သက်လျာမှာ ကိုယ်တိုင် စခဲ့တဲ့ဇာတ်လမ်းမို့ မျက်နှာလွှဲ ရှောင်ဖယ်မနေသာတော့သည့်အဆုံး . . .

"အိမ်မှာက ဖြူမတို့ ဒေါ်ညွန့်တို့ရှိနေတော့ မိနိုင်





ကို တခြားအိမ်တစ်အိမ်ပို့ဖို့ စဉ်းစားမိသေးတယ်။ ဒါပေမဲ့ အပျိုရွယ်လေးတစ်ယောက်တည်း ဟိုဟို ဒီဒီတွေ လျှောက်တွေးပြီးစိတ်မချတာနဲ့ ဘယ်လိုစီစဉ်ရမယ်ဆိုတာ သက်လျာ မစဉ်းစားရသေးပါဘူး ဖေဖေ"

"ကဲပါလေ . . . ကလေးက သမီးကိုလည်း အားကိုးခင်တွယ်နေရှာတယ်။ ဒီမှာပဲ ထားလိုက်ပါ။ ဖြူမတို့က အိမ်မှုကိစ္စလုပ်နေရတော့ မိနိုင်လေးကို သမီး တိုးတိုးဖော် တိုင်ပင်ဖက်လို သဘောထားပြီး အနားမှာခေါ်ထားလို့ရတာပေါ့။ အင်း . . . ဒီကလေးမနဲ့ ရေးဘဝက ရေစက်ပါခဲ့တယ်ပဲ ဆိုရမလားမသိဘူး။ သူ ရွာမပြန်ချင်ဘူးဆိုတော့ ဒီမှာပဲ နေခွင့်ပြုလိုက်ပါ သမီးရယ်"

ကြားဝင် အဆုံးအဖြတ်ပေးလိုက်သော ကြီးမေကို ကြည့်ပြီး မိနိုင် ဝမ်းသာလုံးဆို့သွားရကာ ဘာပြောရမှန်းပင် မသိတော့။

"ဒါနဲ့ ကလေးမရဲ့ မိဘတွေကိုရော အကြောင်းကြားပြီးပြီလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ပွဲစားဒေါ်ပုက မိနိုင်နဲ့ တစ်ရွာတည်းသားဆိုတော့ သူကတစ်ဆင့် အကြောင်းကြားလိုက်ပါတယ်"

"ဒါဆိုလည်း ပြီးတာပါပဲကွယ်။ နောက်မှ သင့်တော်ရာ အလုပ်ကလေး စီစဉ်ပေးလိုက်ပေါ့။ သမီးကရော ဘယ်နတန်းအထိ စာသင်ဖူးလဲ"

"မိနိုင် ကိုးတန်းအောင်ပါတယ် ဘဘ။ ဆယ်တန်းတက်မယ့်နှစ်မှာ အဖေဆုံးသွားလို့ ဆက်မတက်လိုက်ရပါဘူး"

"သမီးမှာ အမေရှိသေးလား"

"အမေက မိနိုင်ငယ်ငယ်လေးကတည်းက ဆုံးသွားတာပါ။ ရွာမှာ အဖေ့ညီမ ဒေါ်လေးနဲ့ နေတာပါ"

"သြော် . . . ဖြစ်ရလေကွယ်။ မွေးချင်း မောင်နှမလည်း မရှိဘူးပေါ့"

မိနိုင် ခေါင်းကိုသာတွင်တွင် ခါရင်း ပြန်ဖြေနေရသည်။



"ကိုးတန်းတောင်အောင်ပြီးမှ ကျောင်းမနေရရှာဘူး။ နမြောစရာကွယ်။ ဒါနဲ့ သမီးအသက် ဘယ်လောက်ရှိပြီတုန်း"

ဘဘအလှည့်ပြီးတော့ ကြီးမေက ထပ်မေးပြန်သည်။

"မိနိုင် လာမယ့်တန်ခူးလဆို နှစ်ဆယ်ပြည့်ပြီ ကြီးမေ"

"အင်း . . . သမီးထက် လေးနှစ်ကျော်ကျော်လောက်ကို ငယ်တာပဲ။ အစ်ကိုရေ ရီတို့တော့ သမီးတစ်ယောက် ကောက်ရပြီ ထင်ရဲ့"

"တစ်သက်လုံးနေရင်တော့ ကောင်းတာပေါ့ကွာ။ ဒီမယ် သမီး ဒီအိမ်မှာနေရင် လိမ်လိမ်မာမာနေ။ ဘဘတို့ကို မိဘလိုသဘောထား။ ဘဘတို့သမီးကိုယ်တိုင်က သံယောဇဉ်ဖြစ်မိတယ်ဆိုတော့ သမီးရဲ့ ရိုးသားဖြူစင်မှုကို အထူးလေ့လာစရာတောင်လိုမယ် မထင်ဘူး။ ဒီတော့ အကြောင်းတိုက်ဆိုင်သရွေ့ နေထိုင်ရမယ့်အချိန်မှာ အတတ်နိုင်ဆုံး ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်မွန်နေပါလို့ ပြောချင်တယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"လာ . . . မိနိုင်။ မိနိုင် နေဖို့အခန်း မမ လိုက်ပြမယ်။ အခန်းကို ဖြူမနဲ့အတူ ရှင်းလိုက်ပေါ့။ တစ်ယောက်တည်း ပျင်းရင် ဖြူမကို ဒီအခန်းမှာ ခေါ်ထားချင်လည်း ရတယ်။ အခန်းက အကျယ်ကြီးပါ"

မမသက်လျာက မိနိုင်ကို ခေါ်လာပြီး အခန်းလိုက်ပြပေးသည်။

အဝတ်အစားထည့်သည့် ဗီရို မှန်တင်ခုံအနိမ့်လေးနှင့် စာရေးစားပွဲလို စားပွဲပုလေးသာရှိသော အခန်းက သိပ်မကျယ်လှပေမယ့် သပ်သပ်ရပ်ရပ်ပါ။ ရေချိုးခန်း၊ အိမ်သာတွဲရက်ပါရှိပြီး တံခါးလော့(ခ်)တွေကလည်း ကောင်းကောင်းမွန်မွန်ပဲမို့ မလုံခြုံစရာလည်း ဘာမှမရှိချေ။

ကျေးဇူးတင်တာထက်ပိုသော ခံစားမှုနှင့်အတူ သူမကိုသာ မိနိုင် အငေးသားကြည့်နေမိ၏။

"ဘာမှအားနာစရာမလိုဘူး။ ဒီအိမ်မှာနေရင် လုပ်

●———ရှုပေသာ———●



စရာရှိတာ ဝိုင်းလုပ်၊ စားစရာရှိလည်း ယူစား။ မိနိုင်က စည်းနဲ့ကမ်းနဲ့ နေတတ်မယ့်ပုံလေးပါ။ မေမေက တစ်ခါတလေ ဟင်းတွေ ဘာတွေဝင်ချက်တတ်တယ်။ အဲဒါ မိနိုင် ဝင်ကူလိုက်သိလား။ လူကြီးဆိုတော့ နေထိုင်မကောင်းတာတွေ ဘာတွေလည်း ဖြစ်တတ်တာပေါ့။ မေမေက ဘုရားပန်းလဲတာတွေ၊ ခြံထဲက ပန်းတွေရေးတာတွေဆို ကိုယ်တိုင် လုပ်တယ်။ မိနိုင် ကြည့်ကျက်ပြီး ကူပေါ့နော်"

မမသက်လျာက မိနိုင် ခေါင်းလေးကို ဖွဖွပုတ်ရင်း ကြို့တင်မှာကြားနေသည်။

"ဟုတ်ကဲ့ . . . စိတ်ချပါ မမ၊ မိနိုင်က ဘာမှမလုပ်ဘဲ ဒီအတိုင်းမနေတတ်တဲ့ လူဆိုတော့၊ ကြီးမေကို အစစအရာအရာ ကူညီမှာပါ"

"ကောင်းပါပြီကွယ်။ ကဲ . . . မမလည်း အပ်ထားတဲ့ အမှုတွဲတစ်ခုဖတ်ရဦးမှာမို့ သွားဦးမယ်၊ မမအခန်းက အပေါ်ထပ်မှာ။ နောက်တော့ မိနိုင် သိလာမှာပါ"

မိနိုင်ပြုံးရင်း ခေါင်းလေးသာ ညိတ်ပြလိုက်၏။

●———ရှုပေသာ———●

www.burmeseclassic.com

www.burmeseclassic.com



မမသက်လျာက ရွှေနေမလေးဆိုတော့ သူ နေလကျွံကရော ဘာအလုပ်လုပ်ပါလိမ့်လို့ စဉ်းစားမိစဉ် သတိရတမ်းတခြင်းက ရင်မှာဖြစ်တည်လာသည်။

ဩော် . . . ကိုလတ်ရယ်။

ကိုလတ်နဲ့သိပ်တူတဲ့ လူတစ်ယောက်နဲ့ ဆုံဆည်းစေဖို့ ကံကြမ္မာက မိနိုင်ကို စေညွှန်လိုက်ပြန်ပြီ။

ဒါပေမဲ့ ဘဝချင်းက မိုးနဲ့မြေ ရွှေနဲ့သံပွင့်လိုပါပဲ။

သူက မိနိုင်နဲ့ ကွာခြားလွန်းတဲ့ ဘဝ တစ်ခုမှာ။

ဘာပဲဖြစ်ဖြစ် သူ့ကိုမြင်တိုင်း အလွမ်းဖြေခွင့်လေးတော့ ရပါဟယ်လေ။





## အခန်း ( ၈ )

သူ အိပ်ရာနိုးနိုးချင်း ညက အိပ်မက်အကြောင်းကို ပြန်မြင်ယောင်ကြည့်မိသည်။

အိပ်မက်က ယခင်တုန်းကအတိုင်း လှိုင်းသံလေသံတွေက တဝုန်းဝုန်း ဆူညံနေသော ပင်လယ်ကမ်းစပ်တစ်ခုမှာ သူ ရောက်ရှိပြေးလွှားနေခြင်းဖြစ်၏။

ထိုအိပ်မက်ကို သူ မကြာခဏ မြင်မက်တတ်တာမို့ အလွတ်ရနေပြီဖြစ်ပေမယ့် ယခုလိုမျိုးမဟုတ်တာ သေ



www.burmeseclassic.com

www.burmeseclassic.com



ချာသည်။

အိပ်မက်ဆိုတာ မသိစိတ်မှာ ငြိတွယ်ဝင်စားနေသည့်အကြောင်းအရာကို အိပ်စက်ချိန်မှာ ပြန်မြင်ယောင်လေသလားဟူသော ထင်မှတ်စွဲလမ်းစိတ်နှင့် အိပ်မက်တွေထဲက မြင်ကွင်းကို တွေ့လိမ့်နိုးနိုးမျှော်လင့်ကာ ပင်လယ်ကမ်းခြေရှိသော ဒေသတွေကို ခရီးထွက်သည်။

အတိတ်ကို ပြန်သတိရဖို့ သဲလွန်စက ထိုနေရာတွေမှာ ရှိလိမ့်မည်ဟု စိတ်ကထင်နေတာကြောင့် သူ လျှောက်သွားနေခြင်းဟာ သိပ်တော့ ယုတ္တိမရှိလှချေ။

အခုလည်း သူ အိပ်မက် မက်ပြန်ပြီ။

အိပ်မက်ထဲမှာ ကလေးမလေးတစ်ယောက်က ပင်လယ်လှိုင်းတွေကြားမှ သူ့ကို တကြော်ကြော်အော်ခေါ်ရင်း ပြေးလာသည်။

သူ့အနီးသို့ ရောက်သည့်အခါမှာတော့ ထိုကလေးမလေးက သက်လျာ ခေါ်ထားသည့် မိနိုင် ဖြစ်သွား၏။ မိနိုင်က သူ့ကိုတွေ့စကအတိုင်း ကိုလတ်ဟုခေါ်ကာ လည်ပင်းကို



သိုင်းဖက်တွဲခိုထားစဉ် မေသွင်ရောက်လာပြီး သူ့ကို အတင်းပြန်ဆွဲခေါ်သည်။

မိနိုင်နှင့် မေသွင် သူ့ကို တစ်ဖက်ဆီ ဆွဲခေါ်နေတုန်း သူ အိပ်မက်က လန့်နိုးသွားခြင်းဖြစ်၏။

သူ့စိတ်က မိနိုင်ကို စွဲလမ်းပြီး အိပ်မက်ထဲထည့်မက်နေမိပြီထင်သည်။

သူ စားပွဲပေါ်မှာ တင်ထားသည့် ဓာတ်ပုံလေးကို ယူလိုက်သည်။

ဓာတ်ပုံထဲမှာ နေလကျာ ဟူသော သူဟာ အဖြူအစိမ်းကျောင်းဝတ်စုံလေးနှင့် ဘေးတစ်ဖက်တစ်ချက်စီမှာ သူ့ကို သိုင်းဖက်လျက် ပြုံးရွှင်ရယ်မောနေကြတာ မေသွင်ဟု သူခေါ်သော မေမေ ဒေါ်သွင်ခက်ဝေနှင့် မေခင်ဟု ခေါ်သော မေမေ့အစ်မ ဒေါ်ခင်မြတ်မေ တို့ပင်ဖြစ်သည်။ ထိုပုံထဲမှ သူ့ရုပ်သွင် သူ့အပြုံးဟာ အင်မတန် တောက်ပလင်းလက်ကာ မိမိကိုယ်တိုင် ဂုဏ်ယူမော်ကြွားနေဟန် အပြည့်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုကျတော့ သူတို့ဖို့ မပြုံးတတ်တော့သလို မပြုံးဖြစ်သလေက်ကို အေးစက်ထုံထိုင်းနေမိလေသည်။ သူ့အတိတ်နဲ့သူ့ကိုယ်ဟာ အစဉ်သဖြင့် သဟဇာတမဖြစ်ဘဲနေ့နေ့ရခြင်းကို မကျေမနပ်ဖြစ်ရုံကလွဲပြီး ဘာမှလည်း မတတ်နိုင်။

မိနိုင်ဆိုသော ကောင်မလေးရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝထက်သန်သော မျက်ဝန်းအကြည့်တွေနှင့် ရင်းနှီးလှိုက်လှဲသော ခေါ်သံက သူ့အာရုံထဲမှာ တဝဲလည်လည် ရှိဆဲ။

ဘာကြောင့်များလဲ။

"သား . . . နေ သားရေ"

သူ နာရီကို တစ်ချက်ငဲ့ကြည့်လိုက်တော့ မနက်ကိုးနာရီခွဲဆိုတာကို ညွှန်ပြနေသည်။

ပုံမှန် အိပ်ရာထချိန်ထက် နောက်ကျလျှင် စိုးရိမ်ပူပန်စွာ လာနှိုးတတ်တာ မေခင့် အကျင့်ပင်ဖြစ်သည်။

မေခင်က အမေရင်းဖြစ်တဲ့ မေသွင်နှင့်ထပ်တူ သူ့





ပေါ် ချစ်တာချင်း အတူတူဆိုလျှင် နည်းနည်းတော့ ပိုကဲကာ ဂရုစိုက်၍ စည်းစနစ်လေးတွေသုံးကာ ချုပ်ခြယ်လိုသူဖြစ်ရာ အိပ်ချိန်၊ အစာစားချိန်ကစပြီး တီဗွီကြည့်တာ၊ စာဖတ်တာကိုပင် အချိန်ကန့်သတ်လျက် စည်းကမ်းထုတ်ပြန်ထားလေသည်။

"သား . . . အိပ်ရာက နိုးပြီလား။ မေခင် ဝင်ခဲ့မယ်နော်"

စကားအဆုံး မေခင်က သူ့အခန်းတံခါးကို ဖွင့်ကာ အခန်းထဲဝင်လာသည်။

"ကြည့် . . . ဒီကလေးဟာ မေခင် ထင်တဲ့အတိုင်းပဲ အိပ်ရာက နိုးနေတာကို မထဘဲ အပျင်းထူ ဇိမ်ယူနေတာကိုး။ ဒီမနက် သားကြိုက်တဲ့ နန်းကြီးသုပ်လုပ်ထားတယ် သားရဲ့၊ ကဲ . . . မျက်နှာသွားသစ်တော့"

သူ အိပ်ရာမှ ထလာရင်း မျက်စုံးနှစ်ခုကို စုကြုတ်ကာ စဉ်းစားလာမိသည်။

နန်းကြီးသုပ်ကို သူ သိပ်မကြိုက်ဘူးဟု ခံစားရပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မေခင်နှင့် မေသွင်က သူ့အကြိုက်ဟုဆိုကာ မကြာခဏ ပြုလုပ်တတ်ကြသည်။

အလားတူပင် သူ မကြိုက်သော ဆိတ်သားနှပ်၊ ပြောင်းဖူးကြော်၊ ပြည်ကြီးငါးသုပ် စတာတွေကို သား သိပ်ကြိုက်တဲ့ ဟင်းပေါ့ဟုဆိုကာ သူတို့ မစားဘဲ အထူးတလည် စီမံချက်ပြုတ်ကာ ကျွေးမွေးတတ်သေး၏။

သူ အတိတ်မေ့သွားတာနှင့် နဂိုက ခံ့မင်နှစ်သက်သောအရာတွေပါ မကြိုက်ရလောင်အောင် ပြောင်းလဲကုန်တာတော့ မဖြစ်နိုင်။

တစ်ခါကဆိုလျှင် အိမ်မှာ ငါးသလောက်ပေါင်း ချက်၍ ယူစားမိစဉ်ကဆိုလျှင် မေခင်က မျက်လုံးပြူးလျက်

"ဟဲ့ . . . သား . . . သားက ငါးသလောက်ပေါင်းကို အရိုးတွေများပြီး အနံ့စူးလို့ မကြိုက်ဘူးဆို။ ခုမှ ဘယ်လိုဖြစ်ပြီး ယူစားရတာလဲ"

ဟု အလန့်တကြားထအော်ဖူးသည်။

အဲသည်တုန်းက သူလည်း ကယောင်ကတမ်းနှင့်





"ဟုတ်လား မေခင်။ သား မသိတော့ဘူး" ဟု ဖြေကာ စားချင်စဖွယ်မွှေးကြိုင်နေသော ငါးသလောက်ပေါင်းကို ဆက်စားရကောင်းနိုး၊ မစားရကောင်းနိုး ချီတုံချတုံဖြစ်ရဖူးလေသည်။

"သားရေ မျက်နှာသစ်တာ ကြာလှချည်လားကွယ်"

"ဟုတ် . . . ပြီးပြီ မေခင်"

မေခင်က သူ့ကိုခေါ်ပြီး သူမပါဘဲ ဘယ်တော့မှ ပြန်ဆင်းမသွား။ တစ်ပါတည်း စောင့်ခေါ်လေ့ရှိတာကြောင့် သူ အတွေးစဖြတ်ကာ ကပျာကယာ မျက်နှာသစ်ရ၏။

သူထွက်လာတော့ မေခင်က မျက်နှာသုတ်ပဝါ ကိုင်လျက် အသင့်စောင့်ကာ သူ့ကို ဘာမှမလုပ်တတ်၊ မကိုင်တတ်သည့် ကလေးတစ်ယောက်သဖွယ် ရေသုတ်ပေးလေသည်။

"ရပါတယ် မေခင်ရာ။ သားဘာသာ သုတ်ပါ့မယ်"

"ငြိမ်ငြိမ်နေစမ်းပါ သားရယ်။ သားသုတ်ရင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



မှာ ရေတွေကျန်လွန်းလို့"

ဘာမှမတတ်သာသည့်အဆုံး သူက အရစ်မြင့် မြင့်မာ်းမားကြီးကို မေခင် မီအောင် ခပ်ကိုင်းကိုင်း နေပေး လိုက်ရပါသည်။

မေခင်က သူ့စိတ်တိုင်းကျ သုတ်ပေးပြီးမှ အောက် ထပ် ထမင်းစားခန်းသို့ ဆင်းဖို့ပြင်တော့၏။ ထမင်းစားခန်းသို့ ရောက်လေလျှင် . . .

"ဟယ် . . . ကြည့်စမ်း သွင်။ ညည်းက ကျုပ်တို့ကို မစောင့်ဘဲ စားတော့မလို့ပေါ့လေ ဟုတ်လား"

ဟင်းချိုတစ်ဇွန်း ခပ်သောက်မိသော မေသွင်မှာ မေခင့်အော်သံကြီးကြောင့် လန့်ကာ ဖွီးခနဲ သီးသွားရတော့ သည်။

"အဟွတ် . . . ဟွတ် . . . မမ တကယ်အကျင့်ပုတ် တယ်။ ဒီမှာ သွင် လည်ချောင်းစပ်သွားပြီ။ အဟွတ် . . . ဟင်းခါးလေး တစ်ဇွန်း မြည်းမိတာကို အော်လိုက်တာ"

မေသွင်က မေခင့်ကို မျက်စောင်းရှယ်ကာ မကျေ





မနပ်ပြန်ပြော်တော့ မေခင်ဟာ အပျိုကြီးပီပီ ဘုစ္စကျကျ စကားမျိုးတွေ ပြန်ပြောပါတော့သည်။

"သိမလားအေး . . . ညည်းက ဟင်းချိုကို တရှူး ရှူး ခပ်သောက်နေတော့ ကျုပ်တို့ တူဝရီးကိုမစောင့်ဘဲ စားပြီထင်တာပေါ့။ မြည်းတာလည်း ကျုပ်တို့လာမှ အေး အေးဆေးဆေး မြည်းနိုင်းပါလား။ ခုတော့ အလစ်ခိုးစားတာ ကျနေတာပဲ"

မေခင့်အကြောင်းသိတဲ့ မေသွင်က ဘာမှထပ် မပြောတော့ဘဲ မသိဟန်ဆောင်ကာ အသင့်ပြင်ထားတဲ့ နန်း ကြီးသုပ်ကို ကြက်သားဖတ်များများနှင့်နယ်ကာ ပန်းကန် တွေထဲသို့ လိုက်ထည့်ပေးနေတော့၏။

အိမ်မှာက အလုပ်သမားရယ်လို့မရှိ။

ထမင်းဟင်းချက်တာ မေခင့်တာဝန်ဖြစ်ပြီး အိမ်ထဲ မှာ လှည်းကျင်းသန့်ရှင်းတာ၊ ပန်းပင်တွေပြုစုတာကို မေသွင်က တာဝန်ယူထားသည်။

အဝတ်လျှော်တာတော့ တစ်ပတ်တစ်ခါ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လျှော်သူ ငှားပြီးလျှော်စေသည်။

မခင်က မသွင့်ထက် အသန့်အပြန့်ပို ကြိုက်ကာ ဇီဇာလည်း ကြောင်တတ်တာမို့ တော်ရုံအလုပ်သမားတွေလည်း စိတ်တိုင်းကျမည်မထင်ပါ။

မခင်က အသက်ငါးဆယ်ဆိုပေမယ့် အစိတ်သုံးဆယ်လောက်ကို နုပျိုဖျတ်လတ်ကာ စိတ်မြန်လက်မြန်ရှိနေဆဲမို့ သူ့လက် သူ့ခြေလုပ်ရမှ သဘောကျတတ်သူပင်။ မသွင်ကတော့ လုလုပပလေးဝတ် ကြော့ကြော့ရှရှလေးနေတတ်ကာ စီးပွားရေးလုပ်ငန်းတွေကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သလောက် အိမ်မှုကိစ္စတွေကျတော့ ပျင်းတတ်ပါသည်။

"ဟဲ့ . . . နည်းနည်း ပေါ့နေသလားလို့"

"မမ ပြင်ထားပေးတဲ့အတိုင်းပဲလေ။ သွင်က နယ်ရုံနယ်တာ"

"အဲဒါဆိုလည်း စားကောင်းအောင် အငန်ထပ်ထည့်ပေါ့ဟယ်။ တကတည်း လျှာမပါဘူးလား မသိဘူး။



ငါက ဒါဆိုဒါပဲ။ နည်းနည်းမှ အားမစိုက်ချင်ဘူး"

"မပေါ့ပါဘူး မခင်ရဲ့ အတော်ပါပဲ။ မခင်က သွေးတိုးရှိတော့ အငန်နဲ့လည်း မတည့်ပါဘူး။ တော်ပြီ မသွင် ထပ်မပြင်နဲ့တော့"

"အေး . . . မသွင်လည်း စားရတာ အတော်ပါပဲ"

မခင်က မသွင်ကို မျက်စောင်းတစ်ချက် လှမ်းရွယ်ရင်း သူ့ကိုလှည့်ကြည့်ကာ . . .

"စားကောင်းရဲ့လား သား"

ဟု ဂရုတစိုက် မေးပါသည်။

"ကောင်းတာပေါ့ မခင်ရဲ့၊ မခင့်လက်ရာပဲဟာ"

သူက မခင့်အကြိုက်ပြောပေးလျှင် မသွင်က ကလေးပေါက်စလို ရှုပုပ်ပွသွားကာ . . .

"နေနော် . . . ဒါ မသွင့်လက်နဲ့ နယ်ပြီး သုပ်ထားတာ"

ဟု ပြောကာ ကြုံဖန်အမှတ်ယူနေပြန်ပါသည်။

"ဟွန်း . . . လာပြီးကပ်သပ်နေတယ်။ သူများပြင်

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ဟာကို လာပြီး"

မေခင်က ရှုံ့မဲ့လျက် မကြားတကြားဆိုနေသေးသည်။

ညီအစ်မနှစ်ယောက် ဆုံလိုက်တိုင်း မခံချင်အောင် ပြောကြဆိုကြနှင့် တစ်ခုခုဖြစ်လျှင်တော့ တစ်ယောက်ကို တစ်ယောက် သည်းသည်းလှုပ် စိုးရိမ်ပူပန် တတ်ကြသော သူတို့အကျင့်ကလည်း ရယ်မောအံ့ဩဖွယ်ပင် ကောင်းနေသေးတော့၏။

"သားကို မေသွင် မေးဦးမယ်"

မေသွင့်စကားကြောင့် သူရော မေခင်ပါ စားသောက်နေရင်းမှ မျက်လွှာပင့်ကြည့်လိုက်မိကြ၏။

"မေးလေ မေသွင်"

"ဪ . . . တခြားမဟုတ်ပါဘူး။ သက်လျာနဲ့ ကိစ္စပါ"

"သက်လျာကိစ္စ! သက်လျာက ဘာဖြစ်လို့လဲ မေသွင်"





"သက်လျာက ဘာမှမဖြစ်ပါဘူး။ ဘာမှ မဖြစ်လို့လဲ မေသွင်တို့ မျက်နှာပူရတာ"

မေသွင့် စကားကြောင့် သူ နားရှုပ်သွားမိ၏။

မျက်မှောင်ကြုတ်လျက် မေခင့်ထံလှမ်းကြည့်တော့ မေခင်က နန်းကြိုးသုပ်ဝါးရင်း ပခုံးတစ်ချက်တွန့်ပြသည်။

ဟာ . . . မေသွင်တို့ မေခင်တို့က ဘာအထာတွေလဲ။ သူ အခုထိ ဘာမှကို အဓိပ္ပာယ်နားမလည်၊ သဘောမပေါက်သေးတာကြောင့် သူမတို့ မျက်နှာတွေကိုသာ တစ်လှည့်စီ လိုက်ကြည့်နေမိ၏။

"စကားကို ကလေးနားလည်အောင် ရှင်းရှင်းပြောစမ်းပါ မိသွင်ရယ်။ ငါ သိပြီးသားလူတောင် မျက်စိလည်သွားတယ်"

မေခင်က စိတ်မရှည်။ ဒေါသဖြစ်လျှင် မေသွင့်ကို မိသွင်, သွင်ခက် စသဖြင့် ခပ်ရင့်ရင့်ခေါ်ပြီး ပြောချပစ်တတ်လေသည်။

"ပြောမှာပါ မမရယ်။ မမတို့ တူဝရီးက ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လောနေကြတာလဲ။ ဒီလို သားရေ . . . သားနဲ့ သက်လျာကို လူကြီးချင်း ပြောဆိုထားတဲ့ ကိစ္စလေ"

"အဲဒါပဲ . . . အဲဒါပဲ . . . ဒီကိစ္စလေးပြောဖို့ကို ပတ်ချာလည်နေတယ်"

မေခင်က မေးတငေါ့ငေါ့ လက်တကာကာနှင့် မဲ့ကာရွဲ့ကာ ဝင်ပြောနေသောကြောင့် မေသွင် တစ်ဖက်လှည့်ပြီး သက်ပြင်းကျိတ်ရှိုက်တာလည်း သူမြင်လိုက်ရ၏။ မေခင်က စားသောက်ခြင်းကို လက်စသတ်ပြီး . . .

"လိုရင်း ပြောရရင်တော့ကွယ်။ သားကို သက်လျာနဲ့ တရားဝင်စေ့စပ်မယ်။ သိပ်မကြာတဲ့ ကာလအတွင်းမှာ အမြန်ဆုံး လက်ထပ်ပေးမယ် အဲဒါပဲ။ သားက ဒီကိစ္စကို သွေးအေးနေတော့ မိန်းကလေးဖြစ်တဲ့ သက်လျာကို မေခင်တို့က အားနာ သနားကြီးဖြစ်နေတယ်။ ဒီတော့ သားကလည်း နည်းနည်းပါးပါး ပရိုပို့(စ်)လေး၊ အင်ထရီလေး ဝင်ထားစေချင်တယ်။ ဒါမှ ဒီကိစ္စက အသက်ဝင်ပီပြင်လာမှာပေါ့"

ပြောမယ့်ပြောတော့လည်း စက်သေနတ်ပစ်သလို



တရစပ်ကြီး အသက်မရှူ သက်ပြင်းမချတမ်းကို ပြောသွားတာဖြစ်၏။

မေခင့်အသံ လေယူလေသိမ်းက မေသွင့်လို အိညောင်ညက်လေပြည်ထိုးကလေးမဟုတ်။ ဒါက ဒီလိုရှိတယ်။ ဒီအတိုင်း ဖြစ်ရမယ်ဆိုတဲ့ တစ်သွေးတစ်သံ အမိန့်အာဏာပါနေသည်။

သူ သက်ပြင်းတစ်ချက်ရှိုက်ရင်း မေသွင့်မျက်နှာကို လှမ်းကြည့်တော့ နန်းကြီးသုပ် ပန်းကန်ထဲမှာ တဒေါက်ဒေါက် မွှေနှောက်ဖြတ်တောက်နေသည့် ဇွန်းကိုချကာ သူ့ဘက်က အဖြေစကားကို ငံ့လင့်နေကြောင်း တွေ့လိုက်ရလေသည်။

"အဲဒါက ပြောရခက်နေတာပဲ မေသွင်"

"ဟဲ့ . . . ဘာကို ပြောရခက်တာလဲ၊ သားက သက်လျာကို ငြင်းစရာ ဘာအကြောင်းရှိနေလို့လဲ ဖြေစမ်း၊ ပြောစမ်း။ အဲလို ငုံစုပစ်ကြီးလုပ်မနေနဲ့"

မေခင့်အလောတကြီး အမေးစကားက သူ့ကို ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျဉ်းကျပ်စေကာ ဖြေရခက်စေလေသည်။ သို့ပေမယ့် မဖြေလို့လည်း ပြီးမှာမဟုတ်။

ဒီကိစ္စကို သူ အင်းအဲလုပ် ရှုးချင်ယောင်ဆောင် ထားတာကြာပြီမို့ ဆက်ပြီး အချိန်ဆွဲလို့ မဖြစ်တော့ပြီ။

"သား သူ့ကို ဘယ်လိုမှချစ်လို့မရဘူး မေခင်"

"ဟဲ့ . . . ခြော် . . . ဒုက္ခပါပဲ။ ခုထက်ထိ ဒီစကား က ပြောနေတုန်းပဲ။ သွင် . . . ညည်းသားကို ပြောဦး။ မေ့တာ တွေ မမှတ်မိတာတွေ အသာထား။ ဒီလောက်အချိန်တွေ ကြာမှတော့ သံယောဇဉ်ဖြစ်သင့်နေပါပြီ။ မချစ်နိုင်စရာ ဘာအကြောင်းမှမရှိတာကို"

မချစ်ဘူး၊ ချစ်တယ်ဆိုတာ အကြောင်းပြချက်ပေး လို့ရတဲ့ အရာမဟုတ်လေတော့ သူ ဘယ်လိုပြန်လည် ချေပရမှန်းမသိချေ။

"သားရယ် သက်လျာက သားကို နားလည်မှု အပေးနိုင်ဆုံးနဲ့ သားဘဝအတွက် အသင့်တော်ဆုံး၊ အလိုက်ဖက်ဆုံး မိန်းကလေးပါ။ ဒီလိုအခြေအနေမျိုးမှာ သူ





မို့ သားကို စောင့်နေနိုင်တာ။ တခြားမိန်းကလေးတွေဆို ငါ့ ကိုတောင် အမှတ်မရတော့တာဘဲဆိုပြီး သံယောဇဉ်ပြတ် သွားကြမှာ။ သူကတော့ သားအပေါ်မှာ ဟိုတုန်းကအတိုင်း အပြောင်းမလဲ တွယ်တာနေဆဲပဲ"

"အို . . . ညည်း . . . အဲလိုလေပျော့ကလေးနဲ့ လုပ်နေလို့ သားက အင်းမလုပ်၊ အဲမလုပ် ဖြစ်နေတာ။ ဒီမယ် . . . သား မေခင် ပြောတာကို နားထောင်၊ သား သက်လျာကိုပဲ လက်ထပ်ရမယ်။ တခြား ဘယ်သူ့ကိုမှ စိတ် ကူးထဲမထည့်နဲ့ . . . ဒါပဲ၊ ဟိုဒီခရီးထွက်မယ် အကြောင်းပြပြီး ရှောင်သွားတာတွေလည်း မလုပ်နဲ့တော့။ မေခင်တို့ ကြားထဲ က မျက်နှာပူရတယ်"

စကားအဆုံး မေခင်က ကော်ဖီလက်ကျန်ကို ကောက်သောက်ပြီး ထမင်းစားခန်းထဲမှ ထွက်သွား၏။

ချက်ချင်းထထွက်သွားသည့် သဘောကတော့ နောက်ထပ် ဘာစကားမှ အထွန့်မတတ်နိုင်အောင်ဖြစ်၏။

သူ ထိုနေရာမှာပဲ စိတ်ပျက်အားငယ်စွာ ခေါင်းငိုက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကျသွားမိသည်။

ဒီအိမ်မှာ မေခင့်သဘော၊ မေခင့်ဩဇာသာ တစ်သမတ်တည်း တည်တံ့ခဲ့ရတာမို့ မေသွင့်ကိုလည်း အားကိုးတကြီး စစ်ကူတောင်းမနေချင်တော့ . . .

"သားရယ် မေခင့်စိတ်ကိုလည်း နားလည်ရက်နဲ့။ ဘာမှ မဆန့်ကျင်ပါနဲ့တော့နော်"

မေသွင်က ကြီးတော်လုပ်သူနဲ့ သားဖြစ်သူကြား ပဋိပက္ခတွေ မဖြစ်စေလိုတာမို့ ချှေပြည်အေးဝင်လုပ်နေသည်။

သူကတော့ ကိုယ့်ရှေ့ရေးကိုပင် တွေးရခက်စွာ သက်ပြင်းရှိုက်မိ၏။

သက်လျာနှင့် သူ့ကို ဘာကြောင့် အလောတကြီး လက်ထပ်စေချင်သလဲဆိုသည့် မေးခွန်းက ရင်ထဲမှာ တဝဲလည်လည်။

သူ ဘာလုပ်သင့်သလဲ။



## အခန်း ( ၉ )

"ဖြူမပြောတာတွေ ဘယ်သူမှ ပြန်မပြောရဘူးနော်"

အကြောင်းအရာတစ်ခု ပြောပြီးတိုင်း မျက်ခုံးကလေး စုကြုတ်ပြီး လက်လေးတခါခါလုပ်ကာ ထိုသို့မှာကြားတတ်သော ဖြူမကို ကြည့်ပြီး မိနိုင် ပြုံးလိုက်မိ၏။

ဖြူမက နာမည်နှင့်လိုက်အောင် ဖြူဖြူအစ်အစ်နှင့် ချစ်စရာခင်စရာကောင်းသော ကောင်မလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသွား ဒေါ်ညွှန့် စကားနည်းသလောက် သူက စကားကို ရေပက်မဝင် ခေါ်၍အော်၍ မကြားနိုင်လောက်အောင် ဗလစ် ဆန်ပြောတတ်သူမို့ ဒီအိမ် ဒီမိသားစုအကြောင်းတွေကို မသိချင်မှအဆုံး ကြားရတတ်ပါသည်။

ယခုလည်း မမသက်လျာ အခန်းထဲက လျှော်ရမည့် အဝတ်ခြင်းတောင်း ဝင်ယူရင်း စားပွဲပေါ်မှာ တင်ထား သော စုံတွဲဓာတ်ပုံလေးကို မြင်ခဲ့ရာမှစကာ . . .

"အမယ်လေး . . . အဲဒီပုံကိုတော့ ဘာအကြောင်း နဲ့မှ သွားမထိ မကိုင်လေနဲ့။ မမသက်လျာ စိတ်ဆိုး ဒေါသ ထွက်တာကို မြင်ဖူးသွားလိမ့်မယ်"

အကြောင်းအရာတစ်ခုကို စိတ်ဝင်စားအောင် မဲ့ ကာရွဲ့ကာ၊ မျက်လုံးပြူးကာ၊ သည်းထိတ်ရင်ဖိုပုံစံတွေ သူမို့ လုပ်ပြတတ်ပါသည်။ ဖြူမ ပြောပြီဆိုလျှင် မိနိုင်တောင် မျက်လုံးအဝိုင်းသား လိုက်ငေးရတတ်၏။

"ဘာဖြစ်လို့လဲ ဖြူမရယ်။ အဲဒီပုံက ဘယ်လောက် အရေးကြီးလို့လဲ"

●———ရွှေယောဟ———●



"နင်တို့ ငါတို့အတွက်တော့ အရေးမကြီးဘူးပေါ့ မိနိုင်ရယ်။ မမသက်လျာအတွက်ကျတော့ အသက်တမျှ လေ။ အဲဒီပုံထဲက ကိုနေလကျော်က မမသက်လျာနဲ့ လက် ထပ်မယ့်လူ။ သူတို့က ငယ်ငယ်လေးကတည်းက ရင်းနှီးခဲ့ ကြတာ။ ငယ်ကျွမ်းဆွေတွေပေါ့ဟယ်"

"ဪ"

လက်ထပ်မယ့်လူဆိုတဲ့ စကားကြောင့် မိနိုင် ငိုင် သွားရ၏။ ပြီးတော့ ငယ်ကျွမ်းဆွေဆိုတဲ့ စကားက မိနိုင် ရင် ကို အရှိန်ပြင်းပြင်း ဝင်တိုက်သွားသလို နာကျင်စံစက်လှ သည်။

"တကယ်ဆို မမသက်လျာ ကျောင်းပြီးကတည်း က လက်ထပ်ဖို့။ အဲ . . . မမသက်လျာက ဘွဲ့ရပြီးတော့ ချိန်ဘာဆိုလား၊ ဘာလား၊ အဲဒါ ဆင်းနေရသေးတယ်။ ရှေ့နေသင်တန်းလို့ ငါက အလွယ်မှတ်ထားတယ်။ အဲဒီ အချိန်မှာ ကိုနေလကျော်နဲ့ သူ့အဖေ ကားတိုက်မှုဖြစ်ပါလေ ရော"

●———ရွှေယောဟ———●

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖြူမရဲ့ လက်ဟန်ခြေဟန် အမူအရာတွေက အသက်ပါလှတာမို့ မိနိုင်ပင် လန့်ဖျပ် အံ့ဩသွားရ၏။

ကားတိုက်မှုတဲ့။ အဖြစ်အပျက်တွေက တူညီ တိုက်ဆိုင်လှချည်လားလို့ တွေးမိသွားရသည်။

"အဲဒီမှာ ကိုနေလကျော်အဖေက ပွဲချင်းပြီး ဆုံးသွားတယ်။ ကိုနေလကျော်ကတော့ လုံးဝကို အတိတ်မေ့သွားတယ်"

"ဟယ် . . . ဒါဆို သူ ဘာမှသတိမရတော့ဘူးပေါ့"

ဖြူမက ကြက်သွန်ဖြူမွှာလေးတွေကို ခွာရင်း ရှုံ့မဲ့ လျက် ခေါင်းကိုခပ်လေးလေးယမ်းပြ၏။

"သတိမရဆို ဘာကိုမှ သတိမရတော့တာ။ သူ့ ကိုယ်သူတောင် ဘယ်သူမှန်းမသိတော့ဘူး"

"မမသက်လျာကိုရော မှတ်မိလား"

"ဩော် . . . ဒုံးဝေးလိုက်တာ မိနိုင်ရယ်။ သူ့ကိုယ် သူတောင် မသိပါဘူးဆို၊ မမသက်လျာကို ဘယ်လိုလုပ်မှတ်





မိမှာလဲ"

"မမသက်လျာ သနားပါတယ်နော်"

မိနိုင် ကြေကြေကွဲကွဲလေးပြောရင်း မျက်ရည် လေးပင် ဝဲစို့လာရသည်။

ကိုယ်နဲ့လက်ထပ်မယ့်သူက ကိုယ့်ကို လုံးဝမသိ တော့တဲ့အဖြစ်မျိုးဆိုတော့ ဘယ်လောက် ခံစားရမလဲ။ မမ သက်လျာမပြောနှင့် မိနိုင်ပင် ဝမ်းနည်းလာမိသည်။

"ကိုနေလကျော်က ပိုတောင်သနားဖို့ကောင်းသေး တယ်။ အခုထိ ဘာမှသတိမရတော့။ ကလေးလိုပဲ သူများ ပြောမှ ဘာမဆိုသိခွင့်ရတာ။ ဒါပေမဲ့ မမသက်လျာက စိတ် ပျက်မသွားပါဘူး။ အရင်ထက်တောင် ပိုဂရုစိုက်သေးတယ်။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်က တကယ်လိုက်ဖက်တယ် ဟ။ ငါကတော့ ကိုနေလကျော် ပြန်သတိရရ.မရရ မမသက် လျာနဲ့ပဲ ညားစေချင်တယ်။ နင်ရော ဘယ်လို သဘောရလဲ ဟင်"

မိနိုင် ငူငူငိုင်ငိုင်လေးဖြစ်နေရာမှ တံတောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွက်၍ မေးလိုက်သော ဖြူမကြောင့် ဆတ်ခနဲတုန်သွားကာ အယောင်ယောင်အမှားမှားနှင့် . . .

"အင်း . . . အဲလိုပဲပေါ့။ ငါလည်း နင့်လိုပါပဲ ဖြူမရယ်"

မိခိုင် အသံတုန်တုန်လေးနှင့် ဖြေတော့ ဖြူမက လှည့်ကြည့်ပြီး . . .

"ဟဲ့ . . . ဒါက ဘယ်လိုဖြစ်တာလဲ။ အခြောက်တိုက် နေရင်း၊ ထိုင်ရင်း မျက်ရည်တွေဝဲလို့"

"ဘာ . . . ဘာမှ မဖြစ်ပါဘူး ဖြူမရယ်။ ငါက အဲလိုစိတ်မကောင်းစရာ အဖြစ်အပျက်တွေကြားရင် အရမ်းဝမ်းနည်းတတ်တာ"

"ဟုတ်ရဲ့လားဟယ်။ ရွာမှာကျန်ခဲ့တဲ့ ရည်းစားကိုလွမ်းပြီး မျက်ရည်ကျတာများလား"

"ကြံကြံဖန်ဖန် ဖြူမရယ်။ ရွာမှာ ဘယ်ကရည်းစားမှ မကျန်ခဲ့ပါဘူး"

ဖြူမက ဖက်ကလေးပုရင်း တဟီဟီရယ်ကာ . . .





"မယုံပါဘူး မိခိုင်ရယ်။ နင်က တအားလှတာ။ ရည်းစားရှိမှာပါ"

"ဩော် . . . ဒုက္ခပဲ။ မရှိပါဘူးဆို"

"ဒါဖြင့် နင့်ကို ကြိုက်တဲ့လူရော"

"မရှိပါဘူး။ ရှိလည်း ဘယ်သိနိုင်မလဲ"

"ငါ့ကိုကြိုက်တဲ့လူတော့ရှိတယ်သိလား။ ဒီတစ်ခါ ဈေးသွားရင် ပြမယ်"

လက်စသတ်တော့ ဖြူမက သူ့ကို ကြိုက်တဲ့လူရှိကြောင်း ကြွားဖို့ စကားစနေတာကိုး။

"ဟုတ်လား . . . နင်ရော သူ့ကို ကြိုက်လား"

"နည်းနည်းတော့ စိတ်ဝင်စားတယ်။ သူက ဟိုလမ်းထိပ်ခြံက သူဌေးကားမောင်းတာ၊ ဝင်ငွေတော့ ကောင်းမယ့်ပုံပဲ။ သူနဲ့ရရင် ငါ သူများအိမ်မှာ အလုပ်မလုပ်တော့ဘူး။ သူလုပ်စာပဲ ထိုင်စားမယ်။ အသွားလည်း အသက်ကြီးပြီလေ"

ဩော် . . . သူ့စိတ်ကူးနဲ့သူကတော့ ဖြောင့်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲလား။

"သူက နင့်ကို စကားတွေ ဘာတွေ လိုက်ပြောဖူးလား"

မိနိုင် စကားအဆုံး ဖြူမက မျက်တောင် တဖျပ်ဖျပ် ခတ်ရင်း စဉ်းစားသလိုယောင်ပြုပြီးမှ ခေါင်းကို ခပ်သွက်သွက်ယမ်းကာ . . .

"ဟော့အေး . . . တစ်ခါမှမပြောဖူးဘူး။ ဒါပေမဲ့ ငါ အဲဒီရှေ့က ဖြတ်တိုင်း သီချင်းဆိုတယ်။ ဟို . . . သနပ်ခါးသီချင်းလေ။ ငါက အမြဲတမ်း ပါးကွက်ကွက်တယ်မို့လား။ အဲဒါ သူ ငါ့ကို ကြိုက်လို့နေမှာပေါ့"

"ဟောတော်"

မိနိုင် တအံ့တသြကြီးကို ရေရွတ်လိုက်မိပါသည်။

တစ်ယောက်တည်း သေချာပြီး ရှေ့ရေးတွေ တွေးကာ စိတ်ကူးယဉ်နေသော ဖြူမကို ကြည့်ရင်း မိနိုင်မှာ ရယ်ရမလို ငိုရမယ်လိုပင် ဖြစ်ရလေသည်။

ဒါကြောင့် သူ့အဘွားဒေါ်ညွှန့်က ဖြူမနော် ညည်း



ကြွပ်ကြွပ် မျက်နှာရှုးပေးဟု မကြာခဏကြိတ်ကာ မာန်မဲတတ်ခြင်းပင် ဖြစ်လိမ့်မည်။ ဖြူမဟာ မိနိုင်နဲ့ အသက်ရွယ်တူ နီးပါးရှိပေမယ့် တစ်ခါတလေ မိနိုင်လောက်ပင် စဉ်းစားတွေးခေါ်မှု မရှိတတ်တာတွေ့ရ၏။ မည်သို့ဆိုစေ သူမက ခင်မင်ချင်ဖွယ်၊ ပေါင်းလို့သင်းလို့ ကောင်းသော ကောင်မလေးတစ်ယောက်သာဖြစ်ပါသည်။

သူမကြောင့် မိနိုင် မသိသေးတာတွေလည်း သိခွင့်ရခဲ့ခြင်းဖြစ်၏။

သူနဲ့ မမသက်လျာက မကြာခင် လက်ထပ်တော့မယ်တဲ့။

အို . . . အဲဒါ မိနိုင်နဲ့ ဘာဆိုင်လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

စားပွဲပေါ်မှ ဖုန်းမြည်သံကြောင့် ရေချိုးခန်းထဲမှ ထွက်လာသော သက်လျာမှာ ဆံပင်ရေစိုတွေသုတ်ဖို့ တဘက်ကို ဆွဲယူရင်း မှန်တင်ခုံရှေ့မှာ မထိုင်တော့ဘဲ ဟန်းဖုန်းယူရန် တန်းလျှောက်လာခဲ့ရ၏။

ဖုန်းက နေတို့အိမ်ကဖုန်းဖြစ်နေတာမို့ သက်လျာ ကပျာကယာပဲဖွင့် နားထောင်လိုက်သည်။

"အေး . . . သမီး သက်လျာလား။ အိမ်ဖုန်းခေါ်တာ



ကိုင်မယ့်လူမရှိလို့ကွယ်။ သမီး ဘယ်ရောက်နေလဲ"

"အိမ်မှာပဲ အန်တီ သွင်"

အိမ်ဖုန်းကိုင်မယ့်သူမရှိတာက ဖြူမတို့ မြေးအဘွားဈေးသွားနေပြီး၊ မိနိုင်က အဝတ်တွေလျှော်နေတော့ လျှော်စက်အသံကြောင့် ဧည့်ခန်းထဲက ဖုန်းသံကို မကြားရ၍သာ ဖြစ်ပါလိမ့်မည်။

အိမ်မှာ ဖေဖေနဲ့မေမေလည်း မရှိ။ မနက်စောစောကတည်းက ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့ သား မင်္ဂလာဆွမ်းကျွေးကို သွားနေကြသည်။

"တော်သေးတာပေါ့ သမီးရယ်။ အိမ်မှာလေ မမခင်ချော်လဲလို့တဲ့။ အဲဒါ သားတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဖြစ်နေတယ်။ အန်တီသွင်က ခုမှ သား ဖုန်းဆက်လို့ ပြန်လာနေတုန်း လမ်းပေါ်မှာ။ ဆိုင်တောင်ဒီအတိုင်းပစ်ထားခဲ့တယ်။ ကောင်မလေးတွေတော့ရှိတယ်။ သမီး အားရင် အိမ်ခဏလာခဲ့ပေးပါလား"

"ဟုတ်ကဲ့ . . . လာခဲ့မယ် အန်တီသွင်။ ဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိသားစုဆရာဝန် ခေါ်ထားပြီးပြီလား"

"ခေါ်ထားတယ်တဲ့။ ဘာဖြစ်သွားလဲဆိုတာတောင် မမေးလိုက်ရဘူး။ သားကလည်း ပူထူပြီး မေသွင် မြန်မြန် ပြန်ခဲ့ပါပဲ ပြောသွားတာ။ အဲဒါ သမီးလာခဲ့ဦးနော်။ အရေးဆို အန်တီသွင်က ရင်တုန်နေတာနဲ့ပဲ ဘာမှမလုပ်နိုင်တော့ဘူး ဒီမှာ ကားတောင် မနည်းမောင်းနေရတာ"

"သိပ်လည်း စိတ်မပူနဲ့ အန်တီသွင်။ ကားကိုပဲ ဂရုစိုက်မောင်းခဲ့။ သက်လျှာ အခုပဲလာခဲ့မယ်။ ဘာမှ စိုးရိမ် စရာမရှိလောက်လို့ ဆေးရုံတန်းမသွားတာနေမှာပါ။ အင်း ဒါပဲနော်"

သက်လျှာ ဖုန်းလေးကို စားပွဲပေါ်တင်ပြီး ဆံပင်ကို ပင် ဒရိုင်ယာနှင့်မမှုတ်နိုင်တော့ဘဲ အဝတ်အစားကိုသာ ကမန်းကတန်း လဲရလေသည်။

တကူးတက မဟုတ်ဘဲ ရေးကြီးသုတ်ပျာ ထသွား ရမှာဆိုတော့ မျက်နှာကိုတောင် မှန်ရှေ့မှာ စေ့စေ့မကြည့် တော့ဘဲ မစိုမခြောက် အချောင်းလိုက်ကျနေသည့် ဆံပင်



တွေကို ညှပ်ကလစ်ကြီးတစ်ခုနှင့် ခေါက်တင်ကာ ချည်သား ဂါဝန် ခရမ်းဖျော့ရောင်နှင့် အပေါ်မှ ဆွယ်တာ လက်စက အဖြူလေးကို ထပ်ဝတ်လိုက်သည်။

တော်သေးရဲ့။

သက်လျှာ အဝတ်အစားလဲ ဆင်းလာတော့ ဖြူမ တို့ မြေးအဘွားလည်း ဈေးမှပြန်ရောက်နေပြီ။

"ဖြူမ . . . မိနိုင်ရော"

"အဝတ်တွေ အခြောက်ခံပြီး မီးပူတိုက်ဖို့ လုပ်နေ တယ်။ မမ ဘာခိုင်းမလို့လဲ"

"ဘာမှမခိုင်းဘူး။ ဟိုဘက်အိမ်ကို ခဏခေါ်သွား မလို့။ ခေါ်လိုက် မီးပူတိုက်မယ့်ဟာတွေ ထားခဲ့လိုက်လို့"

"ဟုတ်ကဲ့"

ဖြူမက လှစ်ခနဲ ပြေးထွက်သွားသည်။ သူမက တော့ လက်မှာ နာရီပါမလာသည့်အတွက် ညှိခန်းထဲက နာရီကိုပဲ လှမ်းကြည့်ရင်း အန်တီခင့်အတွက် စိုးရိမ်သောက ရောက်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိနိုင့် . . . မမက လာခဲ့ဦးတဲ့"

ခြင်းထဲကအဝတ်တွေကို မီးပူတိုက်ဖို့ ပြင်နေသော မိနိုင်မှာ ဖြူမခေါ်သံကြောင့် တအံ့တသြဖြစ်သွားရသည်။

"ဘာနိုင်းမလို့လဲမသိဘူး"

"ဘာမှမနိုင်းဘူး။ နင့်ကို ဟိုဘက်အိမ် ခေါ်သွားမလို့တဲ့"

"ဟိုဘက်အိမ်ဆိုတာ"

"ကိုနေလက်ျာတို့အိမ်ကို ပြောတာ မြန်မြန်သွား။ ဒါတွေ ငါတိုက်ထားမယ်။ မမ ကြည့်ရတာ အရေးကြီးနေတဲ့ ပုံပဲ"

ဖြူမရဲ့ အလောတကြီးစကားကြောင့် မိနိုင် အပြေးကလေးထွက်လာခဲ့လိုက်သည်။ မနက် အိပ်ရာထကတည်းက သနပ်ခါးပါးပါးလိမ်းထားပေမယ့် အဝတ်ကတော့ အိမ်နေရင်းမို့ ခပ်နွမ်းနွမ်းဖြစ်နေသော မိနိုင်မှာ အဝတ်လဲသွားရကောင်းမလား စဉ်းစားမိပေမယ့် မမက အရေးကြီးလို့ ခေါ်





နိုင်းတာပဲ ဟူသော အတွေးဝင်လာတာကြောင့် မလဲဖြစ်တော့ချေ။

မိနိုင်ရဲ့ ဆံပင်ရှည်ကြီးကတော့ သိုးမွှေးခေါင်းစည်းကလေးနှင့် ခပ်ရိုးရိုးပဲ စည်းနှောင်ကာ ဒီအတိုင်းချထားတာမို့ ကျောကနေ တင်ပါးအထိ အုပ်ဆိုင်းဝဲဖြာကာ ကျက်သရေ ရှိနေသည်။

"မမ . . . မိနိုင်ကို ခေါ်တယ်ဆို"

"အင်း . . . မမနဲ့ဟိုဘက်အိမ် ခဏလိုက်ခဲ့ပေးစမ်းပါ။ ဒေါ်ညွန့် ဖေဖေနဲ့မေမေ ပြန်လာရင် သက်လျာ ဟိုဘက်အိမ်သွားတယ်လို့ ပြောပေးပါ။ ဟိုမှာ အန်တီခင် ချော်လဲလို့တဲ့"

"ကောင်းပါပြီကွယ်။ ပြောလိုက်ပါ့မယ်"

ဒေါ်ညွန့်က စကားနည်းသူပီပီ ထိုမျှသာပြောလျက် မီးဖိုခန်းဘက် ပြန်ဝင်သွားသည်။

"လာ . . . မိနိုင်"

မမသက်လျာက ရှေ့မှ ခပ်သုတ်သုတ် ထွက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တော်ရုံကိစ္စဆိုလျှင် ဒရိုင်ဘာနှင့်သာ သွားတတ်သော မမသက်လျာက ဂိုဒေါင်ထဲမှ ကားကို ကိုယ်တိုင်သွားထုတ်ယူကာ မိနိုင်ကို ကားပေါ်တက်စေသည်။

"ဒရိုင်ဘာကိုစောင့်ရင် အရမ်းနောက်ကျနေမှာ။ ဖေဖေတို့က ဟိုမှာ အေးဆေးနေပြီးမှ ပြန်လာမှာထင်တယ်"

မိနိုင်ကိုပြောသလိုနှင့် တစ်ယောက်တည်း ရေရွတ်နေသော သူမ ပုံစံကိုကြည့်ပြီး မိနိုင် မျက်လုံးပြူးကလေးနှင့် ငြိမ်နေလိုက်သည်။

အုတ်တံတိုင်း မြင့်မြင့်ကြီးတွေနှင့် ကွမ်းသီးပင်တွေ စိပ်နေအောင် စိုက်ထားသော ခြံကြီးထဲကွေ့ဝင်တော့မှ ဒါ နေလက်ျာရဲ့အိမ်ပါလားဆိုတာ မိနိုင်သိလိုက်ရ၏။

ကားဝင်တဲ့လမ်းက ကွန်ကရစ်လမ်း သီးသန့်ဖြစ်ပြီး ဘေးမှာ မြက်ခင်းစိမ်းစိမ်းတွေက ညီညာပြန့်ပြူးနေသည်။ ခြံဝကနေ အိမ်ရှေ့အရောက် လမ်းတစ်ဖက်တစ်ချက်မှာ ရေတမာတွေ စိုက်ထားပုံက ဆင်ခြေလျှောမြေသားကြောင့် ကြည့်လို့ကောင်းလွန်းသည်။





စိမ်းစိုဝေဆာနေသော သစ်ပင်၊ ပန်းပင်တွေရဲ့ အလယ်မှာ ခန့်ခန့်ထည်ထည်ရှိနေသော တိုက်ကြီးက ကျေးဥစိမ်းရောင်ဖြစ်၏။ ဆင်ဝင်အောက်မှာ ချထားသည့် ကျောက်စက်ပန်းအိုးကြီးတွေက ဧရာမကြီးတွေဖြစ်ကာ အဆစ်ကလေးတွေ စိပ်စိပ်နှင့် အရွက်နည်းသော ဝါးအလှပင်တွေကလည်း မျက်စိအေးတာမို့ ငေးချင့်စဖွယ်။

အိမ်ထဲမရောက်သေးပေမယ့် ကားပေါ်က ဆင်းဆင်းချင်း ကျောက်ပြားရောင်စုံစီထားသော ဆင်ဝင်မှာ ခြေချမိလေသည်။

သန့်ရှင်းတောက်ပြောင်ရုံမကဘဲ အရောင်တွေဖိတ်ဖိတ်လက်နေပုံက ဖိနပ်ချွတ်ပြီး လျှောက်ရမလိုပင် ထည်ဝါလွန်းနေ၏။

"ဟာ . . . သက်လျာ အတော်ပဲ မေသွင်လည်း မရောက်သေးဘူး။ ကျွန်တော် ဖုန်းဆက်ဦးမလို့ဘဲ သက်လျာ အား,မအား မသေချာတာနဲ့"

ရောက်ရောက်ချင်း သူက ပျာပျာသလဲ ဆီးပြော



www.burmeseclassic.com

www.burmeseclassic.com



ရင်း မမသက်လျှာနောက်မှာ ကုပ်ကုပ်လေးပါသည့် မိနိုင်ကို တစ်ချက် လှမ်းကြည့်သည်။

"အန်တီခင်ရော"

"လာ . . . ရှိတယ်။ ဆရာဝန်တော့ ရောက်နေပြီ။ အခန်းထဲမှာ မေခင့်ခြေထောက်က အရိုးအက်သွားတာ ဖြစ်နိုင်တယ်တဲ့။ သေချာအောင် ဓာတ်မှန်ရိုက်ရမယ်လို့ ပြောတယ်"

"ဟုတ်လား"

မမသက်လျှာက စိုးရိမ်တကြီးပုံစံလေးနှင့် ပြောရင်း ထိုအခန်းထဲသို့ အပြေးကလေးဝင်သွားတော့ မိနိုင်လည်း နောက်မှ လိုက်ရလေသည်။

အိမ်ကြီးရဲ့ ခမ်းနားသော အဆင်အပြင်တွေကြောင့် ဘယ်နားဝင်ထိုင်ရမှန်းမသိအောင် အနေကျုံ့မိကာ မမသက်လျှာသွားရာနောက်သို့သာ တကပ်ကပ် လိုက်နေသော မိနိုင်ကို သူက အထူးအဆန်းလို လိုက်ကြည့်နေသည်။

•———မြသန်းတင့်———•



အခန်းထဲရောက်တော့ မမသက်လျှာက ခုတင်စွန်းမှာ ဝင်ထိုင်ပေမယ့် မိနိုင်ကတော့ သူနှင့်အတူ မတ်တတ်ကလေးရပ်ကာ လှမ်းကြည့်မိသည်။

ခုတင်ပေါ်မှာ မျက်လုံးလေး မှေးစင်းလျက် မှိန်းနေဟန်ရှိသော ဖြူဖြူဝဝအန်တီကြီးက နှုတ်ကတော့ တဟင်းဟင်းနှင့် ညည်းညူနေရှာလေသည်။

"အန်တီခင် . . . အန်တီခင် နေသာရဲ့လား"

"အင်း . . . ခြေကျင်းဝတ်နေရာက ကိုက်တယ်။ ခြေသန်းစောင်းနေရာက တော်တော်နာသွားတာ"

"လောလောဆယ်တော့ ကိုက်တာခဲတာ သက်သာအောင် ဆေးထိုးပေးထားတယ်။ ခေါင်းကို ထိသွားတာက ဘာမှမဖြစ်ပါဘူး။ ခြေထောက်ကတော့ အရိုးအက်သလား၊ အဆစ်လွဲသလား သိရအောင် ဓာတ်မှန်ရိုက်ရမယ်။ တချို့အကြောတင်တာ ညပ်တာကလည်း အဲလိုပဲ ကိုက်တတ်ပါတယ်။ အရှိန်နဲ့ချော်လဲတာ ခေါင်းကို ပြင်းပြင်းထန်ထန် ဒဏ်ရာမရတော့ တော်သေးတယ်"

•———မြသန်းတင့်———•

www.burmeseclassic.com

www.burmeseclassic.com



မိသားစု ဆရာဝန် ပြောတာတွေကို သက်လျာက သေချာနားထောင်နေသည်။

"အဲဒါဆို အခုပဲ ဆေးခန်းသွားပြီး ဓာတ်မှန်ရိုက်မယ်။ လိုအပ်ရင် ဆေးရုံတင်တာပေါ့"

"အင်း . . . ဓာတ်မှန်ကတော့ မဖြစ်မနေ ရိုက်ရမှာပဲ။ အရိုးအကြောလူနာအတွက်ဆို ကျွန်တော်နဲ့ ရင်းနှီးတဲ့ ဒေါက်တာတွေထိုင်တဲ့ အထူးကု ဆေးခန်းတွေရှိပါတယ်။ ရွှေနဒီပဲဖြစ်ဖြစ်၊ ကုမုဒြာပဲဖြစ်ဖြစ် လိုအပ်ရင် ကျွန်တော် စာရေးပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ ဒေါက်တာ"

ခဏကြာတော့ မိသားစု ဆရာဝန်ပြန်သွားသည်။ ဆရာဝန်နှင့် အဝင်အထွက်ပဲ ကပ်လွဲကာ အန်တီသွင် ပြန်ရောက်လာ၏။ အန်တီခင်က ခြေထောက်နာနေရင်းကပဲ အိပ်ရာပေါ်ကနေ လှမ်းရန်တွေ့နေသေးသည်။

"မိသွင်တို့များ သိပ်ကို အားကိုးရတယ်။ ဒီမှာ သေမလို ဖြစ်နေတာကို"



"မမှရယ် . . . သွင်လည်း သား ဖုန်းဆက်ဆက်ချင်း ပြန်လာတာပဲ"

"မေခင်ကလည်း မေသွင်လည်း ဆိုင်တစ်ဖက်နဲ့ ပြန်လာရတာကြီးကို၊ စိတ်မကောက်ပါနဲ့တော့နော်"

နေ ဝင်တောင်းပန်တော့မှ သူမက မျက်နှာညိုးညိုးနှင့် ထပ်မပြောတော့ဘဲ ပါးစပ်ပိတ်သွားလေတော့သည်။ ကလေးဆိုးကြီးလို စိတ်ကောက်ချင်ချင်ဖြစ်နေသော အမျိုးသမီးကြီးဟာ သက်လျာနဲ့အတူပါလာသည့် မိနိုင်ကို မြင်တော့ ရုတ်တရက် အံ့ဩသလိုလည်းဖြစ်ပြီး ဘယ်သူလဲဟု မမေးရုံတစ်မည် စိတ်ဝင်တစား လိုက်ကြည့်နေ၏။

ထို့အတူ မေသွင်ကလည်း သူမကို အမှတ်မထင် ငဲ့ကြည့်မိရာမှ ခပ်နွမ်းနွမ်းဖြစ်နေတာတောင် ပြည့်တင်းဝင်းစက်နေသည့် အလှက တစ်စက်ကလေးမှ လျော့မသွားသော မိန်းမချောလေးမို့ မျက်တောင်မခတ်စတမ်း ငေးမောသွားမိလေသည်။

မိနိုင်လှမှန်း သက်လျာသိပါသည်။ ဒါပေမဲ့ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက် မှင်တက်ငေးမောရလောက်အောင် မဟုတ်ဘူးဟု ထင်မိ၏။ ယခုမှ ဘယ်လိုတွေဖြစ်ကာ အငေးကြီးငေးကုန်သည် မသိနိုင်တော့။

"သမီး . . . သူက"

"ဟို . . သူက သက်လျာအိမ်က ကောင်မလေးပါ။ မိနိုင်တဲ့။ အန်တီခင် ခုလိုဖြစ်တယ်ဆိုတော့ ဘာညာကူညီလို့ရအောင် သက်လျာ ခေါ်လာတာ။ သူက စိတ်ချရတယ်၊ အိမ်မှုကိစ္စလည်း ကျွမ်းကျင်နိုင်နင်းတယ်လေ။ အိမ်မှာတော့ မေမေ့လက်စွဲပဲ။ သူ့အကြောင်း ကြုံမှပြောပြရဦးမယ်။ နေကတော့ သိသင့်သလောက် သိပါတယ်"

သက်လျာရဲ့ တရှည်တဝေး ရှင်းပြသည့် စကားအဆုံး ဒေါ်သွင်ခက်ဝေ သားဖြစ်သူကိုပါ ဝေ့ဝဲငဲ့စောင်းကြည့်တော့ နေက ဘာပြောရမှန်းမသိသည့် ပုံမျိုးနှင့် အူကြောင်ကြောင် ပြန်ကြည့်နေလေသည်။

ထိုအဖြစ်အပျက်ဟာ စက္ကန့်ပိုင်းအတွင်း ဖြစ်သွားသည့် ခဏတာလေးဆိုပေမယ့် အားလုံးရင်ထဲမှာ စိုးရိမ်





သောစိတ်ကလေးတွေ ကိုယ်စီပေါ်လာကြသည်အထိ အမိပွာယ်သက်ရောက်မှုတို့ နက်နဲကုန်သည်။

အန်တီသွင်နှင့် အန်တီခင် မိနိုင်ကို ဘာကြောင့် စိတ်ဝင်တစားရှိကြသလဲဆိုတာ သိပ်တော့ ရှည်ဝေးနက်ရှိုင်းစွာ စဉ်းစားဖို့မလိုပါ။

မိနိုင်က အဝတ်အစား၊ အဆင်အပြင် ဘယ်လိုပဲ နွမ်းဖတ်စုတ်ပြတ်နေပေမယ့် ရုပ်ရည်က နစ်ခါပြန်ငေးရမတတ် ကျက်သရေရှိနေတာ။ ဘယ်လိုမှ ဖုံးဖိထား၍ မရ။

"အရင်က သမီးတို့အိမ်မှာ မမြင်ဘူးတော့ အန်တီသွင်က မသိဘူးလေ"

နှုတ်က ကြည့်ကောင်း နားထောင်ကောင်းအောင် ပြောလိုက်ပေမယ့် စိတ်ထဲမှာတော့ ဒီလောက်လှတဲ့ ကောင်မလေးမျိုးကို သက်လျာ ဘာကြောင့် ခေါ်လာပါလိမ့်ဆိုတဲ့ အတွေးသာ ဝင်နေမိ၏။ ထို့အတူ ဒေါ်ခင်မြတ်မေ စိတ်ထဲမှာလည်း သက်လျာအိမ်က အလုပ်သမားက သက်လျာနဲ့ ဘာမှမဆိုင်လောင်အောင် ချောနေတာ။ သား နေသာ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စား ငြိတွယ်သွားရင်ဆိုတဲ့ ပူပန်သောက တစ်မျိုးဝင်ရောက် ဖိစီးလာလေသည်။

ပိုင်းဝန်းစူးစမ်းအကဲခတ်နေသည့် မျက်လုံးအကြည့်တွေအောက်မှာ မလူးသာမလွန့်သာ ခေါင်းလေးငုံ့ အနေခက်နေရှာသည့် မိခိုင်ကို ကြည့်ပြီး နေ သက်ပြင်းရှိုက်မိ၏။

သူမကို မြင်တိုင်း ကရုဏာသက်မိသည့် စိတ်က အစိုင်အခဲတစ်ခုလို တစ်ဆို့မွန်းကျပ်လာတတ်တာလည်း အခါခါ။

"ကဲ . . . မေခင့်ကို ဆေးခန်းပို့ဖို့ လုပ်ရအောင်။ သက်လျာရော လိုက်မယ် မှတ်လား"

"အင်း . . . လိုက်ခဲ့မယ်လေ။ ဒါနဲ့ အိမ်မှာ ဘယ်သူကျန်ခဲ့မလဲ"

"မိသွင်နေခဲ့။ အဖော်အလျော်ရအောင် ဟိုကလေးမကို ထားခဲ့မယ်။ သားနဲ့ သမီး သက်လျာက မေခင့်ကို ဆေးခန်းပို့ပေး"

အန်တီခင်က သူကိုယ်တိုင်ပင် အစီအစဉ် ဝင်ဆွဲ

●——ရွှေဥဒေါင်း——●



နေသည်။

"ဖြစ်ပါ့မလား။ မမသွင် လိုက်ခဲ့မယ်လေ"

"နေခဲ့ပါအေ။ ဆေးခန်းမှာလည်း လူနာကြီးလို မနေချင်ပါဘူး။ အခြေအနေသိရရင် အိမ်ပြန်လာနိုင်အောင် ပဲ ကြိုးစားမယ်။ ဟိုမှာ မနေချင်ဘူး"

"မမကလည်း အထူးခန်းတွေမှာ သက်သက်သာသာနေလို့ရပါတယ်။ သွင်ကိုယ်တိုင် လိုက်စောင့်ပေးမယ်"

"ကျူပ်စီစဉ်တဲ့အတိုင်းပဲလုပ်ကြပါ။ သွားမယ် . . . သွားမယ်။ သား မေခင့်ကိုယ်ကို နိုင်ရဲ့လား"

"နိုင်ပါတယ် မေခင်ရဲ့။ အေးဆေးပါ"

နေက မေခင့် ကိုယ်လုံးဝဝကြီးကို ပွေ့ယူတော့ မေသွင်က တဟဲ့ဟဲ့နှင့် စိုးရိမ်တကြီး ဖြစ်နေသလို မေခင်ကိုယ်တိုင်လည်း စုတ်တသပ်သပ် ဖြစ်နေရှာလေသည်။

"နေသာရဲ့လား အန်တီခင်"

"ရတယ် . . . ရတယ် သမီး။ သမီးရှေ့မှာ သွားတိုင်း မေခင် သက်သာသလိုပဲလိုက်ခဲ့မယ်"

●——ရွှေဥဒေါင်း——●

www.burmeseclassic.com

www.burmeseclassic.com



အန်တီခင့်ကို ကားပေါ်တင်ပြီး သက်လျာက နွေ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

"သား ဖုန်းပြန်ဆက်နော်။ ဟိုမှာ နေရမယ်ဆိုလည်း လိုအပ်တာတွေ ပြင်ဆင်ရအောင်"

"ဟုတ်ကဲ့ . . . မေသွင်"

"မိနိုင် အန်တီသွင်နဲ့နေခဲ့ပြီး လိုအပ်တာတွေ ဝိုင်းကူလိုက်နော်။ ဒီမှာ လုပ်မယ့်သူ ဘယ်သူမှရှိတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ . . . မမ"

ကားက ခြံထဲမှ လျှောခနဲ မောင်းထွက်သွားသည်။ ထိုအခါမှ ဒေါ်သွင်ခက်ဝေနှင့် မိနိုင်တို့ အကြည့်ချင်းဆုံမိကြလေသည်။ ဒေါ်သွင်ခက်ဝေ သူ့ပင်စ၍ . . .

"နာမည်က မိနိုင်တဲ့လား"

"ဟုတ်ကဲ့။ နိုင်စုယဉ်ပါ အန်တီ။ ငယ်ငယ်ကတည်းက မိနိုင်ပဲ ခေါ်ခဲ့ကြတော့ မိနိုင်ပဲ တွင်နေပါပြီ"

"ဩော် . . . နာမည်အရင်းက လှတာပဲကိုး။ သက်





လျာတို့အိမ်ကို ရောက်တာကြာပြီလား"

"သိပ်မကြာသေးပါဘူး အန်တီ"

"ဟို . . . မြေးအဘွားရော ရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ရှိပါတယ်။ မိနိုင်က အလုပ်လုပ်ဖို့ဆိုပြီး မမသက်လျာတို့ အိမ်ရောက်လာတာ မဟုတ်ပါဘူး"

မိနိုင် ထိုအိမ်ရောက်လာပုံကို အားလုံးအကျဉ်းချုံးကာ ပြောပြလိုက်တော့ ဒေါ်သွင်ခက်ဝေက မျက်လုံးအဝိုင်းသားနှင့် အံ့ဩနေရှာသည်။

မိနိုင်ဟာ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြားသနားပါစေဆိုတဲ့ ရှေးဆုတောင်းပြည့်ခဲ့၍ ထင်၏။ သူမနှင့် တရင်းတနှီးပြောဆို ဆက်ဆံဖူးသူတိုင်း ခင်မင်သနားသွားကြတာဖြစ်သည်။

ယခုလည်း သူမကို ဒေါ်သွင်ခက်ဝေ သနားကရုဏာသက်နေမိပြီ။

"ဖြစ်မှ ဖြစ်ရလေကွယ်" ဆိုတဲ့ စကားကို ရေရွတ်



www.burmeseclassic.com

တာ အကြိမ်ပေါင်းမနည်း။

မိနိုင် သတ္တိရှိပုံကို ချီးကျူးနေတာလည်းပါရဲ့။ ကံကောင်းလို့ပေါ့ဆိုပြီး ခေါင်းတညိတ်ညိတ် လုပ်တာလည်း ရှိရဲ့။ အတန်ကြာမှ . . .

"ဟယ် . . . စကားကောင်းနေလိုက်တာ။ နေ့လယ်စာ စားချိန်တောင်ရောက်မှပဲ သားလည်း ဖုန်းပြန်မဆက်ပါလား"

ဆိုပြီး သတိရတော့၏။

"ဖုန်းမဆက်တာ ပြန်လာမှာမို့ ထင်တယ်။ အန်တီ စိတ်မပူပါနဲ့။ ဒါနဲ့ သူတို့ပြန်လာရင် ထမင်းစားဖို့ မိနိုင် ချက်ထားပေးရမလားဟင်"

"အင်း . . . အန်တီ သွားကြည့်ဦးမယ်။ အိမ်မှာက အကူမရှိဘူး မိနိုင်ရဲ့။ မမပဲ ချက်ပြုတ်တာ"

ဒေါ်သွင်ခက်ဝေက ပြောပြောဆို ထမင်းစားခန်းထဲ ဝင်ကြည့်သည်။

"ဟောတော် . . . ဘာမှ မချက်ရသေးဘူး မိနိုင်



ရေ။ မနက်က မမက ချက်ဖို့လုပ်ရင်းကိုင်ရင်း ချော်လဲတာဆိုတော့ ထမင်းပဲ ချက်ရသေးတယ်"

"ဒါဆို မိနိုင် ချက်လိုက်ပါ့မယ်။ ဟင်းချက်စရာ အဆင်သင့်ရှိတယ် မှတ်လား"

"အင်း . . . ရေခဲသေတ္တာထဲမှာ ရှိမယ်ထင်တယ်"

ဒေါ်သွင်ခက်ဝေပုံစံက ချက်ပြုတ်တာတစ်ခါမှ မလုပ်ခဲ့ဖူးသူမို့လားမသိ။ ကိုယ့်အိမ်ကိုယ့်ယာ့မှာတောင် ဟိုနေရာမှာ ဘာရှိမှန်းမသိ၊ ဒီနေရာမှာ ဘာရှိမှန်းမသိ စမ်းတဝါးဝါး ဖြစ်နေသည်။

ထမင်းစားခန်းထောင့်က လူတစ်ရပ်လောက်မြင့်သည့် ရေခဲသေတ္တာကြီးကိုဖွင့်ပြီး ချက်ပြုတ်စရာတွေ အသင့်ရှိနေတာမြင်လိုက်ရမှ . . .

"တော်ပါသေးရဲ့ အစုံရှိပေလို့ပေါ့။ ဒီမှာ အသားငါးတွေရော၊ အသီးအရွက်တွေရော သင့်တော်သလို ချက်ပေတော့။ အန်တီ ဖုန်းဆက်ကြည့်ဦးမယ်"

ဟုဆိုကာ အိမ်ရှေ့သို့ ထွက်သွားလေတော့၏။

www.burmeseclassic.com



မိနိုင်ကတော့ တွေ့ရသည့် အသားငါးတွေ အသီးအရွက်တွေကိုကြည့်ပြီး ဒီအိမ်သားတွေ ချိုချဉ်ငန်စပ် ဘယ်လို အရသာမျိုးကြိုက်မှန်းမသိတာကြောင့် ဘယ်ဟာကို ဘယ်လို ပုံစံချက်ရမှန်းမသိ။

ဒေါ်သွင်ခက်ဝေကို ထွက်မေးပြန်လျှင်လည်း ဖုန်းဆက်နေတာ အနှောင့်အယှက်ဖြစ်မှာစိုးတာကြောင့် ကိုယ့်အတွေးနှင့်ကိုယ် သင့်တော်သလိုသာ စီမံချက်ပြုတ်ရတော့သည်။

ကြက်အသည်းအမြစ် ဟင်းတစ်ခွက်၊ မုန်ညင်းဖူးကြော်၊ ပုစွန်အစိမ်းသုပ်နှင့် ကြာဆန်ဟင်းခါး စသဖြင့် အဆင်ပြေသလို ချက်ပြုတ်ပြီးမှ ဒေါ်သွင်ခက်ဝေ ပြန်ဝင်လာသည်။

အဆင့်သင့်ပြင်ဆင်ထားသည့် ဟင်းတွေကို စားပွဲပေါ်မှာ ဖွယ်ဖွယ်ရာရာတွေ့လိုက်ရတော့ . . .

"ဟယ် . . . မိနိုင်က တော်လိုက်တာ။ အချိန်ခဏလေးအတွင်းမှာ ဒါတွေကို ချက်လိုက်တယ်ဆိုတာ မယုံနိုင်





အောင်ပဲ။ မမသာဆို သိပ်သဘောကျမှာပဲ။ ကြည့်စမ်း အန်တီက ဒီလောက်လုပ်နိုင်မယ်တောင် မထင်ဘူး"

"ဂက်(စ်)နဲ့ဆိုတော့ မြန်ပါတယ် အန်တီ။ မိနိုင်လည်း အန်တီတို့ ဘာကြိုက်မှန်းတောင် မမေးမိဘူး။ ရမ်းသမ်းပြီး ချက်ရတာ"

"အို . . . အားလုံး အဆင်ပြေတယ်။ ပုစွန် အစိမ်းသုပ်က မမအကြိုက်၊ ကြာဆန်ဟင်းခါးလေးနဲ့ဆိုတော့ ခံတွင်းတွေ့ဦးမှာပဲ။ ဒါက ဘာလဲဟင်"

"ခရမ်းချဉ်သီးကို ပုစွန်ခြောက်နဲ့ အစိမ်းသုပ်ထားတာ အန်တီ။ စပ်စပ်လေးလုပ်ထားတယ်။ စားကြည့်ပါလား"

ငရုတ်သီးစိမ်း ပါးပါးလေးညှပ်ထည့်ထားသော ခရမ်းချဉ်သီးသုပ်က မြေပဲလေးမညက်တညက် ထောင်းထည့်ထားတာမို့ စားချင်စဖွယ် မွှေးပျံ့နေသည်။

"ဟင့်အင်း . . . မမတို့ပြန်လာမှပဲ စားတော့မယ်။ အခု နယ်လိုက်ရင် နှမ်းပြီး စားကောင်းမှာ မဟုတ်ဘူးလေ။ မိနိုင်ကတော့ တကယ်တော်တာပဲ။ သက်လျာ လာရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ တောင်းရမယ်။ မမကလည်း ချက်နိုင်ဦးမှာ မဟုတ်ဘူးလေ"

သူ့အတွေးနဲ့သူ တက်ကြွနေသော ဒေါ်သွင်ခက်ဝေကို ကြည့်ပြီး မိနိုင် ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်မိသည်။

ချီးကျူးမယ့်သူရှိတော့လည်း ပင်ပန်းရတာတွေ ဘယ်လွင့်ပြေးကုန်သည်ပင်မသိ။

ဒါပေမဲ့ မိနိုင် ဗိုက်ထဲက တကျုတ်ကျုတ်မြည်လာသည်။ ချက်ပြုတ်နေရပေမယ့် မနက်ကတည်းက ခုထိ ဘာမှ မစားရသေးတာကိုး။





## အခန်း ( ၁၁ )

"ညည်းက ငါ့ကိုတောင် ဘာမှမတိုင်ပင်ဘဲ လုပ်ချလိုက်ပြန်ပြီပေါ့ ဟုတ်လား"

"ဘာကိုလဲ မမရဲ့"

"ဘာကိုလဲ လုပ်မနေနဲ့။ ဟိုကောင်မလေးကို အိမ်မှာနိုင်းဖို့ ခေါ်ထားလိုက်ပြီဆို"

"ဟုတ်တယ်လေ မမရဲ့။ ဘာဖြစ်လို့လဲ"

"သွင်း . . . ညည်းကလေ စီးပွားရေးလုပ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေရှည်ကိုလည်း ကျော်မမြင်တတ်ဘူး"

ဒီလောက်ပြောနေတာတောင် ဒေါ်သွင်ခက်ဝေသည် အစ်မဖြစ်သူ၏ ဆိုလိုရင်းကို အမိဖွာယ်မပေါက်နိုင်အောင်ဘဲရှိကာ မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေမိလေသည်။ ဒေါ်ခင်မြတ်မေကတော့ မနက်ကတည်းက စောစောစီးစီး သူမ မျက်နှာသစ်ဖို့ သနပ်ခါးလိမ်းဖို့ကစပြီး ခြေထောက် ဆေးလိမ်းဖို့အထိ ဂရုတစိုက်လာလုပ်ပေးသော ကောင်မလေးကို မြင်ကာ စိုးရိမ်ရေမှတ် မြင့်တတ်နေခဲ့ရတာဖြစ်၏။

"အန်တီကြီး နိုးပြီလားဟင်။ ဒီမှာ မျက်နှာသစ်ဖို့ ရေနွေးလေးနဲ့ စပ်ထားတယ်။ အန်တီကြီးက အအေးကြောက်တယ်ဆိုလို့လေ။ ပြီးရင် သနပ်ခါးလိမ်းရအောင်လည်း အဆင်သင့်သွေးထားပါတယ်ရှင်"

အပြောအဆို ညက်ညောသလို အပြုအစု အယုယက ညင်သာသည်။ မနက်အစောကြီးရှိသေးတာတောင် မျက်နှာမှာ သနပ်ခါးအဖွေးသားနှင့် ကျစ်ဆံမြီးရှည်ကြီးကို





သေသပ်စွာ ကျစ်ရျထားကာ ပန်းနုရောင်ရှန်သား အင်္ကျီပွကလေးနှင့် လှပနုမျစ်နေသော ဤမိန်းကလေးကို မိန်းမချင်းတောင် ငေးယူရလျှင် ယောကျ်ားသားဖြစ်တဲ့ သားကရော စိတ်ကူးမယဉ်နိုင်ဘူးတဲ့လား။

ပြီးတော့ နေ့စဉ်နှင့်အမျှ မြင်တွေ့ထိစပ်နေရမယ့် အိမ်ရှင်နှင့် အိမ်ဖော်။

သူမ အိပ်ရာပေါ်လဲနေစဉ်၊ သွင် အလုပ်သွားနေစဉ်မှာ သား ထမင်းစားဖို့ ဒီကလေးမက ဂရုတစိုက် ကယုကယင် ထမင်းရှုးခပ်ကျွေးကာ မြူဆွယ် ဖြားယောင်းနိုင်တယ်ဆိုတာ မတွေးမိရှေ့သလား။

အို . . . ဘယ်ဘက်က လှည့်တွေးတွေး စိတ်အေးလက်အေး ဖြစ်စရာအကြောင်းကို မမြင်။

"မဖြစ်ပါဘူးအေ။ ဒီကောင်မလေးကို အိမ်မှာ ထားလို့ကို မဖြစ်ပါဘူး။ ကြာရင် သားနဲ့နီးစပ်သွားလိမ့်မယ်"

အရိပ်ပြတာတောင် အကောင်မမြင်နိုင်သော ဒေါ်သွင်ခက်ဝေမှ ဒေါ်ခင်မြတ်မေက ဘွင်းဘွင်းကြီး ပြောချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှပင် သဘောပေါက်ရရှာလေသည်။

"မမ ထင်သလို မဖြစ်လောက်ပါဘူး မမရယ်။ ကောင်မလေးက လှတာ၊ ယဉ်တာမှန်တယ်။ ဒါပေမဲ့ ကလက်တက်တက်၊ ပျက်ချော်ချော်အမူအရာမျိုးမရှိသလို သားကိုလည်း မော်လို့တောင် မကြည့်ရဲတဲ့ မိန်းကလေးပါ။ ပြီးတော့ သားကလည်း အနေအထိုင် တည်တံ့တာ မမ သိသားပဲ"

"ဘာပဲဖြစ်ဖြစ်အေး။ ငြိနိုင်တဲ့ကြိုးမျိုးဆို အဝေးမထား တာ အကောင်းဆုံးပဲ။ ဘယ်အရာမဆို ဖြစ်သွားပြီးမှ တန့်နန့် ဒေါသထွက်နေလို့မရဘူး။ မဖြစ်ခင် ကြိုတင် တားဆီးတတ် ရတယ်"

"မမက စိုးရိမ်းလွန်နေတာပါ။ သားက အခုဆိုရင် သက်လျာနဲ့လက်ထပ်ဖို့ ကိစ္စတောင် ခေါင်းညိတ်ထားပြီး သားပဲ။ ကိုယ့်အိမ်က အိမ်ဖော်ကိုတော့ ပြန်ကြိုက်ရ လောက်အောင် မနိမ့်ကျပါဘူး မမရယ်"

သူ အခန်းထဲဝင်သင့် မဝင်သင့် ချင့်ချိန်ရင်းကပဲ



ရင်ထဲမှာ ဆို့နစ်မွန်းကျပ်လာတာမို့ လှည့်ထွက်ရန် ဆုံးဖြတ် လိုက်သည်။

သူ့တောင် ဒီလောက် ရင်နင့်ရလျှင် မိနိုင် ကြား လျှင် ဘယ်လောက် ဝမ်းနည်းကြေကွဲရလိမ့်မလဲ။

နေ စိတ်မကောင်းစွာ တွေးမိရင်း မေခင့် အခန်းရှေ့ မှာ လှည့်အထွက် . . .

"အို"

"ဟာ"

အသံထွက်သည် ဆိုရုံလေး ထွက်သွားသည့် အာမေဋိတ်သံလေးက တိုးလျသလောက် ရင်ထဲမှာ ကတုန် ကယင် မြည်ဟည်းသွားတဲ့ အသံတွေကတော့ ခံစားချက် ကိုယ်စီနှင့် ကျယ်လောင်စူးရှလို့နေလေသည်။

အန်တီကြီး စိတ်ကြည်အောင် အခန်းထဲက ပန်းအိုး မှာထိုးပေးဖို့ ယူလာခဲ့သော ယုဇန ပန်းခက်တွေက အမှတ် တမဲ့ တိုက်မိသွားသည့် သူနှင့် မိနိုင်ကြားမှာ ဖရိုဖရဲ ပြုတ်ကျ ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အလျင်စလို ကောက်ယူဖို့ ဆုံးဖြတ်လိုက်မိတာလည်း နှစ်ယောက်လုံး။

"ရတယ် . . . အို"

ကိုယ့်ဘာသာပဲ ကောက်ပါ့မယ်လို့ ပြောဖို့ ခေါင်းအမော့ သူက ငုံ့ပြီး ငဲ့အကြည့် မျက်နှာချင်းအပ်မိသွားတာက တကယ်ကို ပစ်စလက်ခက်။

"ဆောရီး . . . ဟိုလေ . . . ကိုယ်"

မရည်ရွယ်ပေမယ့် ရင်ထဲမှာ နွေးမြလှုပ်ခက်သွားတာ ကိုယ်တိုင်ပဲ သိနေသည်မို့ တောင်းပန်ရမှာကို သူ စိတ်မလုံလဲ၊ တမင်မချည်ဘဲငြိတဲ့ကြိုးက ပိုပြီးဖြေရခက်သလား။

"ရပါတယ်။ မတော်တဆဖြစ်တာပဲ"

သူမက ပန်းတွေကောက်ပြီး ခပ်သုတ်သုတ် ထွက်သွားသည်။ သနပ်ခါးရနံ့က သူ့ရင်ထဲအထိ စူးနစ်ဝင်ရောက်လာသလို သင်းပျံ့စွာ ကျန်ရစ်ခဲ့သည်။

ရင်ဘတ်ထဲမှာ အိပ်ပျော်နေတဲ့ ငှက်ကလေး တစ်ကောင် ခုမှ လန့်နိုးထပျံပြီထင်သည်။



သူ့ရင်တစ်ခုလုံး တဖျပ်ဖျပ် လှုပ်ခါကျန်ရစ်ခဲ့တာ သနပ်ခါးရနံ့တို့ရဲ့ အရှင်သခင်မက သိမှသိပါလေစ။ မတော်တဆဆိုပေမယ့် နှလုံးသားထဲ စိမ့်ဝင်သွားတာကို သူလည်း အမှတ်တမဲ့နေမိရင် အကောင်းသား ခုတော့ . . .

မေခင်တို့ စိုးရိမ်သလို သူ့စိတ်က ရနံ့တစ်ခုမှာ ယိုင်နဲ့ကျဆုံးသွားခဲ့ပြီ။

မြူဆွယ်ဖြားယောင်းသူမရှိတဲ့ အလိုလျှောက် ယစ်မူးပျော်ဝင်နေချင်တာ ဘာကြောင့်လဲ။

နဂိုက အခြေမခိုင်တဲ့အသည်းမို့ အထိအတွေ့ တစ်ခုမှာ ခွေယိုင်လဲသွားတာ မာယာမပါဘူးဟု သူထင်သည်။

အချစ်ဆိုတာ အဲသလို
မျက်တောင်တစ်ခတ်
သစ်ရွက်အကြွေ
လေပြည်အဝေ့
ရနံ့အငွေ့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ခဏတွေ့စဉ်မှာတောင်

မီးတောင်တစ်လုံးလို ဟုန်းခနဲ ပေါက်ကွဲတတ်ပါ
သလား။





## အခန်း ( ၁၂ )

"လူဆိုတာ စည်းကမ်းရှိမှ တိုးတက်တာ မိနိုင်ရဲ့၊ စည်းကမ်းမရှိတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ကြီး ကျယ်မြင့်မြတ်တဲ့အလုပ်ကို လုပ်နေပါစေ ဘယ်တော့မှ ကြီးပွားတိုးတက်ခြင်းကို မရနိုင်ဘူး။ တန်ဖိုးမဲ့စေတယ်"

"ဟုတ်ကဲ့ . . . မိနိုင် မှတ်ထားပါ့မယ် အန်တီကြီး"

အိပ်ရာထဲလှဲနေလိုက်၊ ဒရင်းဘက်ပေါ် လှဲနေလိုက် နေရရှာသော ဒေါ်ခင်မြတ်မေမှာ ခြေထောက်က



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း မထောက်နိုင်သေးတာကလွဲလျှင် ဗိုးချဲနှင့်တော့ နေလို့ရနေပြီဖြစ်သည်။

"မှတ်ထားရုံနဲ့ မပြီးဘူးလေ။ ကိုယ်တိုင်လိုက်နာကျင့်သုံးရမှာ။ စည်းကမ်းရှိအောင် နေတတ်ရမှာ"

"ဟုတ်ကဲ့"

"အေး . . . ဟုတ်ပြီ။ ဒီနားမှာပဲရပ် သဇင်တိုင်တွေကြည့်ဦးမယ်"

မိနိုင် ဗိုးချဲကို သဇင်တိုင်တွေ ဘေးမှာရပ်ပေးလိုက်ရ၏။ ဒေါ်ခင်မြတ်မေက ဒေါ်သွင်ခက်ဝေလို မဟုတ်။ နေရာတကာ စည်းစနစ်ကြီးသည်။ မာန်မာနရှိပြီး ဘယ်နေရာမဆို အဆင့်အတန်းခွဲခြားကာ တန်ရာတန်ရာဆိုသည့် စကားကို တွင်တွင်သုံးသည်။ သူမ ဖြစ်စေချင်သည့်ပုံကို ရောက်အောင် စကားလုံးမျိုးစုံ သုံးကာ ဝေါဟာရကြွယ်ကြွယ် သိုင်းဝိုင်းချဲ့ထွင်ကာ ပြောလည်းပြောတတ်ပါပေသည်။ ဒီအိမ်မှာနေရင် ဒီအိမ်က စည်းကမ်းကို လိုက်နာဆိုသည့် အမိန့်ခေါင်းစဉ်အောက်မှာ လိုက်နာရမည့် အချက်



တွေက များပြားလှသည်။

ထိုစည်းမျဉ်းစည်းကမ်းတွေထဲမှာ အများဆုံးက ဦးတည်ရာတစ်ခုတည်းကိုသာ ရည်ညွှန်းကြောင်း မိနိုင် နားလည်ခံစားမိ၏။

ကျေးရူးသိတတ်ဖို့၊ ကိုယ့်ဘဝကိုယ် နားလည်ဖို့၊ ရိုးသားကြိုးစားဖို့ဆိုတာတွေက နေ့စဉ်လို ကြားနေရသည်။

နေလကျိုးဆိုတာ သက်လျာဆိုသည့် တော်ဝင်မိန်းကလေးနှင့်သာ မလွဲမသွေ လက်ဆက်ရမည်ဟု အများသူငါ သိသလို မိနိုင်လည်း သိပါသည်။ ဒါပေမဲ့ မိနိုင် တစ်ယောက်တည်းသိရမယ့်အဖြစ်လို ပြောပါများလွန်း၍ ရင်ထဲမှာတောင် စကားအကွာရာတွေ နက်ရှိုင်းစွဲထင်နေလေပြီ။

ဒါကြောင့် မိနိုင် သိပ်ကိုမြတ်နိုးတွယ်တာရတဲ့ မျက်နှာတစ်ခုကိုတောင် မတွေ့မမြင်အောင် ရှောင်လွှဲနေခဲ့ရသည်။

ကိုလတ်နဲ့ ခွဲမရအောင် တူနေပေမယ့် ကိုလတ်မဟုတ်ဘူးဆိုတဲ့အသိတစ်ခုကို ရင်မှာ ထည့်ထား[illegible]နဲ့

www.burmeseclassic.com

www.burmeseclassic.com



တောင် စိတ်ကလှုပ်ရှားချင်နေသေးသည်။

"ဩော် . . . ဒီတိုင်တွေက ပြင်မှရတော့မှာပဲ။ အုန်းဆံကြိုးတွေက ဆွေးပြီးကွာချင်နေပြီ။ အင်း . . . ငါကြည့်မိပေလို့ပေါ့"

အန်တီကြီး အသံကြောင့် မိနိုင် သဇင်တိုင်တွေဘက်လှမ်းကြည့်လိုက်မိသည်။ ဒါပေမဲ့ မျက်လုံးက ထိုနေရာသို့ မရောက်ဘဲ အိမ်ထောင့်က ဇီဇဝါပင်ဆီ ရောက်သွားရ၏။ ရင်ထဲမှာ အလိုလျောက် ထုံကျင်အေးစက်သွားမိတာ။ ခြေဖျားလက်ဖျားသို့တိုင် ရောက်လာသည်။

"ခေါင်ရန်းပွင့်လေးတွေကို ကြည့်စမ်း။ အရောင်အသွေးရော ပုံသဏ္ဍာန်ရောလှတယ်။ ဒါပေမဲ့ ရနံ့မရှိတော့ တန်ဖိုးမဲ့နေတယ်။ အဲလိုပဲ လူဆိုတာ ဘယ်လောက်ပဲရုပ်ချောချော၊ ပညာတွေတတ်နေပါစေ စိတ်ဓာတ်မဖြူတော့ ခေါင်ရန်းပွင့်လေးနဲ့ တူသွားတယ်"

"ဒါဆို မိနိုင်ကရော ဘာပန်းနဲ့တူတာလဲဟင်"

"မိနိုင်က အခု မိနိုင်ပန်ထားတဲ့ ဇီဇဝါပန်းလေးလို



ပဲ။ လှလည်းလှတယ်၊ မွှေးလည်းမွှေးတယ်၊ အသုံးဝင်တယ်လေ"

"ဒါပေမဲ့ တောကြိုအုံကြားမှာပဲပေါက်ပြီး တန်ဖိုးမရှိဘူး မဟုတ်လား။ မိနိုင်က ပညာမတတ်တော့ တော်ဝင်ပန်း မဟုတ်တဲ့ ဇီဇဝါနဲ့ နှိုင်းတာပေါ့ ဟုတ်လား"

မကျေမနပ်ပြန်ပြောရင်း မျက်ရည်စို့တော့ ကိုလတ်က မိနိုင်ခေါင်းလေးကို ပုတ်ပြီး နှစ်သိမ့်ခဲ့ဖူးသည်။

"ဇီဇဝါကို တော်ဝင်ပန်းမဟုတ်ဘူးလို့ ဘယ်သူပြောလဲ။ တောမှာ ပွင့်ရတာနဲ့ပဲ တန်ဖိုးမဲ့ရရောလားကွာ။ ကိုလတ်က မိနိုင်နဲ့ လှတာချင်းတူလို့ နှိုင်းမိတာ။ ဇီဇဝါက ဘုရားလှူလို့ရတယ်၊ ပန်လို့လည်း ရတယ်၊ သူ့အဆင်းနဲ့ သူ့အချင်းတော့ရှိပြီးသားပဲ"

သည်လိုပြောတုန်းက နှုတ်ခမ်းစူပေမယ့် ကျိတ်ပြီးကျေနပ်နေခဲ့မိတာ တကယ်ပါ။

ခုတော့ ဇီဇဝါပန်းရုံကို လက်ညှိုးထိုးပြီး မိနိုင်ကို ရှာကြံ ချီးမွမ်းမယ့်သူ မဲ့ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တစ်စက မိနိုင်ပါးပေါ် ခွင့်မတောင်းဘဲ စီးဆင်းဖြတ်သန်းသွားသည်။

"နေပူလာပြီ မိနိုင်ရေ။ အန်တီကြီးကို အိမ်ထဲပြန်ပို့တော့။ နောက်နေ့မှ ဒါတွေ အလုပ်သမားခေါ် ပြင်ရတော့မှာပဲ။ သွင်နဲ့ပစ်ထားလို့ကတော့ ပန်းတွေ အကုန်မျိုးတုံးတော့မယ်"

အန်တီကြီးက သူ တယုတယ ပျိုးထားသော ပန်းပင်တွေကို ကြည့်ပြီး တဖျစ်တောက်တောက် ရေရွတ်လာသည်။

"မိနိုင် ဘာလုပ်ပေးရမလဲ အန်တီကြီး"

"ဩော် . . . အေး . . . ဟုတ်သားပဲ။ မိနိုင်ကို မေ့နေတာ။ အန်တီကြီး ပန်းပင်တွေကို ဂရုစိုက်ပေးစမ်းပါကွယ်။ ရွက်ခြောက်တွေ ခြွေတာ၊ မြက်နုတ်တာတွေ လုပ်တတ်တယ်မှတ်လား"

"ဟုတ်ကဲ့ . . . လုပ်တတ်ပါတယ်"

"အေး . . . အေး။ အဲဒါဆို ခုပဲ သွားလုပ်ချေတော့။





အိမ်မှာက မာလီထားတာ မဟုတ်ဘူး၊ အန်တီကြီးကိုယ်တိုင်လုပ်ရတာ။ ခုတော့ မိနိုင်ပဲ အားကိုးရတော့မှာပဲ"

မိနိုင် အန်တီကြီးကို အခန်းထဲရောက်အောင်ပို့ပေးခဲ့ပြီး ပြန်ထွက်လာခဲ့သည်။ မိနိုင်ရဲ့ အပြုအမူအနေအထိုင်ကို မျက်စိဒေါက်ထောက် ကြည့်နေတတ်သော အန်တီကြီး ရှေ့မှာ နေရတာထက်စာရင် ခြံထဲက သက်မဲ့သစ်ပင်ကလေးတွေ ပန်းကလေးတွေနားနေရတာမှ လွတ်လပ်မှုရှိပြီး အသက်ရှူချောင်ရဦးမည်။

ဒီကိုရောက်တာ တစ်လနီးပါးပင်ရှိပြီ။

ဘယ်နေ့ပြန်ရမယ်မှန်းလည်း မသိသေးချေ။ မိနိုင်ကို သက်မဲ့အရုပ်လေးတစ်ခု လက်ဆောင်ပေးပစ်သလို ထားပစ်ခဲ့သော မမသက်လျာကိုလည်း အပြစ်မတင်ရက်။ ဟိုအိမ်မှာဆို ရွယ်တူအဖော် ဖြူမ ရှိသည်။ မိနိုင်ကို ဂရုတစိုက်စောင့်ကြည့်နေမည့် မျက်လုံးတွေလည်းမရှိ။ ယောက်ျားပျိုမရှိတော့ နေရတာလွတ်လပ်သည်။ ဒီမှာက ချုပ်ထိန်းစောင့်စည်းရတာတွေ မနည်းမနော။ သူနှင့်မတွေ့အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရတာကပင် အလုပ်တစ်ခုလို ဖြစ်နေသည်။

မိနိုင် ခြံထဲဆင်းလာတော့ ဇီဇဝါရုံဘေးမှာ ရပ်နေသည့်သူ့ကို တွေ့ရသည်။ သူ့လက်ထဲမှာက ပန်းခူးဖို့ ကတ်ကြေးတစ်လက်။ မိနိုင် အပြေးကလေး သူ့အနားရောက်သွားမိတာ ခလုတ်တိုက်မတတ်ပင်။

"ဇီဇဝါတွေ ခူးပစ်မလို့လားဟင်"

စိုးရိမ်သလို၊ နမြောတသသလို အသံတုန်တုန်လေးနှင့် မေးလာသော သူမကို ငဲ့ကြည့်ရင်း နေ ခေါင်းညိတ်ပြလိုက်သည်။

"ဟို . . . ဘာလုပ်မလို့လဲဟင်"

"ကိုယ့်အခန်းထဲမှာ ထားချင်လို့ပါ။ ဇီဇဝါနံ့ရရင် ခေါင်းထဲကြည်သလိုပဲ။ ဘာဖြစ်လို့လဲ။ မိနိုင် လိုချင်လို့လား"

သူက ဒီလိုမေးလာတော့ မိနိုင် ဖြေရခက်သွားသည်။ တကယ်ဆို သူ့ ခြံထဲကပန်းမို့ ခူးချင်ခူး ခြွေချင်ခြွေ မိနိုင်မှာ ပြောရေးဆိုခွင့်မရှိ။

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး။ မေးကြည့်တာပါ"

•———ရွှေပေအလှ———•



ဘာမှမဟုတ်ဘူး ဆိုပေမယ့် တစ်စုံတစ်ရာရှိနေသော မျက်ဝန်းတွေကို မျက်လွှာချ သိမ်းဆည်းရှောင်ဖယ်ရင်း ခေါင်းငုံ့ထားသည့် သူမမျက်နှာကို အနီးကပ်ငေးမောမိရင်း သူ့ရင်ထဲ လှုပ်ရှားလာပြန်သည်။

မျက်ခုံးနက်နက်၊ မျက်တောင်ကော့ကော့တွေနှင့် ပါးမို့မို့မှာ သနပ်ခါးပါးပါးလေးရှိနေတာဟာ ကဗျာတစ်ပုဒ်ဆိုရင် ညစဉ်၊ ညတိုင်း အိပ်မက်ရှုည်နေရတဲ့ သူ့အတွက်တော့ ရတုပိုဒ်စုံတွေ ဖြစ်ကုန်ပြီထင်၏။

ချစ်တယ် . . . ကောင်မလေးရယ်။

နှုတ်က ဖွင့်ဟခွင့်မဲ့သူလို စိတ်ထဲမှာ တိုးတိတ်ညည်းတွားခဲ့ရတာ နေ့ပေါင်းများစွာ။

"မိနိုင်"

"ရှင်"

ထူးပုံကိုက သိမ်မွေ့ရှိကျိုးနေသည်။ သူနဲ့ ကိုယ်ကြားမှာရှိသည် ဂုဏ်မနေဆိုတဲ့ အလွှာပါးကို မြင်သာအောင် ခြားနားပြလိုက်တာလား။

•———ရွှေပေအလှ———•

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ခါစက မိနိုင် ကျွန်တော့်ကို လူတစ်ယောက်နဲ့ မှားခဲ့တယ်နော်"

"မှားတာ မဟုတ်ပါဘူး။ ကိုလတ်ပဲလို့ တပ်အပ်စွပ်စွဲလိုက်မိတာ။ စိတ်အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်။ ကိုလတ်က ဆုံးတာ၊ သုံးလေးနှစ်ရှိပါပြီ။ ကားမှောက်ပြီး ဆုံးတာလေ"

"တိုက်ဆိုင်လိုက်တာ။ လွန်ခဲ့တဲ့ သုံးလေးနှစ်က ကိုယ်လည်း ကားအက်ဆီးဒင့်ဖြစ်ခဲ့တယ်။ အဲဒါကြောင့် အတိတ်မေ့ရောဂါ ရသွားတာလေ"

"ဪ"

"ကိုယ်ကတော်သေးတာပေါ့။ မိနိုင်သိတဲ့ ကိုလတ်က အသက်ပါဆုံးသွားတာဆိုတော့ ကိုယ် စိတ်မကောင်းပါဘူး။ တစ်ဆိတ်လောက် သိခွင့်ရှိမယ်ဆိုရင် ကိုလတ်က မိနိုင်နဲ့ ဘယ်လို ပတ်သက်နေလဲ ပြောပြပါလား"

မိနိုင် မျက်နှာလေးက ချက်ချင်းနီမြန်းရဲစိုသွားတာ သူ မြင်လိုက်ရသည်။



"ကိုလတ်က မိနိုင်နဲ့ ငယ်သူငယ်ချင်းပါ"

"အဲဒီထက် မပိုခဲ့ဘူးလားဟင်"

"ရှင်"

"သူငယ်ချင်းတွေပဲလား။ မိနိုင်ကို ကြည့်ရတာ အဲဒီ ကိုလတ်ကို သူငယ်ချင်းဆိုတာထက်ပိုပြီး ခင်တွယ်သလိုပဲ။ သူ့အကြောင်းပြောရင် ချက်ချင်း ဝမ်းနည်းကြေကွဲသွားတတ်တာ သတိထားမိနေတယ်"

သူ့စကားကြောင့် မိနိုင် ငိုချင်ရက်လက်တို့ ဖြစ်သွားရသည်။ ကိုလတ်မရှိတော့ပေမယ့် ကိုလတ်နဲ့ တူတဲ့ လူတစ်ယောက်ရှေ့မှာ မိနိုင် ရင်ထဲမှာ သိုဝှက်သိမ်းဆည်းထားတာတွေ ဖွင့်အံချလိုက်ရတော့မလား။

"ပထမဆုံး မိနိုင် တွယ်တာမိတဲ့ ယောက်ျားက ကိုလတ်ပါ။ ပြီးတော့ ကိုလတ်က မိနိုင်ကို ဟိုး . . . ငယ်ငယ်လေးကတည်းက ဖေးမယုယခဲ့တဲ့ တစ်ယောက်တည်းသောသူပါ"

စကားအဆုံးမှာ သူက ဇီဇဝါပန်းရုံမှ ပန်းလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကို လှမ်းနှိုက်ယူရင်း . . .

"ဖြစ်နိုင်ရင် ကိုယ် မိနိုင်ရဲ့ ကိုလတ် ဖြစ်ချင်တယ်"

ဟု ပြောလိုက်လေလျှင် မိနိုင်သည် နားကြားများ များသလားဟု ဇဝေဇဝါဖြစ်စွာ တွေးမိလေသည်။

"တကယ်ပါ။ မိနိုင် ဝမ်းနည်း အားငယ်နေတာမြင် တိုင်း နှစ်သိမ့်ပေးချင်တယ်။ မိနိုင် စိတ်မကောင်းရင် ကိုယ် လည်း ရင်ထဲမကောင်းဘူး။ အဲဒါ စတွေ့ကတည်းကပါ"

"မိနိုင် အလုပ်ရှိသေးတယ်။ သွားတော့မယ်"

"မိနိုင်"

သူ့အေးနား နေချင်ပေမယ့် မိနိုင် ကိုယ့်ဘဝကိုယ် နားလည်ပါသည်။ ပြီးတော့ ကျေးဇူးရှိသည့် မမသက်လျာ မျက်နှာကို ပြန်မြင်ယောင်လာသည်။

မိနိုင် စိတ်ကူးမယဉ်ရဲပါဘူး ရှင်ရယ်။

ဘယ်လောက်လှလှ ဘယ်လောက်မွှေးမွှေး တော်ဝင် ပန်းမဟုတ်ရင် မတင့်တယ်နိုင်တာ သိပါတယ်လေ။





## အခန်း ( ၁၂ )

"မမ ဒီမှာကြည့်စမ်း။ ဒါ မိနိုင် အခန်းထဲက တွေ့တာ မမ"

အရင်ကလိုဆို နေရာတကာ စပ်စပ်စုစုပါနိုင်လွန်း သော ဖြူမကို ဆူပူမာန်မဲပစ်လိုက်မှာ ဖြစ်ပေမယ့် သူမ ယူ လာသောဓာတ်ပုံကို အမှတ်မထင် ကြည့်မိတော့ ရင်ထဲမှာ လှုပ်ခတ်ခြင်းက စည်းချက်မညီမညာ ဖြစ်ကုန်ကြသည်။

"ဒီဓာတ်ပုံက"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ခေါင်းရင်းမှာ ဒိုင်ယာရီစာအုပ်နဲ့အတူ ညှပ်ထားတာ မမရဲ့၊ အစ်ကိုနေလက်ျာနဲ့ တော်တော်တူတာပဲနော်"

"စာအုပ် . . . စာအုပ်သွားယူစမ်း"

နဂိုကမှ ဟိုနေရာစပ်စပ် ဒီနေရာ စပ်စပ်ပါလာတတ်သော ဖြူမမှာ သက်လျာ ခိုင်းလိုက်သည်နှင့် လှစ်ခနဲ ပြန်ဝင်ပြေးကာ ဒိုင်ယာရီစာအုပ်ကို သွားယူချလာသည်။

ဒီစာအုပ်တွေ ဓာတ်ပုံတွေကို အမြတ်တနိုး စွဲလမ်းခဲ့သော မိခိုင်ဟာ ဘာကြောင့်ယူမသွားရသလဲ ဆိုတာ တွေးစရာ မေးခွန်းတစ်ခုဖြစ်လာသည်။

အဝတ်အစားတွေကိုတော့ သက်လျာ ကိုယ်တိုင် သွားပို့ပေးခဲ့သည်။ ဒါတွေကျတော့ . . .

ဟိုအိမ်မှာ နေ့စဉ်အမျှ ဒီမျက်နှာကို မြင်ခွင့်တွေ့ခွင့်ရနေတော့ မလိုအပ်၍ ထားခဲ့လေသလား။

မိခိုင်ဟာ နေကို စိတ်ကူးမယဉ်နိုင်ဘူးဟု ဘယ်သူက အာမခံမလဲ။





အတွေးနှင့်ပင် သက်လျာ ရင်တွေပူလာရသည်။ ဟောင်းနွမ်းနေတဲ့ ဓာတ်ပုံထဲက ကောင်ကလေးဟာ နေနဲ့ တူတာမှ တစ်ထေရာတည်းပင်။

ပြုံးရယ်နေတဲ့ အမူအရာတွေ နွေးထွေးပြီး ညို့ရှိပ်သမ်းတဲ့အကြည့်တွေကအစ နေနဲ့တူနေတာ။

စတွေ့ခါစက ကိုလတ် မဟုတ်လားဟင်လို့ မေးခဲ့တာကို အမှုမဲ့အမှတ်မဲ့ထားခဲ့ပြီး၊ ဒီလောက်အထိ သူမ စိတ်ထဲမှာ ရှုနစ်စွဲမြဲရမည့်သူလို့ သက်လျာ လုံးဝမထင်ခဲ့။

ဒိုင်ယာရီ စာအုပ်လေးကို ဖွင့်လိုက်စဉ်မှာတော့။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဇာတ်လမ်းဟောင်းတစ်ပုဒ်ကို မှတ်တမ်းတင်ထားသည့် မှင်ပြာစာလုံးလေးတွေကို တွေ့လိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အတိတ် . . .



## အခန်း ( ၁၃ )

ပင်လယ်လေတွေ တဖြူးဖြူးတိုက်ခတ်နေ၏။

တရွေ့ရွေ့ ဝေးကွာသွားသော အဖေရဲ့ ငါးဖမ်းလှေငယ်လေးကို လက်ပြနှုတ်ဆက်ရင်း ချောင်းစပ်ကုန်းမြင့်လေးပေါ်မှာ မိနိုင် ရပ်ကြည့်နေမိသည်။

လှေကလေးက တဖြည်းဖြည်း ဝေးလွင့်မှုန်ဝါးပြီး မြင်ကွင်းက ပျောက်သွားတော့မှ မိနိုင် ဂါဝန်အကျီလေးကို ခါးမှာ ပတ်ပြီး ချောင်းစပ်ကို ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိနိုင်ရဲ့ နီကျင်ကျင် ဖွာလန်ကျဲ ဆံပင်တွေကို ပွတ်သပ်ရင်း ဆေးပေါ့လိပ်ကို ကိုက်ကာ . . .

"ချောင်းထဲ မဆင်းနဲ့နော် သမီးလေး" လို့ တဖွဖွမှာသွားတဲ့ အဖေ့စကားကို တမင်အာရုံထဲမှ မေ့ပျောက်ပစ်လိုက်ကာ သဲတစ်ဝက် နုံးတစ်ဝက်ရှိသော ကမ်းစပ်ဆီသို့ တရွေ့ရွေ့ လျှောက်လာမိ၏။

ဒီနေရာက ပင်လယ်နှင့် တစ်ဆက်တည်းလိုရှိပြီး တစ်ဖက်ကလည်း သစ်ပင်ကြီးနှင့် ကုန်းတန်းတစ်ခုခံကာ ပင်လယ်တွင်းသို့ ထိုးထွက်လျက် ချောင်းလက်တက်လေး အဖြစ် ရွာထဲသို့ တောက်လျှောက်စီးဝင်သော နေရာဖြစ်သည်။ နေ့တိုင်း အဖေ့ကို လိုက်ပို့နေကျမို့ ဒီရေ၊ ဒီမြေဟာ မိနိုင်နှင့် ယဉ်ပါးနေခဲ့ပြီ။

တာရိုးပေါ်မှလှမ်းကြည့်လျှင် မမြင်နိုင်သလို ပင်လယ်ထဲမှလည်း မမြင်နိုင်သည့် ဒီချောင်းလက်တက်လေးထဲမှာ ခရုတွေကတော့ ပေါမှပေါ။

ကျောင်းပိတ်တိုင်း အဖေမသိအောင် မိနိုင် ခရု





လာကောက်နေကျ နေရာ။

မနက်ကတည်းက ကိုယ့်အစီအစဉ်နှင့်ကိုယ်မို့ တစ်ပါတည်း ဝှက်ယူလာသော အိတ်ကို ကိုင်ရင်း ရေစပ်မှာ ထိုးထိုးထောင်ထောင် ထွက်နေသည့် ခရုအကွဲတွေကို ရှောင်နင်းကာ တစ်လှမ်းချင်း လျှောက်လာလိုက်သည်။

ခရုလေးတွေ တစ်လုံးပြီးတစ်လုံး။

ပုလဲ ဥသေးသေးလေးတွေ ပြွတ်ခဲနေသလို ရှိသော ခရုဥအခဲကြီးကို ငရဲမကြောက်၊ ဘာမကြောက် မိနိုင်လက်နှင့် ညှစ်ခွဲပစ်လိုက်သည်။

ဂျစ်ခနဲ မြည်ပြီး ချွဲကျိကျိ အရည်တွေ လက်မှာပေကုန်သည်။

ခရုတွေ ကောက်ရုံနှင့် အားမရဘဲ ဥတွေတွေ့တိုင်း ညှစ်ခွဲနေမိသော မိနိုင်မှာ တဖြည်းဖြည်းလေးလံလာသည့် ခရုအိတ်ကြီးကို မြှောက်ကြည့်ပြီး ရွာဘက်ပြန်လှည့်ဖို့ ပြင်နိုက် . . .

"ဟိတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား"

အသံနှင့်အတူ ရေစက်တွေက မိနိုင်မျက်နှာကို ဖွမ်းခနဲ လာစင်သည်။

ပင်လယ်က စီးဝင်သော ရေငန်တွေမို့ မျက်လုံးထဲ ဝင်တော့ စပ်သွားပြီး မိနိုင် အော်လိုက်မိ၏။ မျက်လုံးကို လက်နဲ့ပွတ်ပြီး ချက်ချင်း မျက်စိဖွင့်ကြည့်တော့ ဝါကျင့်ကျင့် ဖြစ်နေသည့် အင်္ကျီအဖြူ၊ ဘောင်းဘီအစိမ်း ခပ်နွမ်းနွမ်းနှင့် ပလိုင်းတစ်လုံးလွယ်ထားသော ကောင်ကလေး၏ စပ်ဖြဲဖြဲ မျက်နှာကို ဒေါသထွက်ဖွယ် မြင်ရလေသည်။

"ဟဲ . . . ဟဲ . . . စတာနော်။ ကောင်မလေး တော်တော် စပ်သွားလား"

မိနိုင် ပြန်မဖြေမိ။

ခရုအိတ်ကြီး မနိုင်မနင်း သယ်ပြီး လှည့်ထွက်လာတော့ သူက ခရုကွဲရှမှာ မကြောက်သလို ရေထဲတဖွမ်းဖွမ်း ဖြတ်နင်းပြီး ပြေးလိုက်လာ၏။

"ဟိတ် . . . နေဦးလေ"

•———မှူလေအာ———•



မိနိုင် လှည့်မကြည့်ဘဲ ဆက်လျှောက်လာသည်။ သူက ရေထဲမှ တောက်လျှောက်ပြေးလိုက်လာတုန်း။

မြင့်ဟိုက်လွန်းသော တာရိုးပေါ်ကို တက်မရသေး၍ ပုံကျနေသော မြေကြီးထဲမှ ထွက်နေသည့် သစ်ပင်အမြစ်တွေကိုဆွဲခိုရင်း ခရုအိတ်တစ်ဖက်နှင့် ခက်ခက်ခဲခဲလျှောက်နေသော မိနိုင်ပုံစံကို ကြည့်ပြီး သူက တဟဲဟဲရယ်နေသည်။

"ဟော့ . . . နေဦး။ ဒီမှာ နင့်ကိုခရုတွေပေးမလို့"

သစ်မြစ်တစ်ခုကို ဆွဲခိုထားရင်း မိနိုင် မယုံနိုင်သလို လှည့်ကြည့်လိုက်သည်။

မိနိုင်လို အသားမညိုသော ထိုကောင်ခလေးရဲ့ မျက်နှာက နေဒဏ်ကြောင့် ကြေးနီရောင် သမ်းမလိုဖြစ်နေပေမယ့် သွားတက်ကလေးပေါ်အောင် ရယ်ပြနေပုံက နှစ်လိုဖွယ်ရှိလေသည်။ ပြီးတော့ သူ့ကျောင်းစိမ်းအင်္ကျီ ရင်ဘတ်မှာရှိနေသည့် တံဆိပ်မှ အ.မ.က (မူလွန်) ရေကျော် ဆိုသည့်စာကိုဖတ်မိပြီး မိနိုင်နဲ့ တစ်ကျောင်းတည်းကမှန်း သိလိုက်ရ၏။

•———မှူလေအာ———•

www.burmeseclassic.com

www.burmeseclassic.com



"နင်က ခရုတွေ ဘာလုပ်တာလဲ"

"ရောင်းတာ"

"ရောင်းတာ"

သူက မိနိုင်အဖြေကို သံယောင်လိုက်သည်။ ပြီးတော့ အံ့သြနေဟန်နှင့် . . .

"ဘာလုပ်ဖို့ ဝယ်ကြတာလဲ"

"ဘဲစာရတယ်လေ"

"ဩော်"

သူက ဆက်မမေးတော့ဘဲ သူ့ပလိုင်းထဲက ခရုတွေ၊ ဖောင်စီးဂဏန်းတွေကို မိနိုင်အိတ်ထဲ အကုန်သွန်ချထည့်ပေးလေသည်။

"အကုန် မပေးနဲ့လေ။ နင့်အမေ ဆူမှာပေါ့"

မိနိုင်စကားကြောင့် သူက ရယ်ရင်း ခေါင်းခါသည်။

"မဆူပါဘူး။ ငါ့ အမေက ငါ့ကို ခရုတွေကောက်သွားတာတွေ့မှ ဆူမှာ။ ငါ နင့်ကို တွေ့နေတာကြာပြီ။ အစကတော့ ဒါတွေကောက်ပြီး နင့်ကိုပေးရအောင် လာစောင့်



နေတာ"

"တကယ်"

မိနိုင် မျက်ဝန်းတွေ လက်ခနဲ ဖြာသွားသည်။ အံ့သြပြီး မယုံနိုင်ခြင်းတွေ ပြည့်နေသည့် မျက်ဝန်းတွေကို ကြည့်ပြီး သူရယ်လိုက်မိ၏။

"တကယ်ပြောတာ"

"နင် ကောက်သွားရင် နင့်အမေက ရောင်းစားမှာပေါ့"

"မရောင်းပါဘူး။ ခရုရောင်းတော့ ဘယ်လောက်ရမှာမို့လဲ"

"ဆယ်လုံးကို ငါးကျပ်ရတယ်လေဟယ်"

"ဟင် . . . အလုံးတစ်ရာမှ ငါးဆယ်ပဲရမှာ ဘာလုပ်ဖို့လဲ"

"မုန့်ဖိုးရတာပေါ့ဟဲ့"

"မုန့်ဖိုး! ငါ့အမေပေးသားပဲ။ နင့်အမေက မပေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မိနိုင် ခေါင်းယမ်းပြလိုက်၏။

"ဒါဆို နင့်အဖေဆီက တောင်းပေါ့။ ငါ့အဖေဆို လေ့ရာတွေဆိုက်ရင် ငါ့ကို နာရီတို့၊ ဖိနပ်တို့ အသစ်ဝယ်ပေး နေကျ"

မတူညီသောဘဝနစ်ခုကို မိနိုင် နှိုင်းယှဉ်နေမိ၏။

"ငါ့မှာ အမေ မရှိဘူး"

"နင့်အဖေရှိတယ် မှတ်လား"

"အဖေ ငါးရရင် ရွာထဲကို ဒေါ်လေးက သွား ရောင်းတယ်။ ပြန်လာရင် ဆီတို့ ဆန်တို့ဝယ်တယ်။ ငါ့ အတွက် စာအုပ်တို့၊ ခဲတံတို့ ဝယ်ပေးတယ်။ မုန့်ဖိုးမရဘူး။ တစ်ခါတလေ ရောင်းမကောင်းရင် အသီးအရွက်တွေနဲ့ လဲခဲ့ ရတာ"

ကောင်မလေးကို ကြည့်ပြီး သူ သနားသွားမိသည်။

"နင့်နာမည်က မိနိုင် မှတ်လား"

"အဲဒါ အဖေနဲ့ ဒေါ်လေး ခေါ်တာ။ ငါ့နာမည်က နိုင် စုယဉ်။ ကျောင်းမှာ နိုင်စုယဉ်ပဲ"

•——ရွှေသော——•



"အဲဒီနာမည်မကောင်းပါဘူးဟာ။ မိနိုင်ပဲ ကောင်း တယ်။ လေကုန်သက်သာတာပေါ့။ ငါ့နာမည်က ဇော်လတ် အောင်။ နင့်ထက်အသက်ကြီးမှာ။ ငါက ငါးတန်းလေ။ နင်က သုံးတန်းမှတ်လား။ ငါ့ကို ကိုလတ်လို့ခေါ်"

"အင်း"

မိနိုင် ဒါကိုတော့ ခေါင်းညိတ် သဘောတူလိုက် သည်။

"ခရုတွေပဲ ရောင်းမှာလား။ ဂဏန်းတွေ မရောင်း ဘူးလား။ ဟိုဘက်မှာ ဖောင်စီးဂဏန်းတွေ အားကြီးပဲ"

"ဟုတ်လား။ မရောင်းပါဘူး။ ဂဏန်းတွေကို လော့် စားမယ်လေ"

မိနိုင်စကားအဆုံး သူက နာခေါင်းရှုံ့သွားသည်။

"နင်က အဝတ်ကျနေတာပဲ"

"ဟုတ်တယ် . . . ငါ အဝတ်ပဲ။ ကျောင်းက လူတွေ ကလည်း အဲလိုပဲ ပြောတယ်"

သူ ပြောတာ စိတ်မဆိုးသည့်အပြင် ခပ်တည်တည်

•——ရွှေသော——•

www.burmeseclassic.com

www.burmeseclassic.com



တည်ပဲ ပြန်ပြောလိုက်သော မိနိုင်ကို ကြည့်ပြီး အံ့သြနေမိသည်။ သနားလည်း သနားသွားမိ၏။

"အလကား စ,တာပါဟာ။ ငါ့ကို စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး။ နင်က ခရုတွေ အများကြီး ကောက်ပေးထားတာပဲ"

"နောက်တစ်ပတ် ကျောင်းပိတ်ရင်လည်း ငါလာခဲ့ဦးမယ်သိလား။ ခရုတွေ အများကြီးကောက်ထားမယ်။ စောစောလာခဲ့ပေါ့"

"နင်က ဘယ်မှာနေတာလဲ"

သူက မိနိုင်အမေးကို ရုတ်တရက်မဖြေ။ အတန်ကြာမှ . . .

"ငါ့ကို နင် နင်လို့ မပြောနဲ့။ ကိုလတ်လို့ခေါ်။ မခေါ်ရင် ခရုမကောက်ပေးဘူး"

"အေးပါဟာယ်"

"ငါသွားတော့မယ်။ ငါ ဒီဘက်လာတာ အမေမသိဘူး။ သိရင် အဆူခံရမှာ"



ပြောပြီးသည်နှင့် သူက မိနိုင် ရှေ့မှ တရကြမ်းပြေးထွက်သွားလေတော့၏။ မိနိုင်ကတော့ ခရုအိတ်ကြီးကို ကြည့်ပြီးပျော်လို့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

ရာသီတွေ အလီလီပြောင်းပြီး နှစ်ကာလတို့ ကြာညောင်းသွားသည်။ မပြောင်းလဲသောအရာဆိုလို့ ပင်လယ်ကြီးရယ်၊ ပင်လယ်ကိုချစ်သော မိနိုင်နှင့် ကိုလတ်ရဲ့ သံယောဇဉ်တွေရယ်သာ ကျန်ရစ်ခဲ့သည်ထင်၏။

တစ်နေ့ထက်တစ်နေ့၊ တစ်ရစ်ပြီးတစ်ရစ်၊ တိုးဖွဲ့ ရစ်နှောင်ခဲ့သော သံယောဇဉ်က မြဲသည်ထက်မြဲခဲ့ပြီ။

"ဟဲ့ . . . ရှူး . . . ရှူး"

—— ဣ ——



အခုမှ ပြန်ထိုင်မယ် ကြံကာရှိသေး။

အရိပ်တစ်ခုက ဝဲခနဲမို့ မိနိုင် အပြေးအလွှားထရ မောင်းရပြန်သည်။

ညနေရယ် မြန်မြန် စောင်းပါတော့လို့သာ အော်လိုက်ချင်သည်။ ညနေစောင်းမှ နေပူလှမ်းထားတဲ့ ဒီငါးခြောက်တွေ မြန်မြန်သိမ်းရမှာလေ။ ငါးခြောက်တွေ မရှစ်မချင်းတော့ ကျီးခြောက်၊ ငှက်မောင်းက လုပ်နေရဦးမှာ။

"တစ်ယောက်တည်း ဘယ်လိုဖြစ်နေတာလဲ"

"ဟယ် . . . ကိုလတ်"

မမြင်တာ ကြာလို့လားမသိ။ ကိုလတ်က အသားတွေ ပိုဖြူပြီး မြင့်မြင့်မားမားနှင့် ကြည့်ကောင်းလာသည်။ ဟိုတုန်းကလို ကြေးနီရောင်အသားအရေနှင့် ပိန်ညှော်ညှော် ကောင်လေးမဟုတ်တော့သည့် ကိုလတ်ဟာ တကယ့်ကို လူပျိုကြီး ဖားဖားဖြစ်နေပြီ။ ရယ်လိုက် ပြုံးလိုက်တိုင်း တစ်ဖက်တည်း ပေါ်သွားတတ်သည့် သွားတက်လေးကြောင့် ပိုပြီး ကြည့်ကောင်းကာ ရှင်းသန့်ချောမောနေတာလည်း

—— ဣ ——

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင်။

ကော်လံကတုံး ရှပ်လက်ရှည်နှင့် ဘဲခေါင်းစိမ်းရောင်ပုဆိုးကို ဝတ်ထားပြီး ကတ္တီပါဖိနပ်စီးထားသည့် ကိုလတ် ခြေဖဝါးစောင်းတွေက ရဲပြီး အသားတွေ ပိုဖြူလာသယောင်ပင်ရှိ၏။

"ဟဲ့ . . . ဘာကြည့်နေတာလဲ။ လူကို မမြင်ဖူးတာကျနေတာပဲ"

မျက်နှာရှေ့ကို လက်နဲ့ယမ်းပြီး လှမ်းအော်လိုက်တော့မှ မိနိုင် ရှက်ကိုးရှက်ကန်း အကြည့်လွှဲမိသွားရသည်။

"မတွေ့တာကြာတော့ ကိုလတ် အသားတွေပိုဖြူလာသလားလို့"

"မဟုတ်တာ။ ဒီကိုမရောက်တာ တစ်လတောင်မရှိပါဘူး"

"စာမေးပွဲ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ်"

"ဒီတွေ ဘာတွေရော မှန်းထားလား"

●———ၛၯၮ———●



"ဆရာကတော့ သုံးခုလောက် မှန်းထားတယ်။ ကိုယ်ကတော့ ရရင်လိုချင်တာပေါ့"

ကိုလတ်ရဲ့ ကိုယ်ကဆိုတဲ့ အသုံးနှုန်းကြောင့် မိနိုင် ငေးခနဲ ဖြစ်သွားရသည်။

သူ့ကိုယ်သူ ကိုယ်ကတဲ့။

စကားပြောပုံကအစ ပြောင်းလဲသွားပါလား။

"ဆရာက ဖြေပေးတာမှမဟုတ်တာ။ ကိုလတ်ကိုယ်တိုင် မှန်းရမယ့်ဟာ"

"ဆရာက ဘယ်သူက ဘယ်လိုအခြေအနေရှိတယ်ဆိုတာ ကျူရှင်မှာကတည်းက သိပြီးသားကွ။ ပြီးတော့ မေးခွန်းကြည့်လိုက်တာနဲ့ သူ့တပည့်တွေ အခြေအနေကို သိတယ်"

"မိနိုင်လည်း အင်ကြင်းညွန့်မှာ တက်ချင်တယ်။ အဖေက ထားပေးနိုင်ပါ့မလားမသိဘူး"

မိနိုင်က ခုမှကိုးတန်းဖြေထားတာဖြစ်သည်။ သကြံန်ပြီးလျှင် ဆယ်တန်းအတွက် ကျူရှင်တွေ စတော့မည်။

●———ၛၯၮ———●

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ် တက်သည့် ကျူရှင်က ဆရာ၊ ဆရာမတွေ ဘယ်လောက်စာသင်ကောင်းတာ စည်းကမ်းကြပ်မတ်တာတွေ မိနိုင် ဖောက်သည်ချလွန်းလို့ အဖေလည်း သိနေပါပြီ။ ဒါပေမဲ့ ကိုးတန်းတောင် အနိုင်နိုင်ထားရသည့် အဖေဟာ မိနိုင်ကို ဘယ်လို အင်အားနဲ့ ဆယ်တန်းအကြို ကျူရှင်ကို ထားပေးနိုင်ပါမည်နည်း။

"စိတ်မပူပါနဲ့ မိနိုင်ရယ်။ ကိုလတ်တစ်ယောက်လုံးရှိသားပဲ။ တတ်နိုင်သလောက် ကူညီမှာပေါ့။ အင်ကြင်းညွှန့်မှာတက်ရင်သိပ်ပြီး စရိတ်မကုန်ပါဘူး။ မိနိုင်သာ ကြိုးစား။ ဆရာတို့က အားပေးပြီးသားပဲ၊ စာအုပ် ဘာညာဆိုတာလည်း ကိုယ်တို့လို ကျောင်းသားဟောင်းတွေက လှူထားခဲ့တာရှိတော့ မဝယ်နိုင်တဲ့ ကလေးတွေအတွက် အဆင်ပြေတာပေါ့။ မိနိုင် ရွာကနေ ဘုရားပျိုကို သွားတက်ရင် မော်တော်ခ ကုန်ဦးမယ်။ အင်ကြင်းညွှန့်မှာ ဘော်ဒါနေပြီး တက်တော့ ကျူရှင်လည်း တက်ရ ငွေကုန်ကြေးကျလည်း သက်သာတာပေါ့"

•——ရှုပ်သော——•



"ကိုလတ် ပြောတာ ဟုတ်တယ်နော်။ အဖေ့ကိုသာ ဝိုင်းပြောပေးပါ ကိုလတ်ရယ်"

"စိတ်ချပါ"

"ကျေးဇူး . . . အဲ . . . လုပ်ပါဦး။ ငါးမြောက်ငါးမြောက်ပါသွားပြီ။ ရှူး . . ရှူး"

ငါးမြောက်ရှိသွားသော ကျိုးကန်းကိုကြည့်ပြီး မိနိုင်မျက်နှာစူပုပ်ပုပ် ငိုမဲ့မဲ့လေးဖြစ်သွား၏။

"သွားပါပြီ။ တစ်ကောင်ပါသွားပြီ။ ဒေါ်လေးကတော့ ဆူတော့မှာပဲ"

"မှန်လေး ဘာလေး ပြထားပေါ့ မိနိုင်ရာ"

"ပြထားတာပဲ။ မှန်က မှုန်လွန်းလို့ လာတဲ့ ကျိုးကန်းက မျက်မှန်တပ်ကြည့်မှ အဲဒီမှန်က အရိပ်ကို မြင်ရမှာ"

ပြောပြောဆိုဆို မိနိုင်က ငါးမြောက်လှမ်းထားသောနေရာမှ လက်တစ်ဝါးခန့် မှန်လေးကိုယူလာသည်။ မှန်က ပြဒါးတွေ ကွာနေပြီမို့ ခပ်ဝါးဝါးရေးတေးတေးသာ အရုပ်ထင်တော့၏။

•——ရှုပ်သော——•

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းဖူးဖူးလေးကို စုထော်ပြီး ပွစိပွစိရေရွတ်နေသော မိနိုင်ကို ကြည့်ရင်း သူပြုံးလိုက်မိသည်။ ပါးမို့မို့၊ မျက်တောင်ကော့ကော့နှင့် ဆံပင်ရှည်ကြီးတွေရဲ့ ပိုင်ရှင် ကောင်မလေးဟာ ချောင်းစပ်ပင်လယ်ဝမှာ ခရုကောက် ဂဏန်းရှာနေသည့် မည်းမည်းတုတ်တုတ် ကောင်မလေးနှင့် ဘာမှမဆိုင်တော့လောက်အောင် အလှသွေးကြွယ်လို့ နေလေသည်။

ဆယ်ကျော်သက်ဆိုသည့် အရွယ်ဟာ ပန်းဖူးငုံလေးကနေ အစွမ်းကုန် အလှဆုံးပွင့်ဖို့ အားယူနေသည် ပွင့်လန်းစ ပန်းကလေးဆိုတော့ . . .

"ကိုလတ်"

"ဟင်"

"ဘာတွေ ငိုင်ပြီး စဉ်းစားနေတာလဲ။ မိနိုင် ပြောတာ ကြားရဲ့လားလို့"

သူ့လက်မောင်းကို ပခုံးစွန်းနှင့် ဝင်တိုင်ရင်း မူနွဲ့နွဲ့ ပြောလိုက်ဟန်က မိနိုင် ကလေးမဟုတ်တော့ဘူးလို့ မပြော





ရဘဲ အပျိုလေးတစ်ယောက်ရဲ့ ရှက်စနိုး အမူအရာတွေ ပေါ် လွင်နေသည်။

"မိနိုင်ကို ကြည့်နေတာ။ အရမ်းလှနေသလားလို့"

"ဘာ! ဒီပုံစံကို . . . အဟား"

မိနိုင်က မျက်လုံးလေးထောင့်ကပ်၊ သူ့မ ကိုယ် သူ့မ လက်မနှင့် ညွှန်ရင်းမှ ခေါင်းမော့လျက် ရယ်ချလိုက်ပုံက တကယ်ကို အသည်းယားစရာ။

"ဘာရယ်တာလဲ။ လှလို့လှတယ်ပြောတာ"

"အဲသလို ပြောလို့ရယ်ချင်တာ။ မိနိုင်က ဘယ်မှာ လှလို့လဲ။ ကြည့်ပါဦး။ ကိုလတ်နား အခုလို ကပ်ထိုင်နေတော့ ဗျိုင်းနဲ့ကျီးကန်းလိုပဲ အသားကမည်းရတဲ့အထဲ ဒီမျက်ခုံးတွေ မျက်တောင်တွေက ထူပိန်းနေတော့ ကုလားမလို့ ဝိုင်းခေါ်ကြရော"

အသားက ညိုပေမယ့် နေလောင်လို့ ပြာနှမ်းနေတဲ့ တံငါသူတွေလို မွဲခြောက်ပြာတူးမနေဘဲ ညိုစိမ့်စိမ့်လေး ဝင်း နှစ်နေသော အသားအရေနှင့် ငယ်ငယ်ကလို နီကျင်ကျင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့တဲ့ ဆံနွယ်တွေက နက်မှောင်ဖြာလဲ့နေတာမို့ မိနိုင်ကို ညို့ချောလို့ ခေါ်ရသည်။

သူများလို ဖြူဖျော့ဖျော့ပါးလှပ်လှပ်လေး မဟုတ်ဘဲ ကျန်းမာသန်စွမ်းပြီး အလုပ်ကြမ်းလည်း နိုင်နင်းသူမို့ ခန္ဓာကိုယ်က တင်းရင်းကျစ်လျစ်ပြီး အချိုးအစားကျသည်။ ဖျတ်ခနဲ လှစ်ခနဲ ရယ်လိုက်၊ ပြုံးလိုက်တိုင်း ပုလဲဥလို ညီညာဖြူဖွေးသော သွားတန်းကလေးတွေ ပေါ်လာတက်ပြီး နီမြန်းထူပြည့်တဲ့ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့လိုက်တာက အစ အမှတ်တမဲ့ ထားလိုက်လို့ မရအောင် ဆွဲဆောင်မှုရှိနေသော ဤမိန်းကလေးဟာ ဘာကြောင့် ဆင်းရဲဒုက္ခတွေများသော မိသားစုမှာ ပေါက်ဖွားလာသလဲ သူလည်း မစဉ်းစားတတ်ချေ။

မိနိုင်ကို ပြောပြလျှင် ဝမ်းနည်းသွားလိမ့်မည်။ အမေက သူ တံငါတန်းကို လာတာ သွားတာ လုံးဝမကြိုက်။ မိနိုင်လို ဆင်းရဲနုံချာသော မိန်းကလေးမျိုးနှင့် နီးစပ်သွားမှာလည်း စိုးရိမ်နေသည်။



ရိုးသားလွန်းလို့ တူမလေးလို၊ သမီးလေးလို ချစ်နိုင်ပေမယ့် ချွေးမလေး ဖြစ်လာမှာကိုတော့ မလိုလားနိုင်သည့် အမေကို စိတ်ဆင်းရဲအောင် မလုပ်ရက်သလို မိနိုင်ကိုလည်း မစွန့်လွှတ်ရက်။

တစ်နေ့လောက် မတွေ့ရတာနှင့် သတိတရ လွမ်းနေမိတာ ဟိုးငယ်ငယ်လေးကတည်းက . . .

အဖြူကို အရောင်မဆိုးချင်ပေမယ့် တစ်ပါးသူ ရှုးခြွသွားမှာလည်း တွေးပြီးရင်မောရသည်။

"ကိုလတ်"

"ဟင်"

"ငိုင်နေလိုက်တာ အကြာကြီးပဲ။ ဘယ်ရည်းစားအကြောင်းတွေးနေလဲမသိဘူး"

"ရည်းစား! ဟုတ်လား။ ကြံကြံဖန်ဖန်ကွာ။ ဒီလောက် စာမေးပွဲအရေးကြီးနေတာ အဲလို ပေါက်ကရကိစ္စတွေ ဂရုစိုက်နိုင်ပါ့မလား"

"သိဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"မိနိုင်ကရော အဲလိုတွေ တွေးမိလို့လား"

"တွေးမိပါဘူး။ မိနိုင်တွေးမိရင် ကိုလတ်အကြောင်းပဲ"

ပြောတဲ့သူက ရိုးရိုး ပြောတယ် ဆိုပေမယ့် မရိုးသားတဲ့သူ့အဖို့ ရင်ခုန်စရာတွေ ဖြစ်ကုန်သည်။

လူက ထွားနေပေမယ့် ကလေးစိတ် မပျောက်တတ်သေးသည့် သူမကတော့ အစုထိ သဘောထားတွေ မပြောင်းမလဲရှိနေတုန်း။

"ကိုလတ် ဒေါ်လေးက ပြောတယ် သိလား"

"ဘာပြောတာလဲ"

"ကိုလတ်နဲ့ ချောင်းစပ်မှာ နှစ်ယောက်တည်း သွားထိုင်နေတာ မသင့်တော်ဘူးတဲ့"

ပြောပြီးမှ ရှက်ရွံ့အားနာသလို သူမက မျက်နှာလေးရဲလျက် ခေါင်းငုံ့သွားသည်။ သူ လူကြီးဆန်ဆန်ပဲ တွေးပစ်လိုက်ပါသည်။ ဘယ်တော့မဆို သူက ဆင်ခြင်တုံတရားကြီးမားစွာ မိနိုင်ကို ဆုံးမပဲ့ပြင်သူပဲ ဖြစ်ချင်ခဲ့ပါသည်။

•——ရွှေဥဒေါင်း——•



ရှူးရှူးမိုက်မိုက် စိတ်အလိုလိုက်ပြီး သူမရဲ့ အဖြူထည်စိတ်လေး ညှိုးနွမ်းစွန်းပေး မသွားစေချင်ပါ။

"ဒေါ်လေးပြောတာ ဟုတ်တာပေါ့။ ကိုယ်တို့က အရွယ်ရောက်နေပြီလေ။ ကလေးတွေမှ မဟုတ်တော့တာ။ ပြီးတော့ အမျိုးတော်တာလည်း မဟုတ်ဘူး။ သူများတွေ အမြင်မှာ ဘယ်သင့်တော်ပါ့မလဲ"

ထိုသို့ ဆိုလိုက်တော့ မိနိုင် မျက်နှာလေးက ခပ်တည်တည်လေးဖြစ်သွားသည်။

တကယ်ဆို မိနိုင် မျှော်လင့်ခဲ့တာ ထိုသို့မဟုတ်။ လိုချင်မက်မောသူတွေ ဝိုင်းဝိုင်းလည်နေသည့် ကိုလတ်ကို ပြိုင်ဘက်မရှိ ပိုင်ဆိုင်ချင်မိတာ။ သူ့ရဲ့ဂရုစိုက် ဖေးမမှုတွေက မိနိုင်တစ်ယောက်တည်းအတွက်သာ ဖြစ်စေချင်သည်လေ။

ဒါပေမဲ့ စိတ်ကူးနှင့်ရှုးပြီး ဝဲ့ကယ်တမ်းတော့ မမျှော်လင့်ရဲပါ။

မိုးနဲ့မြေလောက် ဘဝချင်းမခြားပေမယ့် ပေါင်းစပ်

•——ရွှေဥဒေါင်း——•

www.burmeseclassic.com

www.burmeseclassic.com



ရောနှောပစ်ဖို့က ပင်လယ်ရေနှင့် သောက်ရေချိုတွေလို၊ မိနိုင်လို ပင်လယ်ရေနှင့်ရောလျှင် အသုံးဝင်တဲ့ ကိုလတ်ဘဝသာ နစ်မွန်းဖို့ရှိမည်။

တိုးတက်လာနိုင်စရာ မမြင်။

ကိုယ့်ဘဝကိုယ် နားလည်ပါ့မယ် ကိုလတ်ရယ်။

မိနိုင်ဘဝက သောက်လို့ သုံးလို့မရတဲ့ ပင်လယ်ရေငန်တွေနဲ့တူနေလို့ပါ။

ရှုမဝ



အခန်း ( ၁၅ )

စီးပွားရေး အဆင်မပြေတာ၊ စားဝတ်နေရေး ကြပ်တည်းတာမှန်ပေမယ့် မိနိုင် ဆယ်တန်းဆက်တက်ခွင့်ရခဲ့ပါသည်။ ကိုလတ်ကျေးဇူးကြောင့် မိနိုင် သိပ်ကိုတတ်ချင်နေတဲ့ အင်္ဂလိပ်ကျူရှင်တက်ခွင့်ရခဲ့သည်။

တစ်လောကလုံးမှာ မိနိုင်ကို အလိုလိုက်ကာ နားလည်မှုအပေးနိုင်ဆုံးသော လူနှစ်ယောက်ဟာ အဖေနှင့် ကိုလတ်မှ လွဲပြီး တခြားဘယ်သူမှ မဖြစ်နိုင်တော့ပြီ။

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးတင်တယ်လို့ နှုတ်က ဖွင့်ပြောတိုင်း ကိုလတ်က ဂုဏ်ထူးထွက်အောင် ကြိုးစားပါတဲ့။

အဖေ့အတွက် ကိုလတ်အတွက်ဆိုပြီး မိနိုင် စာအုပ်နဲ့ မျက်နှာမခွာလေတော့ ဆရာမတွေကလည်း မိနိုင်ကို ချစ်ခင်ကြသည်။ အားလုံးထဲမှာ အနွမ်းပါးဆုံးနှင့် အနုံချာဆုံးမို့ ကရုဏာသက်ကြတာလည်း ပါသည်။ ကျောင်းမှာ စာသွားသင် ကျူရှင်မှာ စာတွေပြန်ကျက် ပြန်လေ့ကျင့်နှင့် အနားရတယ် မရှိပေမယ့် ထိုအချိန်တွေကိုပဲ မိနိုင် မက်မောတွယ်တာမိသည်။

မနက်ဖြန် ဆယ်တန်းတွေ အောင်စာရင်းထွက်မှာဆိုတဲ့အသံကြားကတည်းက မိနိုင် တစ်ညလုံး အိပ်လို့မပျော်။ စိတ်လှုပ်ရှားမိနေတာ စာမေးပွဲဖြေထားသည့် ကိုလတ်တို့နှင့် ထပ်တူနီးပါးပင်။

မနက် မိုးလင်းလို့ ကိုလတ် ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်တယ်လည်း ဆိုရော မိနိုင်ဖြင့် ပျော်လွန်းလို့ သတိတောင်လစ်ချင်ချင် ဖြစ်သွားရသည်။



ဆရာဦးကျော်မင်း မှန်းထားသလို သုံးဘာသာမပါပေမယ့် ရူပနဲ့ဓာတု နှစ်ဘာသာပါသည်မို့ အားလုံးကျေနပ်နေကြသည်။

အင်ကြင်းညွန့်မှာ လေးဘာသာအထိ ဂုဏ်ထူးထွက်သူတွေ ရှိသည်။ တစ်နိုင်ငံလုံးနှင့် ယှဉ်လျှင် မပြောပလောက်ပေမယ့် ဒီအနီးနားရွာတွေမှာတော့ အောင်ချက်အကောင်းဆုံးနှင့် ဂုဏ်ထူးရှင် အများဆုံးကတော့ အင်ကြင်းညွန့်ပင်။

"ကဲ . . . မိနိုင် ဖော်လတ်အောင်ကတော့ အင်ကြင်းအတွက်ရော ရေကျော်ရွာသစ်အတွက်ရော တာဝန်ကျေသွားပြီ ညည်းအလှည့်ကျရင် ဒီထက်သာမှ ဖြစ်မှာနော်"

ဆရာတို့ စကားအဆုံး မိနိုင် ဝမ်းသာဂုဏ်ယူစွာ အကြိမ်ကြိမ်ခေါင်း ညိတ်မိလေသည်။

ကိုလတ် ဂုဏ်ထူးမပါတွေနှင့်အောင်တာ မိနိုင် ကိုယ်တိုင်အောင်ရသလို အပျော်တွေ စီးဝင်ကူးစက်နေကာ

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ် ဒီအချိန်မှာ ဂုဏ်ထူးအများဆုံးနဲ့ အောင်မြင်သူဟာ မိနိုင်ပဲ ဖြစ်ရမယ်လို့ပင် အားကျမခံတွေးမိ၏။

"မိနိုင် . . . မိနိုင် မော်တော် ကမ်းနားမှာ စာလာယူပါတဲ့"

တစ်ရွာတည်း ကျောင်းသား မျိုးနိုင်က မိနိုင်ကို လှမ်းအော်သွားသည်။ မိနိုင် ဓာတုဗေဒသင်နေသော ဆရာမဒေါ်ခင်လေးနွယ်ကို လက်အုပ်ချီလျက် ခွင့်တောင်းလိုက်သည်။

"ဆရာမ မိနိုင် ကမ်းနား ခဏသွားပါရစေ"

ဆရာမက ခေါင်းညိတ်ပြလိုက်တော့ မိနိုင် စာသင်ခန်းထဲမှ ခပ်သွက်သွက် ထွက်လာခဲ့သည်။

ကမ်းနားကို မရောက်ခင်ကတည်းက မုန့်ဟင်းခါးဆိုင်မှာ ထိုင်နေသော ကိုလတ်ကို လှမ်းတွေ့လိုက်ရ၏။

ကိုလတ် မျက်နှာ သိပ်မကောင်း။

ဘာဖြစ်လို့များလဲဆိုတဲ့ စိုးရိမ်စိတ်ကြောင့် မိနိုင် အပြေးကလေး လျှောက်သွားလိုက်၏။

ရွှေယော



"ကိုလတ်"

"ဟင် . . . မိနိုင်"

"ဘာဖြစ်နေတာလဲ။ ရွာမပြန်သေးဘူးလား။ မော်တော်နဲ့လာတာဆို"

"အင်း"

"မိနိုင်ကို ရွာက စာပေးလိုက်လို့ဆို။ ဘယ်သူ့ဆီမှာလဲ မသိဘူး"

"စာ မဟုတ်ပါဘူး။ ဦးလေးလှမောင် နေမကောင်းလို့ မိနိုင် ဒီနေ့ ပြန်ခဲ့ပါလို့ မှာလိုက်တာ"

"ဟင် . . . ဟုတ်လား။ ဒုက္ခပါပဲ။ အဖေ ဘာများဖြစ်လို့ပါလိမ့်။ မျိုးနိုင်က ပြောတော့ စာဆိုပြီး"

"အဲဒါတွေ ပြောမနေနဲ့တော့ ဆရာ့ကို သွားပြောပြီး ပြန်ဆင်းခဲ့။ မော်တော် မထွက်သေးဘူး။ စောင့်နေတာ"

"အဲဒါဆို မိနိုင် ဆရာ့ကို သွားပြောလိုက်ဦးမယ်နော်"

သူခေါင်းညိတ် ပြလိုက်သည်။

ရွှေယော

www.burmeseclassic.com

www.burmeseclassic.com



အပြေးကလေး ထွက်သွားသော မိနိုင် နောက်ကျောကိုကြည့်ရင်း သူ့ လက်ထဲမှာ တွန့်ကြေနေသည့် စာရွက်ခေါက်လေးကို ချောင်းထဲသို့လွှင့်ပစ်လိုက်သည်။

စာထဲက အကြောင်းအရာတွေကို မိနိုင်ကို သူ မပြောရက် မသိစေချင်။

ရွာရောက်သွားမှသိတာ သိပါစေတော့။

ဒီမှာက ဆွေမျိုးသားချင်း ဘယ်သူမှရှိတာမဟုတ်။

"ဆရာက လွှတ်လိုက်တယ်။ လပတ်စာမေးပွဲရှိတော့ စာကျက်ရအောင် စာအုပ်ယူသွားတဲ့။ အဖေ နေကောင်းရင် အမြန်ပြန်လာဖို့ မှာလိုက်တယ်"

မိနိုင် ပြောတာတွေကို မကြားသလို ကိုလတ်က ငိုင်တွေနေသည်။

မော်တော်စထွက်လာပြီမို့ မိနိုင် ဘာမှဆက်မပြောမိတော့။ ဝါဆိုလမို့ ချောင်းထဲမှာ ရေတွေလျှံနေတာ ကြည့်ပြီး ဟိုရက်တွေဆီက မိုးတွေဆက်တိုက်ရွာနေခဲ့တာ သတိရမိသည်။



အဖေတစ်ယောက် နေပူမရှောင်၊ မိုးရွာမရှောင်၊ ငါးရှာ၊ ဖားရှာ လုပ်နေတာနဲ့ အအေးမိပြီး အပြင်းဖျားနေပြီလား။

ရာသီဥတုက အေးရတဲ့အထဲ အဖေဆေးလိပ်တွေ နင်းကန်သောက်လို့ ရင်ကြပ်ပြန်ဖြစ်နေပြီလား။

မိုးမလုံတလုံ မိနိုင်တို့ တဲလေးက တောင်လေတိုက်လျှင် အသည်းခိုက်အောင် အေးတော့တာ။

အဖေတော့ အအေးမိပြီး ရောဂါတွေ အစုံပြန်ဖြစ်ပြီထင်ပါရဲ့။ ဒေါ်လေးကလည်း သိပ်ပြီး ဂရုတစိုက်ရှိတာ မဟုတ်။

အဖေက တော်ရုံခေါင်းကိုက် ဖျားနာဆို ပေပြီး လေ့ထွက်တတ်တာရယ်။

အတွေးပေါင်းစုံနှင့် စိုးရိမ်ပူပန်နေမိတာ ခုနပျော်ခဲ့တာတွေ ဘယ်ရောက်ကုန်မှန်းမသိ။

မသိဆို ရွာကိုရောက်လာတာပင် သတိမထားမိသည်အထိ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးရေ . . . အစ်ကိုကြီး သမီး မိနိုင် လာပြီ အစ်ကိုကြီးရဲ့ ထကြည့်ပါဦးတော့"

ခုနစ်သံချီတင်ကာ ဟစ်အော် ငိုလိုက်သော ဒေါ်လေးအသံကြောင့် မိနိုင် ထိုင်ရာမှ ထလို့မရဘဲ မော်တော်ပေါ်မှာတင် ကြောင်တောင်တောင်ကြီး ဖြစ်သွားရလေသည်။

"မိနိုင် ဦးလေးလှမောင် ဆုံးပြီ။ ဟိုမှာနင့်ကို မပြောတာ နင်တစ်ခုခု ဖြစ်သွားမှာစိုးလို့"

"အမယ်လေး . . . တစ်သက်လုံး လုပ်ကိုင်စားလာတဲ့ ပင်လယ်မှာပဲ ပိုးထိပြီးသေရသတဲ့၊ ကြားလို့မှကောင်းကြသေးရဲ့လား။ မိနိုင်ရေ ညည်းအဖေကို လာကြည့်ပါဦး။ တူမကြီးရဲ့"

မိနိုင် မျက်ရည်ဥကြီးတွေ တလိမ့်လိမ့်ကျလာပေမယ့် အော်လို့၊ ရှိုက်လို့မရဘဲ ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေမိသည်။

"သမီး ငိုချလိုက် . . . ငိုချလိုက်။ အဲသလို တောင့်





မထားနဲ့"

"မိနိုင် စိတ်ကိုထိန်းနော်"

အသံတွေက မိနိုင် ဘေးပတ်ချာလည်မှာ ဆူညံနေသည်။ တဲပေါ်မှာ ပက်လက်ကလေးရှိနေသည့် အဖေ့အလောင်းက မြင်မကောင်းအောင် မည်းပြာလို့ရယ်။

"ကျုပ်ကို အရင်လှမ်းပြောသေးတယ်ဗျ။ တင်စိုးရေ ငါ့ခြေထောက် ဘာကောင်တွတ်သလဲမသိဘူး။ မီးစနဲ့ထိုးလိုက်သလိုပဲတဲ့။ ကျုပ်ကလည်း ပိုက်တွေဖျောက်နေတော့ သူပြောတာ အမှုမဲ့အမှတ်မဲ့ဗျ။ ကိုလှမောင် မှူးလဲမှ အကောင်ထိပြီဆိုတာ သိလိုက်တာ"

"ကိုလှမောင်ဗျာ မသေသင့်ဘဲ သေရတယ်။ ပိုးကောင်လား၊ ဘာလား၊ သေချာ မစူးစမ်းဘူး။ ပေတော့ ခံရတာပေါ့"

"ရေထဲကနေ ကိုက်တာဆိုတော့ ငါးလိုလို ဘာလိုလို ဖြစ်နေမှာပေါ့ဗျာ"

"အမယ်လေး အစ်ကိုကြီးရဲ့၊ ငါ ဒီမနက် မထွက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး စိတ်တွေလေးနေသလိုပဲဆို၊ ခုတော့ ဘာတတ်နိုင်သေးလဲ ဟင် . . . သမီးကို ပညာတတ်ကြီးဖြစ်စေချင်တဲ့ အစ်ကိုကြီး ခုတော့ သေရှာပေါ့။ အီး . . . ဟီး . . . ဟီး"

အပြောတွေ အငိုတွေ စုံလင်လှသော ဒေါ်လေးရဲ့ အသံကြားတိုင်း မိနိုင် ရင်ထဲဆို့တက်သွားရသည်။

ကံကြမ္မာရဲ့ ရက်စက်ရိုင်းစိုင်းမှုကိုပဲ မိနိုင် နာကြည်းလို့ မဆုံးနိုင်တော့။

ဒီပင်လယ်မှာ ဘဝကို အပြီးတိုင် မြှုပ်နှံရင်း မိနိုင်ကို ပညာတတ်ကြီး ဖြစ်စေချင်တဲ့ အဖေသည် ယခုတော့ အရာခပ်သိမ်းကို မျက်ကွယ်ပြုခဲ့ပြီ။

တံငါလုပ်ငန်းကို အကုသိုလ်မို့ ရှောင်ချင်ပေမယ့် စားဝတ်နေရေး၊ သမီး ပညာတတ်ရေးက ခွင့်မပြုချင်တော့ သက်ဆုံးတိုင် အဖေလုပ်ခဲ့ရသည်။ ခုတော့ ပင်လယ်မှာပဲ အဖေအသက်ကို စတေးခဲ့ရပြီ။

တဲကနေ ချောင်းစပ်ကို လှမ်းမျှော်ကြည့်တော့ အဖေခင်တွယ်သော အဖေရဲ့ရဲဖော်ရဲဖက် လှေငယ်ကလေး





လှိုင်းအပုတ်မှာ လှုပ်လီလှုပ်လဲ့ဖြစ်နေတာကို မြင်ရသည်။

အဖေအလာကို မျှော်နေရှာရှာသလား။

လှေကလေးရယ် . . . အဖေ ဘယ်တော့မှ ပြန်မလာနိုင်တော့ပါဘူး။ အဖေဟာ သူ့ရဲ့ကျေးဇူးရှင် ဒီပင်လယ်ကြီးကို နှုတ်မဆက်ဘဲ ထွက်သွားခဲ့ပါပြီ။

ထို့အတူ အဖေဟာ သူ့ဘဝရဲ့ မျှော်လင့်ချက်၊ အားကိုးရာ မိနိုင်ကိုလည်း စိတ်မချစွာ ထားရစ်ခဲ့လေပြီ။ ကံကြမ္မာ လေအသုတ်မှာ ဟုတ်ခနဲ ငြိမ်းသွားရတာ။ မိနိုင်ရဲ့ ပညာအလင်းရောင်လေလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

မိနိုင် ကျောင်းမတက်တော့ဘူး သတင်းကြား တော့ ပထမဆုံးရောက်လာတာ ဆရာဦးကျော်မင်း။

ကိုလတ်ကတစ်ဆင့် လူကြုံတစ်မျိုး၊ တနေ့ တစ်တန် မှာလို့မရတဲ့အဆုံး သူကိုယ်တိုင်လိုက်လာပြီး မိနိုင် အတွက် စာမေးပွဲပြီးအထိ အစစအရာရာ တာဝန်ယူကြောင်း လာပြောရှာသေးသည်။ ကျောင်းက ဆရာ၊ ဆရာမတွေ ကလည်း နမြောလို့ မဆုံးနိုင်။



"မိနိုင့် ကျောင်းမတတ်ချင်တော့ဘူးဆရာ"

မိနိုင် သည်လိုပြောတော့ ဆရာက ယူကျုံးမရ တောက်ခေါက်သည်။

ကျောင်းတတ်ချင်ပါတယ်လို့ပြောလျှင် ဒေါ်လေး စိတ်မကောင်းဖြစ်ရမည်။ ဝမ်းနည်းအားငယ်ရမည်။ ထိုသို့ အဖြစ်မခံနိုင်ပါ။ ကျောင်းတတ်ချင်တာပေါ့။ မိနိုင် ကျောင်း တတ်ချင်တာပေါ့။ သိပ်ကိုတက်ချင်နေခဲ့တာပါ။

ဒါပေမဲ့ မိနိုင် ကိုယ့်ဘဝကိုယ် နားလည်ရမည်။

ရေရှည်မကြည့်ဘဲ မိုက်မဲတယ်ပဲဆို လက်တွေ့ မိနိုင်တို့ တဝရီးရဲ့ စားဝတ်နေရေးအတွက် မိနိုင် ဒီငါးတွေကို မဖြစ်မနေ ကိုင်ရတော့မည်။

မိနိုင်ဘဝက ညှီစို့ပုပ်အဲ့နေတဲ့ ငါးပိ၊ ငါးခြောက် တွေနဲ့ပဲ ကံစပ်တယ် ထင်ပါရဲ့။

"ကျွန်မကတော့ သူ့ကို ကျောင်းထွက်ဖို့ မတိုက် တွန်းပါဘူး ဆရာ။ ဒါပေမဲ့ အိမ်မှာရှိတာလည်း သူ အသိ၊ မရှိတာလည်း သူအသိဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး သက်ပြင်းရှိုက်သည်။

မိနိုင်ကတော့ ငါးတဲမှာ ငါးတွေခွဲ ဆားနယ်နေရင်း ဘေးနားက ကလေးတွေ အဖြူအစိမ်းလေးတွေနှင့် ကျောင်းသွားတာတောင် မကြည့်ချင်။

ခေါင်းကိုတွင်တွင် ငုံ့ထားတတ်မြဲ။

"ဒီနှစ်တော့ ဘယ်လိုမှ အဆင်မပြေသေးတော့ သူလည်း တက်ချင်မယ်မထင်ဘူး။ ရှေ့နှစ်ခါတော့ ပြန်ထားပါ့မယ် ဆရာ"

ကာယကံရှင်တွေက ဒီလောက်ဖြစ်နေတော့ ဆရာလည်း လက်လျှော့ပြန်သွားသည်။

မိနိုင် ဝမ်းနည်းရပေမယ့် ဒေါ်လေး မမြင်အောင် ချောင်းစပ်မှာပဲ သွားငိုခဲ့ရသည်။ မိနိုင် ရင်ထဲက ဆန္ဒအမှန်ကိုသိတဲ့သူဆိုလို့ ကိုလတ် တစ်ယောက်တည်းသာရှိသည်။

"မိနိုင် . . . မိနိုင် . . . ကျောင်းတတ်ချင်တယ်ဆိုတာ ကိုယ်သိပါတယ်"

"တက်လို့မဖြစ်ဘူးဆိုတာလည်း ကိုလတ်သိမှာပါ"



ကိုလတ်က သက်ပြင်းရှိုက်ရင်း မိနိုင်ကို ငေးကြည့်နေသည်။

"ကိုယ် ကျောင်းသွားတက်ရတော့မယ်"

"ဟုတ်လား"

မိနိုင် မျက်ဝန်းလေးတွေက ချက်ချင်းမှုန်မှိုင်းသွားကာ ဝမ်းနည်းအားငယ်ရိပ်တွေလည်း ပြည့်နှက်လို့လာလေသည်။

"ကျောင်းတက်မယ်ဆိုတာ ဟိုမှာ သွားနေရမှာပေါ့နော်"

"အင်း . . . အဆောင်မှာပဲသွားနေမယ် စိဝ်ကူးတယ်။ အမေက ဦးလေးအိမ်မှာ သွားနေနိုင်းတာ။ ကိုယ်က မနေချင်လို့။ ဦးလေးက အငှားကားမောင်းနေတာဆိုတော့ အိမ်မှာ သိပ်မရှိဘူး။ သူ့ မိန်းမနဲ့ကလေးတွေပဲရှိတာ"

"အင်းပေါ့ . . . သူများအိမ်မှာဆိုတော့ အနေကျဉ်းကျပ်မှာပေါ့"

မိနိုင် အလိုက်အထိုက်လေး ပြောနေရပေမယ့် ရင်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတော့ ကိုလတ်မရှိရင် မိနိုင်ဘဝက ဒီထက် ခြောက်သွေ့အထီးကျန် သွားတော့မည်ဆိုတာ အလိုလိုသိနေပြီမို့ ငိုချင်နေမိ၏။

"ကိုယ် မရှိဘူးဆိုပြီး အားငယ်မနေနဲ့နော်။ ကျောင်းပိတ်တာနဲ့ ပြန်လာခဲ့မယ်"

နှစ်သိမ့်အားပေးနေတဲ့ သူ့ကိုယ်တိုင် အသံတွေက မသိမသာ တုန်ချင်နေသည်။

တကယ်ဆို ဖခင်ဖြစ်သူ ဆုံးပါးသွားလို့ အားငယ်နေရှာသည့် မိနိုင် ဘေးနားမှာနေပြီး သူ နှစ်သိမ့် အားပေးချင်လှသည်။ ဒါပေမဲ့ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရတဲ့ အခြေအနေမို့ ဘဝရှေ့ရေးအတွက် ခဏတော့ ခွဲခွာထားရစ်ရဦးမည်။ ပညာတွေ စုံရင် ဒီရွာ၊ ဒီမြေကို အရောက်ပြန်ခဲ့မှာပါ မိနိုင်ရယ်လို့ သူ အသံတိတ် ကတိတွေပေးနေမိ၏။ နှုတ်ကတော့ ဘာဆက်ပြောရမယ်မှန်းတောင် မသိလောက်အောင် ဆွံ့အနေရသည်။

"ကိုလတ်"





သူ့ မိနိုင် မျက်နှာကို စိတ်မကောင်းစွာ ငုံကြည့်လိုက်သည်။

"ဘယ်ကို ရောက်ရောက် မိနိုင်ကို မေ့မသွားပါနဲ့နော်။ ကိုလတ် ပြန်အလာကို မိနိုင် မျှော်နေမှာ"

"ဟာ . . . မိနိုင် မငိုနဲ့လေ"

"မိနိုင် ဝမ်းနည်းလွန်းလို့ပါ ကိုလတ်ရယ်"

"ဝမ်းနည်းစရာမှ မဟုတ်တာကွာ။ ဒီမှာ ဒါလေးကို ယူထား၊ ကိုလတ် ရေးထားတာ။ ဒီစာလေးလိုပဲ မိနိုင်ကို ဘယ်တော့မှ မမေ့ဘူး။ အဲဒါ ယုံ"

ကိုလတ်က မိနိုင်ပါးပေါ်က မျက်ရည်တွေကို ဖယ်ရှားပေးရင်း မိနိုင်ခေါင်းလေးကို ပုတ်ကာ နှစ်သိမ့်ရှာသည်။

ဒီလို တယုတယ ကြင်နာတတ်တာတွေကြောင့်ပဲ မိနိုင် ကိုလတ်ကို အားကိုးတွယ်တာခဲ့သည် ထင်ရဲ့။

ကိုလတ်ရယ် ဘယ်ကိုရောက်ရောက် မမေ့ပါနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၇ )

ပျင်းရိငြီးငွေ့ဖွယ်အချိန်တွေက တဖြည်းဖြည်း ကုန်ဆုံးသွားသည်။ ကိုလတ် ကျောင်းသွားတတ်တာ လေးလပြည့်သွားလို့ ကျောင်းပိတ်ပေမယ့် ကျူရှင်တက်နေလို့ဆိုပြီး ပြန်မလာနိုင်။

ဒီနေ့တော့ ရန်ကုန်ကိုသွားတဲ့ မျိုးနိုင် ပြန်လာမှာမို့ ကိုလတ်ဆီက စာလေးဘာလေးများ ပါလာလေမလားဆိုပြီး မိနိုင် ရွာဘက်ကိုချည်း လည်တဆန့်ဆန့် မျှော်နေမိ၏။

———ရွှေပေအေသာ———



"အခုမှဆယ့်နှစ်နာရီပဲရှိသေးတယ်ဟဲ့။ အလုပ်ကို စိတ်ပါလက်ပါလုပ်စမ်းပါ။ နေ့ရှိတုန်းလုပ်ရတာ။ ချောင်းဝကို တမျှော်မျှော်လုပ်မနေနဲ့"

ဒေါ်လေးသင်းမြိုင် စကားက မိနိုင်ကို ပိုပြီးပင်ပန်းသွားစေသည်။

နဖူးမှ စီးကျလာသော ချွေးစက်တွေကို လက်ခုံနဲ့ သုတ်ရင်း ချောင်းစပ်ဆီကို မျှော်ကြည့်မိတော့ ပိုက်တန်းတွေ ရှင်းနေသည့် လှေသမား တစ်ယောက်စ နှစ်ယောက်စကိုသာ တွေ့ရ၏။

"အချိန်ကလည်း ကုန်ခဲလိုက်တာ"

မိနိုင် နှုတ်က ခပ်ညည်းညည်းလေးပြောရင်း ငါးခြောက်ပြားတွေကို သွက်သွက်လက်လက် ဖြန့်လှမ်းလိုက်သည်။

"မျှော် . . . မျှော် . . . လည်ပင်း ညောင်ရေအိုးလောက်ဖြစ်လာဦးမယ်။ ဟိုက တက္ကသိုလ်ကျောင်းသား။ မြို့မှာ အချောအလှတွေက ပေါပါဘိသနဲ့"

———ရွှေပေအေသာ———

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးပြောသမျှ စကားတွေထဲမှာ ဒီစကားကို မိနိုင် အသည်းအနာဆုံးပင်။

ကိုလတ် ရေးပေးလိုက်တဲ့ စာတွေထဲမှာ ကျောင်းစာတွေ ဘယ်လောက်စက်တယ်ဆိုတာ အရေးကြီးတယ်ဆိုတာနဲ့ မိနိုင်ကို ဘယ်လိုသတိရတယ် ဆိုတာတွေသာပါသည်။

ကိုလတ်ဟာ စာကလွဲလို့ တခြားကိစ္စတွေကို စိတ်ဝင်စားမည့် လူမျိုးလည်း မဟုတ်ချေ။

"ညောင်ရေအိုးမကလို့ ရေတကောင်းပဲဖြစ်ဖြစ် မျှော်မှာပဲ"

"မျှော်ပါတော် . . . မျှော်ပါ"

မိနိုင်ရဲ့ အရွဲ့တိုက်စကားကို ဒေါ်လေးကလည်း ဆေးလိပ်ဖွာမပျက် ခပ်ငေါ့ငေါ့ပဲ ပြန်ပြောလေသည်။

"မိနိုင်"

"ဟယ် . . . ဟိုမှာ မျိုးနိုင်တော့"

မိနိုင် ငါးခြောက်တောင်းကြီး ပစ်ချပြီး ဝမ်းသာအား





ရ ပြေးလာခဲ့သည်။

"ဟဲ့ . . . နင် ဘယ်တုန်းက ပြန်ရောက်တာလဲ။ ကြီးကြီးညို့ရော ကိုလတ်နဲ့နေခဲ့လား။ ငါ့ကိုရော ဘာမှာလိုက်သေးလဲ။ သူရော နေကောင်းတယ် မှတ်လား။ ငါ ပေးလိုက်တဲ့စာရော ပေးလိုက်လား"

"နေပါဦးဟာ . . . နင်မေးတာတွေကို ငါ ဘယ်က စဖြေရမှန်းတောင် မသိဘူး။ ကြီးကြီးညို့ ဟိုမှာနေခဲ့တယ်။ ဟိုဟာလေ။ ငါ ဘယ်ကစပြောရမှန်းမသိဖြစ်နေတာ။ ကိုလတ်လေ . . . ကိုလတ်လေ"

"ကိုလတ် ဘာဖြစ်လို့လဲ။ မြန်မြန်ပြောစမ်းပါဟဲ့။ ဘာဖြစ်လို့လဲ"

"ကိုလတ် . . . ကိုလတ် ဆုံးပြီဟ"

"ဘာ"

မိနိုင် ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင် ဖြစ်မိကာ မျက်လုံးအစုံက ပြာဝေမှုန်ဝိုက်သွားရ၏။

"နင် . . . နင် မနောက်နဲ့နော်။ မျိုးနိုင် ကိုလတ်က



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့သေရမှာလဲ"

"တကယ်ပြောတာ။ ကိုလတ် ကားမှောက်လို့ ဆုံးပြီ။ ရုပ်ပျက်၊ ဆင်းပျက် ဖြစ်နေလို့ ဟိုမှာပဲ သင်္ဂြိုဟ်လိုက်ရတယ်။ ကြီးကြီးညိုက စိတ်ထိခိုက်ပြီး အိပ်ရာထဲ လဲသွားတော့တာပဲ။ သပိတ်သွတ်တာတော့ ဘယ်မှာလုပ်မလဲ မသိဘူး"

"ဘုရားရေ . . . ဒါဆို ကိုလတ် သေတာ တကယ်ပေါ့။ ဟုတ်လား မျိုးနိုင်။ တကယ်ပဲလားဟင်"

ပြောရင်း မိနိုင် မျက်ရည်တွေ တစ်ပေါက်ချင်း လိမ့်ဆင်းပြိုကျလာသည်။

မျိုးနိုင်ခမျာလည်း မျက်ရည်တွေဝဲလို့။

မယုံနိုင်စရာ ကောင်းလိုက်တာ။

မိနိုင် ဘယ်လိုယုံမှာလဲ ကိုလတ်ရယ်။

"ဟင့်အင်း . . . ကိုလတ် မသေရဘူး။ ကိုလတ် မသေရဘူး"

မိနိုင် ကယောင်ကတမ်း အော်ဟစ်ရင်း ခွေခနဲ





လဲကျသွားရလေတော့သည်။

"မိနိုင် . . . မိနိုင်။ ဟာ . . . လာကြပါဦးဗျို့၊ မိနိုင် ခေါ်လို့မရတော့ဘူး"

မျိုးနိုင် အော်သံကြောင့် တံငါတန်းက လူတွေ အားလုံးပြေးလာကြသည်။

"ဟဲ့ . . . ဘာဖြစ်သွားတာလဲ မျိုးနိုင်။ ဘာတွေ ဖြစ်ကုန်တာလဲ"

"ကိုလတ် ဆုံးပြီလို့ကြားတာနဲ့ အခုလို ဖြစ်သွားတာပဲ"

"ဟင်"

"အို"

"ကိုလတ် . . . ဟိုကလေး မစိမ်းညိုသား တက္ကသိုလ်တက်နေတဲ့ ကလေးလား"

"ဟုတ်တယ် . . . ကြီးကြီး"

"ဟယ် . . . ဖြစ်မှဖြစ်ရလေ။ မစိမ်းညိုတော့ အရူးမီးဝိုင်းဖြစ်ပြီ။ ယောက်ျားက လေဖြတ်ထားလို့ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



မကောင်းရတဲ့အထဲ"

အားလုံး စုတ်တသပ်သပ် ရင်နင့်မဆုံးဖြစ်နေရျိန်မှာ မိနိုင်ကတော့ အသိတရားကင်းမဲ့လျက် . . .



## အခန်း ( ၁၈ )

ဒိုင်ယာရီစာအုပ်ရဲ့ နောက်ထပ် စာမျက်နှာတစ်ခုကို ဖတ်မိတော့ နေ့အကြောင်းရေးထားတာ တွေ့လိုက်ရသည်။

နေ့ခြေထောက်မှာ အမာရွတ်ကလေးရှိနေတာကိုလတ်နဲ့ သိပ်တူတာပဲတဲ့။

ကြည့်စမ်း . . . နေ့ခြေထောက်မှာ အမာရွတ်ရှိသလား မရှိသလားတောင် သက်လျာ မသိဘဲ မိနိုင်က သတိထားမိနေတာ တော်ရုံ အာရုံစိုက်မှုမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သက်လျှာ ဒိုင်ယာရီစာအုပ်ကို ဖျတ်ခနဲ ပိတ်ကာ ထိုင်ရာမှထလိုက်သည်။ လက်က ကားသော့ကို အလို အလျောက် ကောက်ယူလိုက်မိတော့ ဖြူမက တစ်ခုခုကို စိုးရိမ်သွားမိသလို မျက်လုံးပြူးကလေးနှင့် ကြည့်နေသည်။

ဒီကိစ္စကို အစဖော်သူက သူမဆိုတော့ ပြဿနာ တွေတက်ကုန်မှာ ကြောက်နေပုံမျိုးပင်။

စိတ်ထဲမှလည်း . . .

"ဒုက္ခပါပဲ။ အဲဒီ မိနိုင်က မလှုပ်တလှုပ်နဲ့ အစ်ကို နေလကျော်ကိုမှ သွားမှန်းနေတယ်။ ပြဿနာတွေတော့ တက်တော့မှာပဲ။ မမသက်လျှာနဲ့ လက်ထပ်မယ့်သူပါလို့ ငါ အတန်တန် ပြောထားရက်နဲ့"

ဟု . . . ကျိတ်တွေးမိကာ ပူပန်နေရလေသည်။

သက်လျှာကတော့ သက်ပြင်းကို အကြိမ်ကြိမ် ရှိုက်ရင်း ကားကို နေတို့အိမ်သို့ ဦးတည်မောင်းနှင်လာခဲ့ သည်။

မိနိုင်ကတော့ ဘာမျှမသိရှာ။ နေလကျော် သိပ်ကို





သိချင်ပါသည်ဆိုသော ကိုလတ်အကြောင်းကို မငိုမိအောင် ထိန်းရင်းအစအဆုံး ပြောပြနေမိသည်။

စကားဆုံးသွားတော့ ခပ်တွေတွေ ငေးငိုင်နေ သော သူ့ကိုကြည့်ရင်း . . .

"မှတ်မိလားဟင်"

လို့ အမှတ်တမဲ့ မေးမိပြန်သည်။

သူ ခေါင်းကို ခပ်လေးလေးခါလိုက်သည်။ သည် တော့ မိနိုင် ငိုရပြန်သည်။

တကယ်လို့ ကိုလတ်ဖြစ်နေခဲ့ရင်တောင် ပြန်ပြီး သတိမရစေချင်တော့ပါဘူး။

ဘာမှမရှိတဲ့ သုညဘဝထဲကို မှတ်မိပြန်လာတာ ထက်စာရင် ခုလိုဘဝမျိုးနဲ့သာယာပျော်ရွှင်တာက အကောင်း ဆုံးပါလေ။

"နေ"

သက်လျှာရဲ့ ခေါ်သံကြောင့် သူရော မိနိုင်ပါ အလန့်တကြား လှည့်ကြည့်မိကြသည်။ ထမင်းစားစားပွဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်နေမိသော မိနိုင်မှာ သက်လျာကို မြင်တော့ ထိုင်မရ လို ထရမလို ဖြစ်သွားရှာလေသည်။

"ဒီမှာ စကားကောင်းနေတာနဲ့ သက်လျာ လာတာ မသိလိုက်ဘူး"

သူက ရိုးရိုးသားသားပြောလိုက်ပေမယ့် သဝန်တို စိတ်တွေ သံသယတွေ တနင့်တပိုးသယ်လာရသူ သက်လျာ မှာ မပြုံးနိုင်။

မိနိုင်မျက်နှာကို ပြုံးမဲ့မဲ့လေး စိုက်ကြည့်ပြီး . . .

"နင်က ဒီလောင်တောင် အတင့်ရဲနေပြီပေါ့။ ဟုတ် လား မိနိုင်"

ဟု . . . မေးလိုက်သောကြောင့် မိနိုင်မျက်နှာက သွေးဆုတ်ဖြူရော်စွာ ဖွေးကျသွားသည်။

"သက်လျာ ဘာဖြစ်လာတာလဲ။ ကျွန်တော့်ကို ပြောပြဦးလေ။ မိနိုင်မှာ ဘာအပြစ်ရှိလို့လဲ။ ဘာတွေလုပ် နေလို့လဲ"

"နေ မသိပါဘူး။ သူ ဘာအကြံအစည်နဲ့ ဒီလိုတွေ



လုပ်တာလဲဆိုတာ သက်လျာ သိနေတယ်"

"မမ . . . မမ ပြောနေတာ မိနိုင် တကယ် နားမ လည်ပါဘူး မမရယ်။ မမ ထားရာနေ စေရာသွားရမယ့် သူပါ။ ဘာအကြံအစည်မှလည်း မရှိပါဘူး"

"တော်စမ်း . . . နင် ငါ့ကို အဲလို မျက်ရည်ခံထိုးဖို့ မကြိုးစားနဲ့။ နေဟာ အတိတ်မေ့ ဝေဒနာသည်တစ်ယောက် ဆိုတာသိလို့ အဲဒီအားနည်းချက်ကို အသုံးချပြီး နေ့ကို အရ ယူဖို့ ကြိုးစားနေတယ်ဆိုတာ ငါသိတယ်"

"မဟုတ်ရပါဘူး မမရယ်။ မိနိုင် အဲလိုမလုပ်ရဲပါ ဘူး။ မမကို အဲလိုကျေးဇူးကန်းတဲ့အလုပ်မျိုး"

"တော်ပါတော့ဟယ် . . . နင် အဲလို အညာအစွဲ ကောင်းလို့ ငါ့မှာ မျက်စိစုံမှိတ်ယုံခဲ့ရတာ။ နေရှိနေတဲ့ ဒီ အိမ်မှာတောင် စိတ်ချလက်ချလာထားတာ။ ခုတော့ နင်က အပိုင်စည်းရုံးဖို့ အခွင့်အရေးရနေတာပေါ့ ဟုတ်လား"

စောင့်စည်း ထိန်းသိမ်းခဲ့တဲ့ ဣန္ဒြေသိက္ခာဆိုတာ တွေ ဘယ်ဆီရောက်ကုန်ပြီမသိ။

www.burmeseclassic.com

www.burmeseclassic.com



သက်လျှာ အရူးတစ်ယောက်လို အော်ဟစ်ရင်း မျက်ရည်တွေလည်း ကျလာသည်။

ကိုယ်က တစ်သက်လုံး အမြတ်တနိုး မျှော်လင့်စောင့်စားခဲ့ရသူ။ သူ့လို ပါးစပ်ရာဇဝင်မျိုးလည်းမဟုတ်။

နေလကျော်ဆိုတာ မှတ်မိတဲ့ အရွယ်ကတည်းက သက်လျှာအသည်းမှာ ကမ္ပည်းထိုးခဲ့ရတဲ့ သူငယ်ချင်းအချစ်ဦး။ သူ့ကြောင့် ဘယ်လောက် စိတ်ပျက် ရင်မောရပါစေ မေ့ဖျောက်လို့မရနိုင်ခဲ့တာ အသက်မက ချစ်လွန်းလို့။

"သက်လျှာ ထင်ရာတွေလျှောက်မစွပ်စွဲပါနဲ့။ တစ်ဖက်သား နစ်နာပါတယ်"

နေက မိနိုင်ဘက်ကဝင်ပြီး ကာကွယ်ပြောဆိုလိုက်တာမို့ သက်လျှာရင်ထဲ စူးခနဲ အောင့်မျက်နာကျင်သွားရသည်။

"နေ . . . နေကတောင် မိနိုင် ပုံပြင်ထဲမှာ နစ်မျောနေပြီပေါ့ ဟုတ်လား။ သူပြောတာတွေ ယုံနေပြီလား။ သက်လျှာကပဲ သဘောထားသေးသိမ်တဲ့ မိန်းမ တစ်



ယောက်ဖြစ်သွားပြီပေါ့။ မတန်မရာကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားနေတာ။ သက်လျှာ လက်ပိုက်ကြည့် မနေနိုင်ဘူး"

"တော်တော့ . . . သက်လျှာ။ ခင်ဗျား စကားတွေ သိပ်ကို လွန်လွန်းနေပြီ။ မိနိုင်က ကျွန်တော့်အပေါ်မှာ သိပ်ကို ရိုးသားဖြူစင်ခဲ့တာ။ မရိုးသားတာက ကျွန်တော်။ မိနိုင်ကို ကျွန်တော် ချစ်နေတာကြာပြီ။ စတွေ့ကတည်းကပဲ"

"အို"

"ဟင်"

ခုတ်ရာတခြား ရှရာတလွဲတွေ ဖြစ်ကုန်တာမို့ သက်လျှာ မှင်တက်ဆွံ့အသွားရလေသည်။

ဆူဆူညံညံအသံတွေကြောင့် ဗိုးရဲနှင့် ထွက်လာသော ဒေါ်ခင်မြတ်မေမှာ နေ့စကားကြောင့် ရင်ဝကို အကန်ခံရသလို မရှုနိုင်မကယ်နိုင် ဖြစ်သွားပုံနှင့် မျက်လုံးကြီးပြူးကာ မိနိုင်ထံသို့ စူးစူးဝါးဝါး လှမ်းကြည့်လိုက်မိ၏။

တစ်နေ့မှာ ချွေးမလောင်းလေး ဖြစ်ကို ဖြစ်ရမယ်ဟူသော သန္နိဋ္ဌာန်နှင့် အရိပ်တကြည့်ကြည့်ရှိခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com



သက်လျာရှေ့မှာ ကိုယ့်ဘက်ကလူ ပြောချလိုက်ပုံက . . .

"ကောင်းကြသေးရဲ့လား"

"မိနိုင် . . . ညည်း . . . ညည်း တော်တော် ဖြုပ်ဖွေ ပါလား။ ငါ အတန်တန် ဆုံးမထားရက်နဲ့ ငါ့တူကိုမှ တက်မုန်း တယ်"

"မေခင် . . . မိနိုင်ကို ဘာမှမပြောပါနဲ့။ သူ့မှာ အပြစ်မရှိဘူး။ သား သူ့ကို ချစ်တာ သန့်စင်တယ်။ သူ ဘာမှ သားကို ဖြားယောင်းခဲ့တာမရှိဘူး"

"အမယ်လေး . . . အမယ်လေး။ ကျွန်ယုံ တစ်ဖက် ကန်း၊ သားသမီးယုံ စုံလုံးကန်းပြီ။ နေ မင်း ဘယ်လို လေသံ နဲ့ ငါ့ကို ပြောလိုက်တာလဲ"

"ရှက်ဖို့ ကောင်းလိုက်တာ။ သက်လျာ သေသွား ရင် ကောင်းမယ်"

"အို . . . သက်လျာ သေစရာမလိုပါဘူး။ စိတ်အေး အေးထား သမီး။ ဒီကိစ္စက မိနိုင် မရှိရင် အေးသွားမှာပဲ။ ခြေနှစ်ချောင်း မကယ်ကောင်းတဲ့။ ဟင် . . . အခုတော့





ကျေးရူးတွေကန်းနေပြီ။ မင်းလေ့တော့ မဆယ်ဖူးပါဘူး။ လူ ဝင်စားကယ်မိလို့ အခု သောက ရောက်ရတာ"

ဒေါ်ခင်မြတ်မေက ဝိုးရဲနှင့်မို့။ ပကာတိ ထနိုင် သွားနိုင်လျှင် မိနိုင်ကို အမှုန့်ချေပစ်မလားတောင်မသိ။

"ဒီကိစ္စတွေဟာ မိနိုင်ကြောင့်ဆိုရင် မိနိုင် ဒီက ထွက်သွားပါ့မယ် အန်တီကြီးရယ်"

"အေး . . . ထွက်သွားရမှာပဲ။ လူဆိုတာ ကိုယ့်ဘဝ ကိုယ် မသိတာအဆိုးဆုံးဘဲ"

မိနိုင် သိလွန်းလို့ ခက်နေတာပါ။ အန်တီကြီးရယ် လို့ စိတ်ထဲမှသာ ပြန်ပြောဖြစ်လေသည်။

မိနိုင် မျက်ရည်ကျပေမယ့် မရှိုက်ဖြစ်တော့။

မျက်ရည်ခံထိုးတယ်လို့ စွပ်စွဲနေတဲ့လူတွေရှေ့မှာ မိနိုင် ငိုကိုမငိုချင်တာပါ။

"အန်တီကြီးနဲ့ မမသက်လျာကို မိနိုင် ကန်တော့ခဲ့ ပါတယ်။ မိနိုင် မိုက်မှားစော်ကားမိတာရှိရင်"

"အို . . . ဘာမှ ကန်တော့နေစရာမလိုဘူး။ သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



သာ သွားစမ်းပါအေ”

“မိနိုင်မှာ ဘာအပြစ်မှ မရှိဘူး။ မေခင် သူ့ကို နှင်မထုတ်ပါနဲ့။ အမိက.က ကျွန်တော် သက်လျာကို လက်ထပ်ရင်ပြီးတာပဲ မဟုတ်လား”

ရက်စက်လိုက်တာ နေရယ်။

သက်လျာလိုချင်တာ နေ့အချစ်နဲ့ မေတ္တာလေ။

သက်လျာလိုချင်တာကို တခြားတစ်ယောက်ကို လက်လွှတ်စပယ် ပေးပစ်လိုက်ပြီးမှ သက်လျာကို တာဝန်ကျေ လက်ထပ်ဦးမလို့လား။

“နေ . . . မင်း ငါ့ကို သွေးတိုးပြီး ဒီနေရာမှာလဲ သေသွားတာ မြင်ချင်လို့လား”

ဒေါ်ခင်မြတ်မေ စကားအဆုံး သူ့ခြေထောက်တွေက ထိုနေရာမှာပဲ ရပ်တန့်သွားခဲ့ရသည်။

“သမီးသက်လျာ မိနိုင်ကို ပြန်ပို့ပေးလိုက်ပါကွယ်”

အရာအားလုံးသည် တဒင်္ဂအတွင်းမှာ နေသားတကျ။

———ရွှေအသ———



## အခန်း ( ၁၉ )

ဒေါ်ခင်မြတ်မေရဲ့ စကားအဆုံး ဒေါ်သွင်စက်ဝေမှာ သက်လျာထားခဲ့သော မိနိုင်ရဲ့ ဒိုင်ယာရီနှင့် ဓာတ်ပုံကို တစ်လှည့်စီကြည့်ကာ အသက်ရှူရမှာမေ့သလို ဖြစ်သွားရသည်။

“ဘုရား . . . ဘုရား . . . မမ ရှင်းလိုက်နိုင်လို့ တော်သေးတာပေါ့။ နို့မို့ဆို သွင်တို့ တစ်သက်လုံး မျိုသိပ်လျှို့ဝှက်ထားရမယ့် ကိစ္စတစ်ခုလုံး ပေါက်ကြားကုန်တော့မလို့”

———ရွှေအသ———

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ တီးတိုးစကားသံတွေကြောင့် နေ ခြေ လှမ်းတုံ့လျက် ရပ်တန့်နားစွင့်နေမိလေသည်။

"သက်လျာလေးသာ မသက်သာစိတ်ဝင်သွားရင် ငါ တို့ အစီအစဉ်တွေ အားလုံးပျက်ပြီ။ ဒါနဲ့ ဒီအိမ်နဲ့ ခြံဂရံပေါင် ထားတာ ဘယ်တော့ အချိန်ပြည့်မှာလဲ"

"ရှေ့လဆန်း မမရဲ့၊ အဲဒါကြောင့် သားကို သက်လျာနဲ့ လက်ထပ်ဖို့ အပူတပြင်းလုပ်နေရတာပေါ့။ ကိုယ့်ချွေးမလေးဖြစ်သွားရင် သူ့မှာရှိတာလေးတွေ ထုတ်ပြီး ဒီစီးပွားရေးကို အဖတ်ဆည်ဖို့ ပြန်ကြိုးစားရဦးမယ်"

"ဒါ . . . ကျုပ် အစီအစဉ်ကောင်းလို့နော် မိသွင်။ ညည်းလိုဆို သားအလောင်းပိုက် ဆွေးနေတာနဲ့၊ ဘာမှ အကွက်ချနိုင်မှာ မဟုတ်ဘူး"

ဒေါ်သွင်ခက်ဝေ သက်ပြင်းရှိုက်ရင်း ခေါင်းညိတ် သည်။

ဟုတ်ပါတယ်လေ။

အဲသည်အချိန်က လင်လည်း သေ၊ သားလေး





လည်းဆုံးမို့ မပဒါလက်သစ်ဖြစ်နေခဲ့ရတာနဲ့ ဘာကိုမှ လှည့် မကြည့်နိုင်။ တိုက်ဆိုင်ချင်တော့ သားတို့ကားနဲ့ ခေါင်းချင်း ဆိုင်တိုက်မိပြီး ကားပေါ်က လွင့်စင်ထွက်ကျနေတဲ့ ကလေး ဟာ သားနေလက်ျာနဲ့ တစ်ထေရာတည်း တူနေသည်။

ကိုယ့်သားလေးအလောင်းက ရုပ်ပျက်ဆင်းပျက်မို့ ဘယ်သူမှန်းတောင် မမှတ်မိနိုင်။

ဟိုကလေးက ဆေးရုံမှာ ပိုင်ရှင်မဲ့လူနာအဖြစ် သတိမရသေးတဲ့အချိန်မှာ သားလေးမှတ်ပုံတင်နဲ့ ပိုက်ဆံ အိတ်ကို သူ့အိတ်ထဲသွားထည့်ပြီး ဟိုကလေးရဲ့ စာအုပ် လွယ်အိတ်နဲ့ ကျောင်းသားကတ်ကို သားအလောင်းနားမှာ ထားရုံနဲ့ အရှုံးတစ်ပိုင်းဖြစ်နေသော သွင့်ကို မမက ဖြေသိမ့် ဖို့ကြိုးစားရှာသည်။

ကံက ကိုယ့်ဘက်ပါလို့ ထင်သည်။ ဟိုကလေး သတိပြန်ရတော့ လုံးဝ အတိတ်မေ့သွားတာမို့ နေလက်ျာ အဖြစ်သာ သူ့ကိုယ်သူ လက်ခံလိုက်ရသည်။

ကိုယ့်သားအလောင်းကို သဂြိုဟ်တော့ ရဲရဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



တင်း မငိုရဲဘဲ အဝေးကလှမ်းကြည့်ပြီး မျက်ရည်ကျခဲ့ရတဲ့ သွင်။ ခုတော့ ဒီကောင်လေးကိုပဲ သား နေ အဖြစ် ရင်ထဲမှာ ချစ်ခင် တွယ်တာလို့ရနေပါပြီ။

ရှပ်ရည်ချင်းကလည်း ခွဲမရအောင် တူနေသည်ကိုး။

"မမရယ် မိနိုင်စာအုပ်ထဲမှာ ရေးထားတာ ဇော်လတ်အောင်ဆိုတဲ့ ကလေးက ခြေသန်းနားမှာ အမာရွတ်လေးရှိတယ်တဲ့။ နေ့မှာ အဲလိုမှမရှိတာ။ သက်လျာက အဲဒါ သိထားတယ်နော်"

ဒေါ်သွင်ခက်ဝေ စကားအဆုံး သူ ကိုယ့်ခြေထောက်ကို ငုံ့ကြည့်လိုက်သည်။

ဟုတ်တာပေါ့။

ညာဘက်ခြေသန်းမှာ အမာရွတ်လေးတစ်ခုက ထင်းနေအောင်ရှိတာပဲ။

သူ ရင်ခုန်စိတ်လှုပ်ရှားစပြုလာသည်။

အာခေါင်တွေ ခြောက်ပြီး ရေငတ်လာသလိုပင်။





"ညည်းနှယ်အေ . . . အ.ရန်ကော။ ဒါ ကားမှောက်တုန်းကရတဲ့ ဒဏ်ရာလို့ပြောရင် ရတာပဲဟာ။ ခြေထောက်တင်မဟုတ်ဘူး။ လက်မှာလည်း ခြစ်ရာ၊ ရှရာတွေရှိတာပဲ"

"အင်း . . . ဟုတ်တယ်နော်။ သွင်က စိုးရိမ်လို့ပါ မမရယ်။ ဒီကောင်မလေးကလည်း အိမ်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာရတယ်လို့။ တော်သေးတာပေါ့။ ဒီကိစ္စပေါ်သွားရင် သွင်တို့ အမှုအခင်းတွေဘာတွေ ဖြစ်နိုင်လားဟင်။ သေတဲ့လူနဲ့ရှင်တဲ့လူ လဲထားတဲ့ ကိစ္စကြီးကို"

"ဟဲ့ . . . ဆေးရုံပေါ်မှာ အတိတ်မေ့နေတုန်းက ဒီကောင်လေးရဲ့ မိဘဆွေမျိုးတွေ ဘယ်မှာပေါ်လာလို့လဲ။ ပြီးတော့ သူရော၊ တို့သားရော ကားပေါ်က စင်ထွက်ပြီး ကျနေတာချင်းအတူတူ ဘယ်ဟာက ဘယ်သူမှန်းသိတာ မဟုတ်ဘူး။ သက်သေ အထောက်အထားတွေကလည်း သူ့ဟာလိုလို ကိုယ့်ဟာလိုလို ပြန့်ကျဲနေတာ။ အဲဒီတုန်းက ငါလည်း သားမသေဘူးဆိုပြီး ညာချင်ရုံသက်သက်နဲ့ လုပ်ခဲ့တာ။ အမှုဖြစ်လည်း မတတ်နိုင်ဘူးအေ။ ဒီအကြောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စရာလည်း မရှိတော့ပါဘူး။ ဟိုကောင်မလေးလည်း နောက်ထပ်ပြန် မလာရဲတော့ပါဘူး"

သူ့ စကားတွေကို ရှေ့ဆက် နားထောင်နိုင်စွမ်းမရှိတော့။ ကိုယ့်ဘဝက သူများကြိုးဆွဲတိုင်းကရသည့် ရုပ်သေးရုပ်ဘဝမျိုး ရောက်နေခဲ့တာပါလားလို့ သိလိုက်ရချိန်ဟာ ဒီလောက် ရင်နင့်စရာ ကောင်းမှန်းမတွေးမိခဲ့။

ရက်စက်လိုက်ကြတာ။

သူ့အပေါ် ဂရုစိုက် ချစ်ခင်နိုင်လွန်းတဲ့ အမေနဲ့ အဒေါ်လို့ ယုံကြည်ကိုးစားခဲ့ရသမျှ အားလုံး သွားပြီ။

ကိုယ်ဟာ သူတို့ စိတ်ဖြေဖျောက်ဖို့ အစားထိုး အရုပ်တစ်ရုပ်လည်း ဖြစ်ခဲ့ရသည်။

သူတို့ ကိုယ်ကျိုးစီးပွားအတွက် မချစ်မနှစ်သက်သူကို ဘုမသိဘမသိ လက်ထပ်ပေါင်းသင်းရမည့် အဖြည့်ခံတစ်ယောက်လည်း ဖြစ်ရဦးမည်။ လောကကြီးက သူ့အပေါ် မတရားလိုက်တာ။

မိနိုင် ပြောပြပုံတွေအရ သူ့စိတ်နဲ့ အသက်ဆုံး





သွားရသည့်ဖခင်နဲ့ သွက်သွက်ခါ ရှုံးသွားရသည့် မိခင် ကျတော့ သူတို့စီမံဖန်ဆင်းသည့် ပဋ္ဌလက်လှည့်ကွက်တွေကြားမှာ ဘဝက မလှမပဖြစ်ရရှာသည်။

တွေးရင်း သူ့ နာကြည်းခါးသီးသွားမိသည်။

သူ့အတိတ်မေ့နေတာကို ကောင်းကောင်းအသုံးချပြီး ကိုယ်ကျိုးရှာသူတွေက ဘယ်သူလဲ။

သူ ဘာလုပ်သင့်သလဲ။

"ဒေါ်ခင်မြတ်မေနဲ့ ဒေါ်သွင်ခက်ဝေ"

"ဟဲ့ . . . အို"

"သား"

အခန်းဝမှာ မားမားကြီးပေါ်လာသည့် သူ့ကို ကြည့်ရင်း သူမတို့နှစ်ယောက် အံ့ဩထိတ်လန့်သွားလေတော့၏။

"ကျွန်တော့်ကို သားလို့ မခေါ်ပါနဲ့ဗျာ။ အဒေါ်ကြီးတို့ ဘာလို့ ကျွန်တော့်ကို လိမ်ညာရတာလဲ။ အခုဆို အဖေက ကျွန်တော့်စိတ်နဲ့ သေသွားပြီ။ အမေက အရူးမကြီးဖြစ်နေရှာတယ်။ အဒေါ်ကြီးတို့ မိဘချင်း ကိုယ်ချင်းစာရတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိတ်ကလေးထားရင် ဒီလိုရင်နင့်စရာတွေ ဖြစ်လာမှာ မဟုတ်ဘူး"

"အို . . . သား . . . သား ဘာတွေပြောနေတာလဲ။ မေခင်တို့ မေသွင်တို့ကို အဒေါ်ကြီးတဲ့ သား။ သူများ သွေးထိုးတဲ့ စကားကို မယုံပါနဲ့ကွယ်"

"ကျွန်တော် ဘယ်သူ့စကားမှ ယုံလို့ မဟုတ်ဘူး။ ကျွန်တော် မေ့နေတဲ့ အတိတ်ကအဖြစ်အပျက်တွေကို မိနိုင် ပြောပြတုန်းက ကိုယ်နဲ့မသက်ဆိုင်တဲ့ အဖြစ်အပျက်တစ်ခု၊ ပုံပြင်တစ်ပုဒ်လိုပဲ သဘောထားခဲ့တယ်။ အခုမှ ကျွန်တော့် ဘဝက သူများကြိုးဆွဲမှ ခြေလှုပ်၊ လက်လှုပ်ခွင့်ရတဲ့ ရုပ်သေး ရုပ်လို ဘဝမျိုးရောက်နေမှန်း သိရတော့တယ်"

"အို . . . သားရယ်"

"သားလို့ ထပ်ခါထပ်ခါမခေါ်ကြပါနဲ့။ ကျွန်တော် ကိုယ့်အိမ်ကို ပြန်ပါရစေတော့။ ရွာမှာ ကျွန်တော့်ကို အမျှော် ကြီးမျှော်နေရှာတဲ့ အမေရှိသေးတယ်"

"ဟင့်အင်း . . . မပြန်ရဘူး။ မပြန်ပါနဲ့ သားရယ်။





သားကို မေသွင်တို့ သားတစ်ယောက်လို တကယ်ချစ်မိနေ တာပါ။ သား ဟိုကို ပြန်သွားရင် မေသွင် ရင်ကွဲရလိမ့်မယ်"

"ကိုယ့် သားအရင်းတစ်ယောက်လုံး သေသွား တုန်းကတောင် ရင်ကွဲနာမကျဘဲ သွေးမတော်၊ သားမစပ်တဲ့ ကျွန်တော့်အလှည့်ကျမှတော့ ဘာမှ မဖြစ်လောက်ပါဘူး ဗျာ။ အန်တီတို့ရဲ့ စီးပွားရေး ထိခိုက်မှာကိုတွေးပူပြီး စိတ်ထိ ခိုက်နေတာကို ရောမရျပါနဲ့"

သူ့စကားတွေကြောင့် ဒေါ်ခင်မြတ်မေက ဆတ် ခနဲမဲ့ပစ်ရင်း . . .

"မင်းက စကားတွေသိပ်တတ်နေပါလား။ ကောင်း ပြီလေ၊ ငါတို့ ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကို မထောက် ဘဲ သွားမယ်ဆိုရင်တော့ သွားပေါ့။ ဆင်းရဲတွင်းကို ပြန် ဆင်းပြီး အရူးမသားအဖြစ် ပြန်နေချင်တာ တို့ကလည်း မတားတော့ပါဘူး"

"မမ ဘယ်လိုပြောလိုက်တာလဲ"

တစ်ချိန်က တယုတယ အချစ်ပိုမြတ်နိုး ဂရုစိုက်ခဲ့

www.burmeseclassic.com



တာ သူမ မဟုတ်တော့သလို ခက်ထန် ပြောင်းလဲသွားတဲ့ ဒေါ်ခင်မြတ်မေကို ကြည့်ပြီး သူ့အလွန်အံ့သြသွားခဲ့သည်။

"သွား . . . မင်းထွက်သွား။ ငါတို့ကို နှုတ်ဆက်တာတွေ ကန်တော့တာတွေ မလိုချင်ဘူး။ ငါတို့ မိသားစုမှာ မင်း ဘယ်တုန်းကမှ မရှိဘူးလို့ မှတ်လိုက်မယ်"

"မမ . . . မမ သားကို မနင်ပါနဲ့"

"ညည်း အသာနေစမ်း သွင်"

"သွားမှာပါ။ ကျွန်တော်ကလည်း ဒီအရိပ်မှာ တစ်စက္ကန့်တောင် မနေချင်ပါဘူး"

စကားအဆုံး သူ ရှာခန် ကျောခိုင်း လှည့်ထွက်လာခဲ့သည်။ ဒေါ်သွက်ခက်ဝေရဲ့ ရှိုက်သံက သူ့နောက်ကျောမှာ ကပ်ပါလာသယောင်။

စိတ်မကောင်းပေမယ့် မိဘရင်းတွေအတွက် ခံစားနေရတာက ပိုနေတာမို့ . . .

သူ လှည့်မကြည့်ဖြစ်တော့။





## အခန်း ( ၂၀ )

ပင်လယ်ကြီးကို ကြည့်ရင်း မိခိုင် မျက်ရည်တွေကို အားရပါးရ သွန်ချပစ်နေမိသည်။

ဝဋ်ကြွေးရှိရင် ကျေချင်ပါပြီ။

မိခိုင်လည်း သူ့လို အတိတ်ကို မေ့နေခဲ့ရင် အကောင်းသား။ သဲပြင်ပေါ်မှာ ငယ်ငယ်က စာတွေရေးပြီး ကစားခဲ့သလို လှိုင်းတွေတက်လာတာနဲ့ ပျက်ပြယ်သွားလျှင် ကောင်းလေစွ။ ခုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"မိနိုင်"

လေတွေ တဟူးဟူး တိုက်ခက်နေသည့် ကမ်းစပ်သို့ ပျံ့လွင့်လာသော ခေါ်သံတစ်ခု။

ဩော် . . . အတွေးထဲမှာတောင် သူ့အသံတွေ စိုးမိုးနေတုန်းပါလား။

"မိနိုင်"

နောက်ထပ် ခေါ်သံ။

"မိနိုင်"

အို . . . ဘုရားရေ တကယ်ပဲခေါ်နေသလား။

မိနိုင် ကမ်းစပ်မှ ထရပ်ရင်း ခေါ်သံလာဆီ လှမ်းကြည့်လိုက်သည်။ မိနိုင် တအံ့တသြ ရေရွတ်လိုက်မိတာက

"ကိုလတ်"

"မိနိုင်"

ဒါ . . .အိပ်မက်လား၊ တကယ်လား။

"မိနိုင်" လို့ တကြော်ကြော်ခေါ်ရင်း ပြေးလာသော ကိုလတ်ကို လှမ်းကြည့်ရင်း မိနိုင် မျက်လုံးထဲဝင်လာတာ။





မမသက်လျာရဲ့ ကားဖြူဖြူလေး။

ပြီးတော့ ကားဘေးမှာ လက်ပိုက်ရပ်နေသည့် မမသက်လျာ။

သူတို့ လက်ထပ်ပြီးသွားပြီလား။

မိနိုင်ကို လာနှုတ်ဆက်တာလားဆိုတဲ့ အတွေးကြောင့် ကမ်းစပ်မှာ ကျောက်ရုပ်ဖြစ်နေပါသော မိနိုင်။

"မိနိုင် ဘာကြည့်နေတာလဲ။ ကိုယ်အပြီး ပြန်လာတာလေ။ မိနိုင် မျှော်နေတဲ့နေရာကို အရောက်ပြန်လာတာပေါ့"

"ဘယ်လို"

မိနိုင် ဘယ်လိုနားလည်ရမှန်းပင်မသိတော့။

"ကိုယ်က မိနိုင်ရဲ့ကိုလတ်လေ"

"ဟင် . . . ကိုလတ် သတိပြန်ရပြီလား"

"သတိပြန်မရလည်း ဘာဖြစ်လဲ။ မိနိုင်ရယ် အတိတ်ဆိုတာ ကျန်ခဲ့ပြီပဲ။ မိနိုင် ပြောပြလို့ ကိုယ်အားလုံးသိခွင့်ရနေပြီပဲဟာ။ ကိုယ် မိနိုင်ဆီ အရင်ပြေးလာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့ မတွေ့ရသေးဘူး။ အမေသိရင် အရမ်းဝမ်းသာသွားမှာနော်"

မိနိုင် မျက်ရည်တွေ ကျလာမိသည်။

အလာကောင်းပေမယ့် အခါနှောင်းပြီ ကိုလတ်ရယ်။

မိနိုင် ဘယ်လိုပြောထွက်ပါ့မလဲ။

"မိနိုင် ကိုယ်တို့ အမေ့ဆီသွားရအောင်"

"ကြီးကြီးညို မရှိတော့ဘူး ကိုလတ်ရဲ့။ ကြီးကြီးညို ဆုံးပြီ"

"ဟင်"

မိနိုင် ပခုံးလေးကို ဆုပ်ညှစ်ရင်း ဝမ်းသာအားရ မျှော်လင့်နေသော ကိုလတ်မျက်နှာက ရုတ်ခြည်း ညှိုးကျသွားရသည်။

"အမေ ဆုံးပြီ . . . ဟုတ်လား"

မိနိုင် ရှိုက်ငိုရင်း ခေါင်းညိတ်ပြလိုက်သည်။

"မိနိုင် ရွာပြန်မရောက်ခင်ကတည်းက ကြီးကြီးညို

BURMESE CLASSIC .com



ဆုံးတာ"

ဖြစ်မှဖြစ်ရလေ အမေရယ်။ လောကကြီးမှာ အမေ့သား သက်ရှိထင်ရှား ရှိနေသေးတယ်ဆိုတာ အမေ မမြင်မတွေ့သွားခဲ့ရရှာပါလား။ သူ့ အံကို တင်းတင်းကြိတ်ထားပေမယ့် မျက်ရည်က တားမရ ဆီးမရ ကျလာသည်။

"ကိုလတ်နဲ့ မမသက်လျာတို့ လက်ထပ်ပြီးပြီလား ဟင်"

သူ ခေါင်းခါလိုက်သည်။

"ဘယ်တော့မှ လက်ထပ်ဖို့ အစီအစဉ်မရှိဘူး။ သူက ကိုယ့်အတွက် မိတ်ဆွေကောင်းတစ်ယောက်ပါ"

ထိုစဉ် မမသက်လျာက မိနိုင်တို့အနားသို့ လျှောက်လာကာ . . .

"မိနိုင်ကို မမ တောင်းပန်ချင်ပါတယ်။ မမကို ခွင့်လွှတ်ပါ"

"မဟုတ်တာ မမရယ်။ မိနိုင်က တောင်းပန်ရမှာပါ။ ကိုလတ် တကယ်ဟုတ်နေရင်တောင် မိနိုင်"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ကွယ်။ မမက နေလကျာ မဟုတ်တဲ့လူတစ်ယောက်ကို ဘယ်လောက်ပဲ ချွတ်ခွပ်တူနေပါစေ လက်မထပ်ချင်ပါဘူး။ မိနိုင်က အချစ်စစ်မှန်လို့ ပြန်ရတာပါ။ နေ . . . အဲ . . . ကိုဇော်လတ်အောင် သက်လျာကို ခွင့်ပြုပါဦး"

"ကျွန်တော့်ကို လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သက်လျာ"

"ရပါတယ်"

သက်လျာက ကားလေးပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ ကားဘက်မှန်ကနေ မြင်တွေ့နေရသော ပင်လယ်ကြီးနှင့်ပျော်ရွှင်ကြည်နူးနေသည့် သူတို့နှစ်ယောက်ကို ကြည့်ရင်း သက်လျာ မျက်ရည်တွေကြားမှ ပြုံးလိုက်မိသည်။

ဘေးမှာပါလာသည့် ခရုပုတီးကလေးနှင့် ကမာခွံကလေးကို သက်လျာ ငုံ့ကြည့်လိုက်သည်။

ဘယ်တော့မှ မမေ့ဘူးတဲ့။

•——[illegible]——•

BURMESE CLASSIC .com



ပြန်ဆုံနေကြသည့် ချစ်သူနှစ်ဦးအတွက် ဒီအမှတ်တရလေးက မလိုအပ်တော့ပေမယ့်၊ ဒီပုံပြင်လေးကို မမေ့နိုင်သူ သက်လျာအတွက်တော့ သတိရတိုင်း ထုတ်ကြည့်ဖို့ လိုအပ်ပါတယ်လေ။ ဒါကြောင့် ပြန်မပေးခဲ့တာ။ ခွင့်လွှတ်ပါ မိနိုင်ရေ၊ တရွေ့ရွေ့ဝေးကွာသွားသော ကားကလေးကို ငေးရင်း စိတ်ထဲတစ်မျိုးကြီး ခံစားနေရသူက မိနိုင်။

"မိနိုင်"

ကိုလတ်ခေါ်သံကြောင့် မိနိုင် မော့ကြည့်လိုက်သည်။

"ကိုယ် ဘာလို့ပြန်လာခဲ့လဲ သိလား"

"ကိုလတ် အမေရှိသေးတယ်ထင်လို့ ပြန်ခဲ့တာ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့ မပြည့်စုံသေးဘူး။ ပင်လယ်မှာ ကိုယ့်နှလုံးသား ကျန်ရစ်ခဲ့လို့ ပြန်လာတာ"

မိနိုင် ရှက်ရွံ့စွာပြုံးမိသည်။

•——[illegible]——•

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဒီက ထွက်သွားကတည်းက ထားရစ်ခဲ့တာလေ။ ဒါကြောင့် အတိတ်မေ့သွားတော့ ဦးနှောက်က မမှတ်မိပေမယ့် နှလုံးသားက မှတ်မိနေခဲ့တာ"

"အပိုတွေမပြောပါနဲ့ ကိုလတ်ရယ်။ မိနိုင် ပြောပြလို့ သိရတာများ"

"တကယ်ပြောတာ။ မိနိုင် မယုံရင် ပင်လယ်ကြီးကို သက်သေထားပြီး ကျိန်ရဲတယ်။ ကိုယ်ထားခဲ့တဲ့ သစ္စာမှန်ရင် နောက် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မရွံပါရစေနဲ့လို့"

"မိနိုင်လည်း ပင်လယ်ကြီးကို ကြည့်ပြီး သစ္စာဆိုမယ်။ မိနိုင် ကိုလတ် တကယ်ချစ်တာမှန်ရင် နောက်ထပ် မိနိုင်ကို မေ့မသွားပါစေနဲ့လို့"

"မိနိုင်ရယ်"

ပင်လယ်လှိုင်းတွေက ကမ်းစပ်ကို တဝုန်းဝုန်းလာရောက် ရိုက်ပုတ်သွားသည်။

ချစ်သူနှစ်ဦးရဲ့ သစ္စာတရားကို အသိအမှတ်ပြုခြင်းလား။ သူတို့ရဲ့ အချစ်ကို ကောင်းချီးပေးခြင်းလားဆိုတာ





ပင်လယ်ကြီးသာ သိပေလိမ့်မည်။

လောကကြီးသည် အချစ်တို့ဖြင့် လှပသာယာရန် အသင့်ရှိခဲ့ပြီ။ မွန်မြတ်သန့်စင်သော အချစ်ကို လေးနက်နိုင်မာသော သစ္စာတရားတို့နှင့် ထုံမွမ်းရန်သာလိုတော့၏။

ကြည်နုခေတ်

BURMESE CLASSIC .com



www.burmeseclassic.com